မိုးကြိုး
The Lightning သတင်းစဉ်

*( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်* မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် * ခရစ်နှစ် ၂၀၀၁ ခုနှစ် အမှတ် (၂၂)



ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

# ရှစ်လေးလုံးအထိမ်းအမှတ် မင်းကိုနိုင်ပြန်လွှတ်ပေးရေး နိုင်ငံပေါင်း (၇၀) မှ ကျောင်းသားများ တောင်းဆို

၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင်ကျရောက်သည့် (၁၃) နှစ်မြောက် ရှစ်လေးလုံးအရေးတော်ပုံ အထိမ်းအမှတ်အဖြစ် ကျောင်းသား ခေါင်းဆောင် မင်းကိုနိုင်အား ချက်ချင်း လွှတ်ပေးပါရန် နိုင်ငံပေါင်း ၇၀ ကျော် ရှိ ကျောင်းသားပေါင်း ၁၅၀၀ ကျော်



ကျောင်းသားခေါင်းဆောင်
မင်းကိုနိုင်

တို့က နအဖစစ်အစိုးရအား အဆိုပါ နေ့တွင် တညီတညွတ်တည်း တောင်း ဆိုလိုက်ကြောင်းသိရှိရသည်။

နော်ဝေးနိုင်ငံ (Trond- heim) တက္ကသိုလ် နိုင်ငံတကာ ကျောင်းသားပွဲတော်ကျင်းပရေး ကော်မတီမှနေ၍ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း ၇၀ ကျော်မှ ကျောင်းသား တို့၏ လက်မှတ်များစုဆောင်း၍ မင်းကိုနိုင်ပြန်လွှတ်ပေးရေးနှင့် မြန်မာ နိုင်ငံရှိတက္ကသိုလ် ကောလိပ်အသီးသီး တို့ကို ပြန်ဖွင့်ပေးရေးတို့အတွက် ကြိုး ပမ်းမှုတရပ်အဖြစ် အဆိုပါတောင်းဆို ချက်ကို ၈-၈-၂၀၀၁ ရက်နေ့တွင် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ထိုကြိုးပမ်းမှုနှင့်ပတ်သက် ၍"ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာနိုင်ငံ အတွက် အခုလိုထောက်ခံမှုတွေ စုဆောင်းနိုင်ခဲ့တာဟာ ဝမ်းသာ စရာတခုပဲ" ဟု နော်ဝေးဝန်ကြီးချုပ် ဟောင်း (KJell Magne Bondevik) က ပြောကြားသွားခဲ့ပြီး "နိုင်ငံတကာ ထောက်ခံအားပေးမှုဟာ မြန်မာ့ ဒီမို ကရေစီလှုပ်ရှားမှုအတွက် အကောင်း ဆုံးလက်နက်ပဲ"ဟူ၍လည်း ဆက် လက်ပြောကြားသွားခဲ့ကြောင်း သိရသည်။

(Trondheim) တက္ကသိုလ် နိုင်ငံတကာ ကျောင်းသားပွဲတော် ကျင်းပရေးကော်မတီသည် မင်းကိုနိုင် အား လွတ်မြောက်ရေးရှေ့စင်ဆု ချီးမြှင့်ခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း (Mr. Bondevik) မှာ လွတ်မြောက်ရေး ရှေ့စင်ဆု ရွေးချယ်ရေး အဖွဲ့ဝင်တဦး ဖြစ်ကြောင်းလည်းသိရှိရသည်။

မိုးကြိုး
*Source: DVB*

# အမေရိကန် ဒု-လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရ

အမေရိကန်ပြည်ထောင်စု အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာဒုတိယလက်ထောက်နိုင်ငံခြား ရေးဝန်ကြီးသည် ယခုလစောစောပိုင်း ရက်များအတွင်း မြန်မာနိုင်ငံသို့သွား ရောက်ခဲ့ပြီး စစ်အစိုး ရခေါင်းဆောင်ပိုင်း နှင့်ရော လူထုခေါင်း ဆောင် ဒေါ်အောင် ဆန်းစုကြည်နှင့်ပါ တွေ့ဆုံခဲ့ကြောင်း BBC သတင်းများ အရ သိရှိရသည်။ အဆိုပါသတင်းက ဆက်လက်ဖော်ပြရာ တွင် ဒုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗို့က်စ်သည် (၂-၈-၂၀၀၁) ကြာသပတေးနေ့ နံနက်ပိုင်းတွင် နအဖ



လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့် နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် တို့အား တွေ့ဆုံခဲ့ပြီးနောက် ထိုနေ့ နေ့လည်ပိုင်းတွင် နေအိမ်၌ အကျယ် ချုပ်ကျခံထားရသည့် မြန်မာ့ဒီမိုကရေ စီရေး လှုပ်ရှားမှုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံသို့ သွား ရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ တာဝန်ရှိသူတဦးက ထုတ်ဖော်ပြော ကြားခဲ့ခြင်းဖြစ်သည်။

မစ္စတာဗို့က်စ်သည် လွန်ခဲ့ သည့် ဖေဖော်ဝါရီလကလည်း မြန်မာ နိုင်ငံသို့သွားရောက်ခဲ့ပြီး ဒေါ်အောင် ဆန်းစုကြည်နှင့် ယခုလို တွေ့ဆုံခွင့် ရခဲ့သေးကြောင်း၊ သတင်းများ၌ ဆက် လက်ဖော်ပြထားပြီး ယခုရက်များ အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဆုံး တွေ့ခဲ့ရ သည့် နိုင်ငံခြား အဆင့်မြင့်အရာရှိ တဦးလည်းဖြစ်သည်။

မစ္စတာ ဗို့က်စ်၏ ခရီးစဉ်နှင့် ပတ်သက်၍RFAမှ အမေရိကန်နိုင်ငံခြား ရေး ဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်း ခဲ့ရာတွင် တာဝန်ခံ အရာရှိကြီးတဦးက "ဒီခရီးစဉ်မှာ ဗို့က်စ် ဟာတွေ့ဆုံဆွေးနွေးပွဲ ကို အဓိကအာရုံထား တာဖြစ်တဲ့ အကြောင်း ဒေါ်အောင်ဆန်းစုကြည် နဲ့လည်း တွေ့ဆုံခဲ့တဲ့ အကြောင်း၊ အသေး စိတ်ကိုတော့ဆွေးနွေး ပွဲအနှောက်အယှက်မဖြစ်စေလိုတဲ့ အတွက်မပြောချင်သေးကြောင်း" ရှင်းလင်းပြောပြခဲ့သည်ဟု RFA သတင်းတွင် ဖော်ပြခဲ့သည်။

မိုးကြိုး
*Source: BBC/ RFA*

# ပါကစ္စတန် အာဏာသိမ်းဗိုလ်ချုပ်ကြီးက ၂၀၀၂ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကတိပေးပြောဆို

လွန်ခဲ့သောသုံးနှစ်ခန့်က ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရအား သွေးထွက် သံယိုမှုမရှိဘဲ စစ်တပ်က အာဏာ သိမ်းယူခဲ့စဉ် ဦးဆောင်ခဲ့သည့် ပါကစ္စတန် ဗိုလ်ချုပ်ကြီးမူရှာရပ်ဖ်က လာမည့်နှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပ၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းပေးမည်ဟု ကတိပေး ပြောကြားခဲ့ကြောင်း၊ အစ္စလမ္မာဘတ် မြို့မှလာသော ရိုက်တာသတင်းများ အရ သိရှိရသည်။

ဩဂုတ်လ ၁၄ ရက်နေ့ တွင် ကျရောက်သည့် ပါကစ္စတန်နိုင်ငံ ၏ ၅၄ နှစ်မြောက်လွတ်လပ်ရေးနေ့ မိန့်ခွန်းအဖြစ် မူရှာရပ်ဖ်က ပြော ကြားရာတွင် လာမည့် ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၁ ရက် နေ့အထိ အထက်နှင့်အောက် လွှတ်တော် နှစ်ရပ်လုံးအတွက် ရွေးကောက်ပွဲ ကျင်းပသွားမည် ဖြစ်ကြောင်း၊ သို့ရာတွင် အရပ်သားအစိုးရလက်သို့ အမှန်တကယ် အာဏာလွှဲပြောင်းပေး ရန်မှာ၊ နောက်တနှစ် အောက်တိုဘာ လမှ နိုဝင်ဘာလ အတွင်းသို့ ရောက်ရှိ သွားမည်ဖြစ်ပြီး ထိုအတောအတွင်း မိမိမှာ သမ္မတရာထူးတွင် ဆက်လက် ရှိနေမည် ဖြစ်ကြောင်း ပြောကြား သွားခဲ့သည်။

မူရှာရပ်ဖ်သည် ၁၉၉၉ ခု အောက်တိုဘာလ ၁၂ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၏ အရပ်သားအစိုးရ အား အာဏာသိမ်းခဲ့စဉ် အာဏာသိမ်း အဖွဲ့၏ အကြီးအကဲအဖြစ်သာ အမည် နာမသုံးစွဲခဲ့ရာမှ ပြီးခဲ့သည့် ဇွန်လမှစ၍ သမ္မတအဖြစ်ခံယူခဲ့ပြီး နိုင်ငံတကာမှ ပါလီမန်ကို အချိန်မဆွဲဘဲ ပြန်လည် ထူထောင်ပေးရေး ဖိအားပေးမှုမှန်သမျှ ကို လျစ်လျူရှုခဲ့သည်။ ယခု အာဏာ သိမ်းမှု သုံးနှစ်တာကာလ နှစ်ပတ်လည်



ပါကစ္စတန်အာဏာသိမ်းခေါင်းဆောင်
ဗိုလ်ချုပ်ကြီးမူရှာရပ်ဖ်

တော့မည့် ၂၀၀၂ ခုနှစ်တွင် ယခုကဲ့သို့ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်း ပေးတော့မည်ဟု ကတိပေးပြော ကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာ သတင်း၌ ဆက်လက်ဖော်ပြထားသည်။

မိုးကြိုး
*Source: Reuter*

# မြန်မာ့ခရီးသွားလုပ်ငန်းများ ၂၀%ကျဆင်း
## ပြည်ပသတင်းဌာနများ၏ပယောဂကြောင့်ဟု နအဖက အပြစ်ပုံချ

နအဖစစ်အစိုးရ၏ ကမ္ဘာ လှည့်ခရီးသွားလုပ်ငန်းသည် မျှော်လင့် ထားသည့် အခြေအနေမှ အချိန်တို အတွင်း ၂၀%အထိ ကျဆင်းသွားခဲ့ရ ခြင်းမှာ အာရှဒေသစီးပွားရေး အကျပ် အတည်းနှင့် လူအများသိစေနိုင် အောင် ဆိုးဆိုးဝါးဝါး ဝါဒဖြန့်ထား သော သတင်းများကြောင့်ဖြစ်ကြောင်း နအဖ အတွင်းရေးမှူး(၁) ဗိုလ်ချုပ် ခင်ညွန့်က (၁၄-၈-၂၀၀၁) နေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ယခင်က ကြေးမုံသတင်း စာတွင် ဗိုလ်ခင်ညွန့်က "မြန်မာနိုင်ငံ တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အလွန်လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက် ခဲ့သည်"ဟုပြောကြားခဲ့ဖူးသော်လည်း၊ "၁၉၉၇ ခုနှစ်မှာအရှေ့တောင်အာရှ ငွေကြေးအကျပ်အတည်းနဲ့ အနောက် နိုင်ငံသတင်းဌာနတွေက မှားယွင်းစွာ ဖော်ပြခဲ့တဲ့ သတင်းတွေကြောင့်လည်း ကောင်း၊ ဥပဒေကိုချိုးဖောက်ပြီး ပြည်ပကို ထွက်ပြေးတိမ်းရှောင်နေ သူတွေရဲ့ ဆိုးဆိုးဝါးဝါး ဝါဒဖြန့်ချိ ထားမှုတွေကြောင့်လည်းကောင်း၊ ဖွံ့ဖြိုး တိုးတက်နေတဲ့ မြန်မာနိုင်ငံရဲ့ ကမ္ဘာ လှည့်ခရီးသွားလုပ်ငန်းဟာ မျှော်လင့်



ဗိုလ်ခင်ညွန့်

ထားတဲ့ အနေအထားကနေ အချိန်တို အတွင်းမှာ ကျဆင်းသွားခဲ့ရတယ်"

*စာမျက်နှာ(၉) ကော်လံ(၆)သို့⇔*


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### မပြီးဆုံးသေးသည့် ၁၃၅၀ ပြည့် အရေးတော်ပုံအတွက် ဆက်လက် တိုက်ပွဲဝင်ကြ

ယနေ့ဆိုလျှင် ၁၃၅၀ ပြည့်အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့သည်မှာ ၁၃ နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ လူထုအုံကြွမှုကြီးအား စစ်အင်အားသုံးကာ အာဏာသိမ်း တက်လာသည့် စစ်အုပ်စုသည် ၎င်းတို့ တာဝန်ယူရမည့်အချိန် အင်မတန်တိုတောင်းပါ၏ ဟုပြောဆိုခဲ့သည်။ ယနေ့ သူတို့၏သက်တမ်းသည်ပင် မဆလ (၂၆)နှစ်သက်တမ်း၏ ထက်ဝက်ကျိုးသွားခဲ့လေပြီ။

မျက်မှောက်အခြေအနေကို သုံးသပ်ကြည့်သောအခါ လွန်ခဲ့သောနှစ် (၆၀) ကျော်ကဖြစ်ပွားခဲ့သည့် ၁၃၀၀ ပြည့်အရေးတော်ပုံ အရေးနိမ့်ခဲ့သည့်အခြေအနေနှင့် ခပ်ဆင်ဆင်တူနေလေသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအပြီး၊ နောက်ပိုင်း နိုင်ငံရေးကို သုံးသပ်ကြည့်သောအခါ ကျစ်လစ်သည့်လူတန်းစားပါတီ၊ စည်းစနစ်ကျသည့် လက်နက်ကိုင်တပ်၊ ညီညွတ်သည့်တပ်ပေါင်းစုရှိရန် လိုအပ်သည်ဟု အဖြေထွက်ခဲ့သည်။

ထို့ကြောင့် အလုပ်သမားလူတန်းစားပါတီ ပေါ်ပေါက်ခဲ့သည်။ နိုင်ငံတကာ အဆက်အသွယ်များကို ရှာကြသည်။ အိန္ဒိယရောက်သူရောက်၊ ဂျပန်ရောက်သူရောက်နှင့် အမျိုးမျိုးအဖုံဖုံ၊ အရောင်အသွေးကလည်း အမျိုးမျိုးအဖုံဖုံ၊ ပြည်တွင်း၌ ကျန်နေသူများသည်လည်း သူ့အစုနှင့်သူ၊ သူ့အဖွဲ့နှင့်သူ ဖြစ်ကုန်ကြပြီ၊ ဒို့ဗမာအစည်းအရုံးကြီးသည်လည်း နှစ်ခြမ်းကွဲဘဝဖြစ်ကာ ခရီးဆက်နေရပြီး ခပ်မှိန်မှိန်ဖြစ်ခဲ့ရသည်။ သို့ရာတွင် ကမ္ဘာ့အခြေအနေသည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားအောင် ဖန်တီးလာခဲ့သည်။ ဒုတိယကမ္ဘာစစ်သည် နယ်ချဲ့သမားချင်းဖြစ်သည့်စစ်ပွဲမှ ဖက်ဆစ်ဆန့်ကျင်ရေးအဖြစ် ပြောင်းလဲနိုင်သည့် အခြေအနေဖြစ်သွားခဲ့ရသည်။ ဤတွင် ကိုလိုနီနိုင်ငံများ၏ အမျိုးသားလွတ်လပ်ရေးနှင့် လွတ်မြောက်ရေးတိုက်ပွဲများ အခွင့်အလမ်း ပွင့်လာခဲ့သည်။

ထိုအခြေအနေဖြစ်လာသည့်အခါ ဖက်ဆစ်ဆန့်ကျင်ရေးသည် မြန်မာပြည် အင်အားစုများ ပြန်လည်စုစည်းစေရန်၊ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရန် အကောင်းဆုံးအခြေအနေ၊ အချက်အလက်ဖြစ်သွားပေသည်။ ပြန့်ကျဲနေသည့် အင်အားစုများကို အမှန်တကယ်ပင် စုစည်းနိုင်လိုက်သည်။ ကမ္ဘာ့ ဖက်ဆစ်ဆန့်ကျင်ရေးလမ်းကြောင်းပေါ်၌လည်း ကောင်းကောင်းလျှောက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိခဲ့ခြင်းပင် ....။

၁၃၅၀ ပြည့် လူထုအုံကြွမှုကြီးအပြီးတွင် အင်အားစုများသည် နိုင်ငံတကာသို့ ပြန့်ထွက်သွားခဲ့သည်။ အင်အားစုများသည် သဘောတရားရေးအရ တပ်ပေါင်းစုမှုများ ရှိသော်လည်း လက်တွေ့လုပ်ဟန်များ ကွဲလွဲနေခဲ့သည်။

ထိုအင်အားစုများ ပြန်လည်စုစည်းရန်အတွက် ဒုတိယကမ္ဘာစစ်အတွင်း အခြေအနေမျိုးလည်း မရှိတော့ပေ။ စစ်အေးခေတ်ကုန်လွန်သွားပြီးနောက်ပိုင်း ကမ္ဘာ့အခင်းအကျင်းများသည်လည်း ပြောင်းလဲသွားခဲ့ပြီ။ ၁၃၀၀ ပြည့်အရေးတော်ပုံကြီး အပြီး လူများ ကြဲကွဲသွားကြသော်လည်း လွတ်လပ်ရေးဟူသည့် လိုလားတောင့်တမှု ကတူညီနေသည်။ ထို့ကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးဆိုသည့် အခွင့်အလမ်းပေါ်လာသောအခါ စုစည်းမိကြသည်။ ယနေ့အင်အားစုများသည် ထိုအခြေအနေမျိုး မရှိတော့ပေ။ အခြေအနေအရပ်ရပ်၏ ဖမ်းစားလှည့်စား အကျပ်ကိုင်သည်ကို အတော်များများ ခံလိုက်ရသည်။

ထို့ကြောင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးကို အဓိကထားပြီး စုစည်းကြရမည်ဖြစ်သည်။ မြန်မာပြည် စစ်အာဏာရှင်စနစ်ကို ဒုတိယကမ္ဘာစစ်အတွင်းမှ ဖက်ဆစ်ဆန့်ကျင်ရေးကဲ့သို့ နိုင်ငံတကာမှ ဝိုင်းတိုက်နေကြသည်မဟုတ်ပေ။ အမျိုးသား အကျိုးစီးပွား၊ ဒေသတည်ငြိမ်ရေးစသည့် အခြေအနေများအောက်တွင် ရှုန်းကန်နေရခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာသို့ ပြန့်ကျဲသွားသည့် အင်အားစုများသည် မြန်မာပြည်စစ်အာရှင်စနစ်အား တိုက်ခိုက်ချင်သော်လည်း သူတို့ ရောက်နေသည့်နိုင်ငံသည် တကယ့်မြန်မာပြည်၏ အာဏာရှင်စနစ်အား မတိုက်ခိုက်သဖြင့် အခက်အခဲဖြစ်နေတော့သည်။ တဖန် ကိုယ့်အကျပ်အတည်းကို သူ့အတွက် အသုံးချပြီး၊ ကိုယ့်ကိုမှ သူ့လက်ခုပ်ထဲကရေကဲ့သို့ဖြစ်အောင် ပြုလုပ်တတ်သည်။ ထိုအခြေအနေမျိုးတွင် ပြည်တွင်း၌ရှိနေသည့် အင်အားစုများအနေဖြင့်လည်း နိုင်ငံရေးအရ မည်သို့မျှမလှုပ်ရှားနိုင်အောင် အကျပ်ကိုင်ခံနေရသည်။ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခံနေရသည်။ လူထုကြီးသည်လည်း မသေရုံတမည်ဖြစ်နေကြသည်။ စစ်အုပ်စုအတွင်း တွင်လည်း ကွဲပြဲမှုကအဆုံးမသတ်နိုင်တော့။ ထောက်လှမ်းရေးကလည်း နေရာတကာ၌ ပါဝင်စွက်ဖက်ဗိုလ်ကျ၍ အဆုံးအဖြတ်ပေးနေတော့သည်။ ထို့ကြောင့် တိုင်းပြည်တွင် မဖြေရှင်းနိုင်သည့်ပြဿနာများ ထပ်တိုးစေခဲ့သည်။ ထိုသို့သော အခြေအနေများမှ လွတ်မြောက်ရန်အတွက် ပြည်တွင်းပြည်ပအင်အားစုများသည် စစ်အာဏာရှင်စနစ်အား ဦးတည်တိုက်ရေးကို ပထမနေရာတွင်ထားပြီး ကျန်ပြဿနာများကို နောက်တန်းပို့ရမည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အကောင်အထည်ဖော်ရေး၊ အဓိပ္ပါယ်ရှိသည့် တွေ့ဆုံဆွေးနွေးပွဲဖြစ်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် အမှန်တကယ်ကျင့်သုံးရေး၊ အထူးသဖြင့် လူမျိုးစုပြဿနာများနှင့်ပတ်သက်၍ မဟာလူမျိုးကြီးဝါဒရော၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအမြင်ပါ စွန့်ပစ်နိုင်ရေး စသည့်အခြေခံအချက်များအပေါ် ရပ်တည်ပြီး မပြီးဆုံးသေးသည့် ၁၃၅၀ ပြည့်အရေးတော်ပုံကြီးကို စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန် လိုအပ်ပေသည်။ ။

# ကမ္ဘာ့လွှမ်းခြုံဖြန့်ကြက်မှု

ယခု ထုတ်ဝေဖြန့်ချိလိုက်သည့် မိုးကြိုးသတင်းစဉ်အမှတ် (၂၂) မှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ၁၅၊ ၃၊ ၂၀၀၁ နေ့တွင် ကျင်းပခဲ့သည့် "လူငယ်ပညာပေးဟောပြောပွဲ"အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် "ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု" (Globalization) ဟောပြောချက်ကို ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။



ဦးလွင်
အတွင်းရေးမှူး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**၁၉၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် မွေးဖွားသည်။ မဆလ လက်ထက် ဒု–ဝန်ကြီးချုပ်နှင့် မဆလ ပါတီဝင်ဖြစ်ခဲ့သည်။ ၁၉၂၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်တော်ဝင် စစ်သင်တန်းကျောင်းနှင့် ဗြိတိသျှတော်ဝင် စစ်သင်တန်းကျောင်းတို့၌ ဆည်းပူးခဲ့သည်။ အမေရိကန်နိုင်ငံဆိုင်ရာ စစ်သံမှူး အဖြစ်လည်း အမှုထမ်းခဲ့ဖူးသည်။**

**၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ရန်ကုန်တိုင်း၊ သုံးခွမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်သူလူထု၏ တခဲနက်ထောက်ခံမှုဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။**

**ယခုအခါ ဦးလွင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အတွင်းရေးမှူးတာဝန်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၏ အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။**

အဖွဲ့ချုပ်အဖွဲ့ဝင်များအတွက်၊ လူငယ်တွေအတွက် ဟောပြောဖို့ တာဝန်ယူလိုက်တာပါ။ ဒါပေမယ့် လူငယ်တွေအပြင် လူကြီးတွေပါတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီနေ့ကျနော် ဟောပြောမှာကတော့ globalization ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတဲ့အပိုင်းကို ကျနော်တို့ ပါတီဝင်တွေ သိထားဖို့ရန် ဖြစ်ပါတယ်။ သို့သော် ဒီ globalization ကို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး စသည်ဖြင့် ရှုထောင့်အမျိုးမျိုးကမြင်ကြတဲ့ကိစ္စပါ။ ကျနော့်အနေနဲ့ တင်ပြချင်တာကတော့ globalization လို့ဆိုတဲ့ ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှုက လက်တွေ့ ဘာတွေပြနေသလဲဆိုတာကတော့ ရှေ့ကို ကျနော်တို့ ဘယ်လိုအမြင်တွေ၊ ဘယ်လိုအတွေးအခေါ်တွေနဲ့ globalization ကို ဘယ်လိုရင်ဆိုင်ကြမလဲ။ ရင်ဆိုင်တဲ့အခါ democratization ဖြစ်မယ်၊ နည်းပညာ (Technology) ဘဏ္ဍာရေး finance သတင်းအချက်အလက် Information စတာတွေ democratization ဖြစ်ရမယ်။ ဒါထက်ပိုပြီး ကျနော်တို့ မြင်ဖို့ကောင်းတာက လူမှုရေးရှုထောင့်ကလည်း ကြည့်သင့်တဲ့ကိစ္စပါ။ လေ့လာသူ၊ စိတ်ဝင်စားသူတွေ ပြောနေကြတာရှိတယ်။ ဒါဝတ္ထုဟောင်းကြီးတပုဒ်ပါတဲ့၊ ခေတ်နဲ့အညီ သင့်တော်သလိုပြင်ဆင်ပြီးတော့ ရေးကြ၊ ပြောကြ၊ ဆွေးနွေးကြတဲ့သဘောပါတဲ့။ ကျနော် ကြားနေရတော့ globalization ကို နောက်ခံအနေနဲ့ သမိုင်းကြောင်းအရ သိသင့်သိထိုက်တာလေးတွေ ပြောပါ့မယ်။

ကျနော်တို့ သိခဲ့တဲ့အပိုင်းမှာ ခေတ်သုံးခေတ်ရှိခဲ့တယ်။ အဲဒီခေတ်သုံးခေတ်က democratiz ation လုပ်ဖို့ အခွင့်အရေးရတဲ့ခေတ်ပါ။ ပထမခေတ်ကတော့ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီမှာ အင်အားကြီးတဲ့ ကိုလိုနီနိုင်ငံကြီးတွေက နိုင်ငံငယ်လေးတွေကို နယ်ချဲ့တဲ့ခေတ် ဖြစ်တယ်။ နယ်ချဲ့ခေတ်မှာ သယံဇာတပေါကြွယ်ဝပြီး ပထဝီအနေအထားအရ အချက်အချာကျတဲ့ နိုင်ငံငယ်လေးတွေဟာ ပစ်မှတ်ဖြစ်ခဲ့ရတယ်။ အဲဒီ အနေအထားအရ ကမ္ဘာကြီးပေါ်မှာ အင်အားကြီးနိုင်ငံကြီးတွေ ကိုလိုနီအတွက် နယ်ချဲ့တဲ့အခါ အင်အားကြီး၊ နိုင်ငံကြီး နိုင်ငံအချင်းချင်းပင်လျှင် တဖက်နဲ့တဖက်၊ တနိုင်ငံနဲ့တနိုင်ငံ အင်အားချိန်ခွင်လျှာညီမျှမှု balance ဖြစ်လာတယ်။ နယ်ချဲ့ကြသူ အချင်းချင်း တယောက်နဲ့တယောက် balance ဖြစ်နေတယ်။ စပြီးတော့ ကမ္ဘာကို လွှမ်းခြုံချင်တဲ့ အချိန်ကစပြီးတော့ သူ့ဟာသူအလိုအလျောက် balance ဖြစ်ခဲ့တယ်ဆိုတဲ့အချက်ကို ကျနော် တင်ပြချင်တာ ဖြစ်ပါတယ်။

ပထမကမ္ဘာစစ်မတိုင်မီ နိုင်ငံခြားရေးမူဝါဒ foreign policy ခေတ်စားလာတယ်။ နယ်ချဲ့အတွက် အခြေခံခြေကုပ်စခန်းအနေနဲ့ စီးပွားရေး၊ ကုန်သွယ်ရေးမှာ အဓိကကျတဲ့ ကုန်ကြမ်းတွေရှိတဲ့နိုင်ငံ၊ ပထဝီအနေအထားအရ အချက်အချာကျတဲ့နိုင်ငံတွေကိုလွှမ်းမိုးကြတယ်၊ သိမ်းပိုက်ကြတယ်။ ပထဝီနိုင်ငံရေးပေါ်လာပြီး အလွန်ခေတ်စား၊ အလွန်အရေးပါလာခဲ့တယ်။

အဲဒီအချိန်မှာ ကရိယာ instrument အနေနဲ့ပြောရရင်တော့ ရေတပ်အင်အားဟာ နိုင်ငံခြားရေးမူဝါဒ (Gun boat policy) ဖြစ်လာတယ်။ ရေတပ်အင်အားကောင်းတဲ့၊ ရေတပ်အင်အားကြီးမားတဲ့ နိုင်ငံတွေက ကမ္ဘာကိုလွှမ်းခြုံဖြန့်နိုင်တဲ့ သဘောရှိတယ်။ အဲ့ဒီ Diplomacy တွေရှိတဲ့ကြားမှာပဲ ပထမ ကမ္ဘာစစ်ကြီး ဖြစ်တယ်။ ပထမကမ္ဘာစစ်ကြီးဖြစ်တာနဲ့ တပြိုင်တည်း ပထမအကြိမ် democratization လုပ်ဖို့ အခွင့်အရေးရတယ်။ ရတာနဲ့အမျှ လုပ်နိုင်တဲ့ နိုင်ငံတွေရှိတယ်။ လုပ်ကြတဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ အင်္ဂလိပ်၊ အနောက်ဥရောပနိုင်ငံတွေ၊ အနောက်အုပ်စုနိုင်ငံတွေဖြစ်တယ်။ သူတို့က အရင်းရှင်ဒီမိုကရေစီ၊ လွပ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အခွင့်ကောင်းရတာနဲ့ လုပ်ခဲ့ကြတယ်။ ဒါကြောင့် ပထမကမ္ဘာစစ်မှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး၊ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ကို ကျင့်သုံးပြီးတော့ လွပ်လပ်တဲ့ စီးပွားရေးစနစ်ကို ထူထောင်တဲ့ အချိန်အခါဖြစ်တယ်။ တချိန်ထဲမှာပဲ ဒုတိယကမ္ဘာစစ်အတွက် ပြင်ဆင်တဲ့သဘောရှိတယ်။

အဲဒီအချိန်မှာ နိုင်ငံအချင်းချင်းဆက်ဆံရေး international relation ကို ဦးစားပေးလာတယ်။ လက်တွေ့မှာတော့ (Diplomacy) အရပဲ ကြည့်ကောင်းအောင် စကားပြောကြပြီး နောက်ပိုင်းမှာတော့ လက်နက်တွေ ထုတ်လုပ်တပ်ဆင်နေကြတယ်။ အင်အားတွေ စုနေကြတယ်။

● ဆက်လက်ဖော်ပြပါမည်။



BINA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွှန်း

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး

## ခြွင်းချက်များနှင့် ပြန်လည်လွှတ်မြောက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးဖြစ်သည့် ဒူးဝါးဇော်အောင်နှင့် ဒေါ်စန်းစန်းတို့ကို အင်းစိန်အကျဉ်းထောင်မှ ယနေ့ နံနက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း နအဖ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ BBC သတင်းဌာနက ထုတ်လွှင့်သွားခဲ့သည်။

အဆိုပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးအနက် အသက် (၆၈)နှစ်ရှိ ဒူးဝါးဇော်အောင်သည် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်



ဒေါ်စန်းစန်း
ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဖြစ်ပြီး၊ အသက် (၇၁)နှစ်အရွယ်ရှိ ဒေါ်စန်းစန်းသည် ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦး ဖြစ်ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

ထိုသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို စစ်အကျဉ်းထောင်များမှ ပြန်လွှတ်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ ပြည်ပရောက် အတိုက်အခံ ဒီမိုကရေစီအင်အားစုများကသုံးသပ်ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား ယခုကဲ့သို့ ပြန်လွှတ်နေခြင်းသည် ထောင်ကျရက်ကြွေးကျန်များကို သတ်မှတ်ပြီးနောင် နိုင်ငံရေးလှုပ်ရှားမှုများ မပြုလုပ်ရန်နှင့် သတ်မှတ်ထားသောစည်းကမ်းချက်များ ဖောက်ဖျက်ပါကအချိန်မရွေး ပြန်ပြီးဖမ်းဆီးနိုင်ကြောင်း စသည့် ခြွင်းချက်များဖြင့်ပြန်လွှတ်ပေးခြင်းသာဖြစ်ပြီး အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၁၈၀၀ ကျော် ကျန်နေသေးကြောင်း၊ မြန်မာနိုင်ငံ၏ ပြဿနာများအား နိုင်ငံရေးနည်းနှင့် အဖြေရှာမည်ဆိုလျှင် ကျန်သည့် နိုင်ငံရေး အကျဉ်းသားများကို အမြန်ဆုံးပြန်လွှတ်ပေးရန် နှောင့်နှေးနေဖို့ မသင့်ကြောင်း သုံးသပ်နေကြသည်ဟု သိရှိရသည်။

မိုးကြိုး
*Source: BBC*

# လူ့အခွင့်အရေး ဂုဏ်ထူးဆောင်ဆု

## လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)ရရှိ

နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်ကျရောက်မည့် နိုင်ငံတကာ လူ့အခွင့်အရေးနေ့၌ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်အခြေစိုက် "ပြည်သူ့ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအဖွဲ့ကြီး" မှ လူ့အခွင့်အရေး ပညာပေးဌာန မြန်မာနိုင်ငံ (HREIB) အား ဂုဏ်ထူးဆောင်ဆုချီးမြှင့်ရန် ဆုံးဖြတ်ထားကြောင်းသိရှိရသည်။

အဆိုပါဂုဏ်ထူးဆောင်ဆုအား လာမည့်ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းသည် မြန်မာပြည်သူလူထု အလွှာအသီးသီးအတွက် လူ့အခွင့်အရေး ပညာပေးမှုလုပ်ငန်းများ စွမ်းစွမ်းတမံလုပ်ဆောင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ထုတ်ဖော်ပြောကြားသွားသည်။

ထိုအခမ်းအနားသို့ (HREIB) ၏ကိုယ်စား ဒါရိုက်တာ ကိုအောင်မျိုးမင်းက တက်ရောက်လက်ခံရယူမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မိုးကြိုး
*Source: VOA*

# နိုင်ငံတကာဖိအားပေးမှုများနှင့် စစ်အာဏာရှင်တို့၏ နေ့ဝင်ချိန်

**အေးအေးမွန်**

မြန်မာနိုင်ငံတွင် အာဏာရှင်အဆက်ဆက်တို့၏ ဆိုးကျိုးကြောင့် တိုင်းပြည်အတွင်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် နယ်ပယ်အသီးသီးတွင် အဆိုးရွားဆုံး ဆုတ်ယုတ်ပျက်စီးလျက်ရှိရာ၊ ယခု နအဖလက်ထက်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းရှိ လူသားအကျိုးကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့များက လက်ပိုက်ကြည့်မနေနိုင်တော့လောက်အောင်ပင် အဆိုးတကာ့အဆိုးရွားဆုံး ဖြစ်နေပေတော့သည်။

မြန်မာနိုင်ငံအတွင်း လူမှုကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ အေဂျင်စီ(၉)ခု၏ ကိုယ်စားလှယ်များက မြန်မာပြည်သူလူထု၏ အခြေအနေမှာ စိုးရိမ်ဖွယ်အကောင်းဆုံးအခြေအနေတွင် ရှိနေသဖြင့် စစ်အုပ်စုအပေါ် နိုင်ငံတကာမှ ဖိအားပေးပိတ်ဆို့အရေးယူမှုများကို ရပ်ဆိုင်းပေးစေလိုကြောင်း လူသားချင်းစာနာ ထောက်ထားသည့်အနေဖြင့် ရေးသားထားသည့် အသနားခံစာတစောင်ကို UNHCR, UNICEF နှင့် WHO အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသို့ တင်သွင်းခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ထိုအစီရင်ခံစာအပေါ် ဝါရှင်တန်အခြေစိုက် အလုပ်သမားအခွင့်အရေး လှေ့လာစောင့်ကြည့်သည့်အဖွဲ့ကြီးက သြဂုတ်လ (၇)ရက်နေ့က ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်း ပြောဆိုခဲ့သည်။ ၎င်းတို့အနေဖြင့် မြန်မာပြည်သူတို့၏ ဆင်းရဲဒုက္ခကို သိရှိနားလည်သော်လည်း စစ်အာဏာရှင်တို့အတွက် မည်သည့်နည်းနှင့်မဆို အနည်းငယ်မျှအသက်ရှုချောင်စေမည့် အကူအညီမျိုးကိုမှ မရရှိစေလိုကြောင်း ပြသခဲ့ခြင်းဖြစ်သည်။

၎င်းနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ကြီး၏ ပြောရေးဆိုခွင့်ရှိသူအား ဤသတင်းမှန်ကန်မှုရှိမရှိ AFP သတင်းဌာနမှ မေးမြန်းခဲ့ရာတွင် အေဂျင်စီ (၉)ခုမှ ၎င်းတို့၏ ဌာနချုပ်များသို့ ပုံမှန်အစီရင်ခံစာကိုသာ တင်သွင်းခဲ့ကြောင်း၊ မည်သည့်အဖွဲ့အစည်းကိုမျှ သတင်းထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း၊ ဤကဲ့သို့ တောင်းဆိုအသနားခံခွင့်လည်းမရှိကြောင်း၊ သို့သော် မြန်မာနိုင်ငံအတွင်း ပြည်သူတို့၏ ကျန်းမာရေး ဆိုးရွားနိမ့်ကျနေမှုများမှာ အမှန်ပင်ဖြစ်ကြောင်း ပြန်လည်ရှင်းပြခဲ့ကြသည်။

"ပြစ်ဒဏ်ခတ်အရေးယူမှုတွေ ဖယ်ရှားပေးဖို့၊ ဒါမှမဟုတ် မဖယ်ရှားဖို့ နိုင်ငံရေးအရ မေတ္တာရပ်ခံတာ မဟုတ်ဘူး။ မြန်မာပြည်သူတွေကို ကျနော်တို့ ဘယ်လို အကောင်းဆုံး ကူညီနိုင်မလဲဆိုတာ ကြိုးပမ်းခြင်းပဲဖြစ်တယ်။ အထူးသဖြင့် HIV/AIDSရောဂါကာကွယ်တားဆီးရေးနဲ့ မွေး ကင်းစ ကလေးငယ်သေဆုံးမှုတွေကို လျှော့ပါးစေလိုခြင်းဖြစ်တယ်"ဟု အဆိုပါပုဂ္ဂိုလ်ကပြောဆိုခဲ့သည်။

ထို ကုလသမဂ္ဂ အေဂျင်စီ(၉)ခု၏ နှစ်စဉ်ပုံမှန်တင်သွင်းနေကျ အစီရင်ခံစာများတွင် ဖော်ပြထားသည်မှာ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ HIV ပိုး ကူးစက်နေသူ (၅၀၀,၀၀၀) ကျော်ရှိပြီး၊ ကိုယ်ဝန်ဆောင်မိခင် (၁၀၀,၀၀၀) ရှိတိုင်း မီးဖွားစဉ်သေဆုံးသူ (၂၃၀)နှင့် (၅၈၀)အကြား ရှိနေသဖြင့် စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ ၎င်းသေဆုံးမှုနှုန်း၏ထက်ဝက်ခန့်မှာ အသက်အန္တရာယ်ကို ထိခိုက်နိုင်သော တရားမဝင် ကိုယ်ဝန်ဖျက်ချမှုများကြောင့်ဖြစ်ကြောင်းဖော်ပြခဲ့သည်။

အလားတူပင် နို့စို့ကလေး သေဆုံးမှုနှုန်းမှာလည်း မြင့်မားလျက်ရှိကြောင်း၊ ပေါင်မပြည့်ဘဲ မွေးဖွားလာသော ကလေးဦးရေမှာ (၂၅)% ခန့်ရှိနေပြီး၊ ကလေးငယ်တို့၏ သုံးပုံတပုံသည် အသက် (၅)နှစ်အရွယ်အတွင်း အာဟာရချို့တဲ့မှုကြောင့် ဖွံ့ဖြိုးကြီးထွားမှုနှုန်းမှာလည်း ဆက်လက်လျော့နည်းသွားလိမ့်မည်ဟု ဖော်ပြထားသည်။ မြန်မာနိုင်ငံရှိ ကလေးငယ် (၃.၆)သန်းနှင့် မိခင် (၁.၁)သန်းတို့သည် ငှက်ဖျားရောဂါကူးစက်နိုင်သည့် ဧရိယာအတွင်း နေထိုင်လျက်ရှိသောကြောင့်လည်း၊ ဤကဲ့သို့ ဆိုးရွားနေခြင်းဖြစ်သည်ဟု တင်ပြခဲ့သည်။

ထိုအစီရင်ခံစာကပင် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ လူသားအကျိုးကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေမှာ နည်းလွန်းလှကြောင်း၊ ကမ္ဘောဒီးယားအတွက် တနှစ်လျှင် လူတဦး (၃၅)ဒေါ်လာနှုန်း၊ လာအိုနိုင်ငံအတွက် (၆၈) ဒေါ်လာနှုန်း နှစ်စဉ်ထောက်ပံ့ကြေး ရရှိနေသော်လည်း မြန်မာနိုင်ငံတွင် လူတဦး (၁)ဒေါ်လာနှုန်းသာ ရရှိသဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ မြန်မာနိုင်ငံအပေါ် ဘတ်ဂျက်လျာထားချက်ကို ပြင်ဆင်ပေးပါရန် ထည့်သွင်းဖော်ပြခဲ့ကြသည်။

စင်စစ် တိုင်းပြည်တပြည်အတွင်း ပြည်သူလူထု၏ ငတ်မွတ်ဆင်းရဲခြင်း ကပ်ဆိုးကျရောက်နေမှု၊ ကျန်းမာရေးချို့တဲ့နေမှုတို့သည် နအဖအာဏာပိုင်တို့တွင် တာဝန်အရှိဆုံး ဖြစ်သော်လည်း၊ ၎င်းတို့သည် အာဏာတည်မြဲရေးနှင့် ၎င်းတို့လူနည်းစု ချမ်းသာကြွယ်ဝရေးကို သာ တစိုက်မတ်မတ်လုပ်ကိုင်နေကြ ပြီး၊ ပြည်သူလူထု၏ အဖြစ်ကို မသိကျိုးကျွန်ပြုကာ လျစ်လျူရှုနေသောကြောင့် လူသားချင်းစာနာထောက်ထားသော အေဂျင်စီများက အပြစ်မဲ့ မြန်မာပြည်သူတို့အပေါ် ကရုဏာသက်စွာ အသနားခံခဲ့ကြခြင်းမှာ 'အိုးကမပူ စလောင်းကပူ'နေခြင်းဖြစ်ကြောင်း တွေ့ရပေသည်။

ထိုအစီရင်ခံစာနှင့် ပတ်သက်၍ နအဖအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်က အနောက်နိုင်ငံတို့၏ စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုနှင့် အကူအညီမပေးမှုများသည် မိမိတို့ နိုင်ငံအပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိကြောင်း၊ စီးပွားရေးနှင့် လူမှုရေး အခြေခံအဆောက်အအုံများသည် မြန်မာနိုင်ငံအတွင်းတွင် တည်တည်ငြိမ်ငြိမ်နှင့် မှန်မှန် တိုးတက်လျက်ရှိသည်ဟု ဟန်တခွဲသားနှင့် လေလုံးထွားခဲ့သည်ကို တရုတ်နိုင်ငံ ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်တွင် တွေ့ရှိကြရသည်။

ဗိုလ်ချုပ်ခင်ညွန့်အနေဖြင့် ဤကဲ့သို့ပြောဆိုရသည့် အကြောင်းတချက်ကလည်း ရှိနေပေသေးသည်။ အဘယ့်ကြောင့်ဆိုသော် ယခုနှစ် အရှေ့တောင်အာရှ အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် ဥရောပသမဂ္ဂအဖွဲ့ကြီး၏ ပြင်ပဆက်ဆံရေး ကော်မရှင်အဖွဲ့ဝင် ခရစ္စပက်တန်က "မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍတွင် အဓိပ္ပာယ်ပြည့်ဝသော တိုးတက်မှုများရှိလာသည့်တိုင် ဥရောပသမဂ္ဂအဖွဲ့ကြီးအနေဖြင့် မြန်မာစစ်အုပ်စုအပေါ် အရေးယူဒဏ်ခတ်သွားမည်။ အီးယူ၏ သဘောထားသည် မပြောင်းလဲဘဲ တသမတ်တည်းရှိသည်"ဟု ပြောကြားသွားခဲ့သောကြောင့် ဖြစ်သည်။

ဗိုလ်ချုပ်ခင်ညွန့်က ပိတ်ဆို့မှုများသည် ၎င်းတို့အပေါ် မည်သို့မျှ သက်ရောက်မှု မရှိဟုပြောင်လိမ်နေသည့်ကြားမှပင်၊ နအဖ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်က အာဆီယံဝန်ကြီးများအစည်းအဝေးတခု၌ "ပြင်ပကဖိအားတွေ လိုအပ်တာထက် ပိုပေးနေရင် မြန်မာနိုင်ငံထဲမှာ ဆူပူအုံကြွမှုတွေ ဖြစ်လာနိုင်တယ်"ဟု ပြောဆိုခဲ့ပေသည်။ ၎င်းတို့ အချင်းချင်းပင် ရှေ့ကဖုံး နောက်ကပေါ် ဆိုသကဲ့သို့ အမျိုးမျိုး ပြောဆိုနေကြသည်မှာ စစ်အုပ်စုတို့၏ သိမ်ဖျင်းမှုများကို ဖော်ပြနေပေသည်။

အာဏာရှင်စစ်အုပ်စု အနေဖြင့် ပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေး၊ အသုံးစရိတ်လျှော့ချပြီး စစ်ရေးစရိတ်များ ပိုမိုသုံးစွဲမှုကြောင့် ဤကဲ့သို့ ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေရသည်ကို နိုင်ငံတကာအသိုင်းအဝန်းမှ အသိပင်ဖြစ်သည်။ လွန်ခဲ့သည့် သြဂုတ်လ(၆)ရက်နေ့ကပင် ရုရှားနိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တဖွဲ့ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပြီး စစ်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ရုရှားကာကွယ်ရေး ဌာနမှ ထုတ်ဖော်ပြောဆိုခဲ့ပေသည်။ ဤအချက်သည် ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ ရုရှားနိုင်ငံလုပ် MIG-29 အမျိုးအစား စစ်သုံးလေယာဉ်များကို နအဖစစ်အုပ်စုက ဝယ်ယူမည့်အစီအစဉ်နှင့် ဆက်စပ်လျက်ရှိပြီး၊ စစ်ရေးအတွက် ငွေကြေးမြောက်မြားစွာ သုံးစွဲလျက်ရှိနေသည်ကို သိသာထင်ရှားစေသည်။

မည်သို့ပင်ဖြစ်စေ လူပေါင်း (၁)သိန်းနှင့် (၂)သိန်းခွဲကြားရှိ အရှေ့တီမော တိုင်းရင်းသားများစွာကို ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခဲ့သော အင်ဒိုနီးရှားစစ်အစိုးရသည်ပင် တီမောပြည်သူတို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လနှင့် နိုင်ငံတကာဖိအားများ ပြင်းပြင်းထန်ထန် သက်ရောက်လာသောအခါ အရှေ့တီမောအား ကိုယ်ပိုင်လွတ်လပ်ရေးပေးပါမည်ဟု ကြေငြာခဲ့ရပြီ ဖြစ်သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအလယ်တွင် အရုပ်ဆိုးအကျည်းတန်စွာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ပြောင်လိမ်ခဲ့သော စစ်အာဏာရှင်တို့အနေဖြင့် ဒီမိုကရေစီအင်အားစုတို့နှင့် နိုင်ငံတကာဖိအားများ၏ဒဏ်ကို မခံနိုင်သည့်အဆုံး အာဏာလက်လွှတ်ရန်သာရှိပေတော့သည်။ ပြည်သူလူထုအပေါ် ဖိနှိပ်ညှင်းပမ်းရက်စက်သော စစ်အစိုးရအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဖိအားပေးနေမှုသည် လျော့နည်းသည်မရှိဘဲ တိုး၍လုပ်ဆောင်သွားမည်ဖြစ်ပေရာ ကမ္ဘာ့ အရက်စက်ဆုံး အဆင့်နံပါတ်(၂) စစ်အစိုးရကားမည်သို့မျှ သက်ဆိုးရှည်နိုင်တော့မည် မဟုတ်ပါချေ။

❖ ❖ ❖

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်လွှတ်တော်နှစ်ရပ်လုံးက မိန့်ခွန်းပြောကြားရန် ဖိတ်ကြား



ဩဂုတ်လ (၂)ရက်နေ့တွင် ကျင်းပခဲ့သည့် အမေရိကန် အောက်လွှတ်တော်၏ ကွန်ဂရက်လွှတ်တော် ဆုံးဖြတ်ချက်အမှတ် (၂၁၁)တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန် ကွန်ဂရက်လွှတ်တော်နှစ်ရပ်ပူးတွဲ အစည်းအဝေးသို့တက်ရောက်ပြီး မိန့်ခွန်းပြောကြားပေးရန် ဆုံးဖြတ်ချက် မူကြမ်းတရပ် အဆိုတင်သွင်းထားကြောင်း BBC သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ဆုံးဖြတ်ချက် မူကြမ်းအား နယူးယောက်ပြည်နယ်မှ ရီပါပလစ်ကန်ပါတီ အောက်လွှတ်တော်အမတ် ပီတာကင်းက အခြားအဆိုပြုသူ (၁၆)ဦးတို့နှင့်အတူ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ထိုဆုံးဖြတ်ချက်မူကြမ်းတွင် နအဖ၏ လူ့အခွင့်အရေး မှတ်တမ်းကို အပြစ်တင်ဝေဖန်ထားပြီး နအဖအနေနှင့် မြန်မာပြည်သူတို့၏ အခွင့်အရေးများကို ပြန်လည်အပ်နှင်းရန်၊ လူကုန်ကူးသည့် အလေ့အထကို တိုက်ဖျက်ရန်၊ ဘိန်းဖြူနှင့် မက်သာဖက်တမင်း စိတ်ကြွဆေးပြားများ ထုတ်လုပ်မှုကို တိုက်ဖျက်ဖြေရှင်းရန်၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးနေသည့် လုပ်ငန်းစဉ်များ ဆက်လက်ဖော်ဆောင်ရန်တို့အပြင် ၁၉၉၀ ပြည့်နှစ် ဒီမိုကရေစီနည်းလမ်းအရ စနစ်တကျပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲရလဒ်ကိုအသိအမှတ်ပြု၍ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆိုနိုင်ခွင့်နှင့် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခွင့် ပေးရန်တို့ပါဝင်သည်။ ထို ဆုံးဖြတ်ချက် မူကြမ်းကို နိုင်ငံတကာ ဆက်ဆံရေး ကော်မတီအနေနှင့် လေ့လာသုံးသပ်ရန်ပေးပို့ထားကြောင်း အမေရိကန် သမ္မတဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပိုဝဲလ်တို့အားလည်း မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေးဖို့ တိုက်တွန်းထားကြောင်း သိရသည်။

မိုးကြိုး

*Source: BBC*

# ကမ္ဘာ့ရွာနှင့်ကျန်းမာရေး

လွန်ခဲ့သည့်အနှစ်(၂၀)ကျော်ကာလက WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်သည် အဲလ်မာအာတာတွင် အစည်းအဝေးပြုလုပ်ခဲ့စဉ်၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်ဖော်ထုတ်ခဲ့သည်။

"ကျန်းမာရေးဟု ဆိုရာတွင် လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဖူလုံရေးဆိုင်ရာ သုံးဘက်သုံးတန်စလုံးနှင့် အကျုံးဝင်သည်။ လူသားများအတွက် အဖျားအနာ ရောဂါဘယကင်းဝေးရုံဖြင့်မပြီးပါ။ ကျန်းမာရေးသည် လူသားများအတွက် အလွန်အခြေခံကျသည့် လူ့အခွင့်အရေးတခုဖြစ်သည်ဟု နောက်ဆုံး၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်"

သက္ကရာဇ် ၂၀၀၀ တွင် WHO သည် လူသားတရပ်လုံး ကျန်းမာစေရမည်ဟု ကြွေးကြော်ပြီး ဆောင်ရွက်ခဲ့သည်။ သက္ကရာဇ် ၂၀၀၀ ကား ရောက်ရှိကျော်လွန်ခဲ့ပေပြီ။ ချမှတ်ထားသည့်မျှော်မှန်းချက်မှာ ပြည့်မီခြင်းမရှိရုံမက မညီမညာဖြစ်မှုများမှာ ပို၍သာတိုးလာနေသည်ကို တွေ့ရသည်။

လူသားတို့၏ ကျန်းမာရေး အခြေအနေသည် မျက်မှောက်ခေတ် အရင်းရှင်နယ်ချဲ့စနစ် အောက်တွင် ဂလိုဘယ်လိုင်ဇေးရှင်း စီမံချက်များကြောင့် အကြီးအကျယ် ခြိမ်းခြောက်ခြင်းခံနေရသည်။ သန်းထောင်နှင့်ချီသည့် ကမ္ဘာ့လူသားများ ဆင်းရဲတွင်း ပိုမို၍နက်ခဲ့ရသည်။ ဖျားနာမှုနှင့် ဝင်မွတ်ခြင်း စသည့် ဝေဒနာများကို ခံစားကြရသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်တွင် ခလေးသူငယ် ၁၂ သန်းကျော်သည် ကာကွယ်ထားနိုင်ပြီဖြစ်သည့် ရောဂါများဖြင့်သာ သေဆုံးကြရသည်။ ၎င်းအနက် တဝက်ကျော်ကျော်မှာ အာဟာရချို့တဲ့မှုကြောင့် သေဆုံးခြင်းဖြစ်သည်။

ယနေ့ခေတ် သိပ္ပံပညာနှင့် နည်းပညာတိုးတက်မှုအတိုင်းအတာမှာ အလွန်ကြီးမားပါသည်။ ကမ္ဘာ့လူအဖွဲ့အစည်းအား "ကမ္ဘာ့ရွာ" ဟု တင်စားခေါ်ဆိုနိုင်သည့် အခြေအနေထိပင်ဖြစ်သည်။ သို့ရာတွင် ဝမ်းနည်းစရာကောင်းသည်မှာ ဤ ကမ္ဘာ့ရွာကြီးတွင် အောက်ပါအခြေအနေရှိနေသည်ကို တွေ့ရသည်။

ဤကမ္ဘာ့ရွာတွင် လွန်ခဲ့သည့် အနှစ်(၅၀)ကျော်နှင့် နှိုင်းယှဉ်ပါက ယနေ့ထုတ်လုပ်မှုသည် ဆယ်ဆကျော်တိုးလာသည်ကို တွေ့ရသည်။ သို့ရာတွင် ရွာသား ၅၀% ကျော်မှာ ဝဝလင်လင် မစားကြရဘဲ ငတ်ပြတ်နေရရှာသည်။ ရွာသား ၂၅%မှာ သန့်ရှင်းသည့် သောက်ရေ၊ သုံးရေများ မရဘဲဖြစ်နေသည်။ ရွာသား ၂၀%မှာ စာရေး၊ စာဖတ်ခြင်း လုံးဝမတတ်မြောက်ဘဲဖြစ်နေသည်။ တရွာလုံး၏ ၈၀%ကျော်မှာ ကောင်းမွန်သည့် နေအိမ်များမရှိကြချေ။ ရွာသား တဝက်ကျော်သည် တနေ့လျှင် ဝင်ငွေ တဒေါ်လာထက်ပင် နည်းနေသည်။ သို့ရာတွင် ရွာတွင်းရှိ အနည်းဆုံး လူဦးရေ ၆%မှာ၊ တရွာလုံး၏ ဓနဥစ္စာပိုင်ဆိုင်မှု ၅၉%ကို ပိုင်ဆိုင်ကြသည်။ အနည်းဆုံး ၆%မှာ အမေရိကန်ပြည်ထောင်စုဟု ခေါ်ဆိုသည့်ရပ်ကွက်ထဲတွင်သာ စုပုံရောက်ရှိနေသည်။

ကမ္ဘာ့ရွာအတွင်း အရင်းရှင်ကြီးနှင့် မြေရှင်ကြီးများ၏ ဖိနှိပ်သွေးစုပ်မှုကြောင့် နှစ်စဉ် အလုပ်သမား၊ လယ်သမား ၁.၁သန်းကျော် လုပ်ငန်းခွင်တွင် သေဆုံးကြရသည်။ သန်း ၁၂၅ မှ သန်း ၂၅၀ အထိ လုပ်ငန်းခွင်တွင် ထိခိုက်အနာတရဖြစ်ရသည်။ ဤထိခိုက်အနာတရဖြစ်သည့်နှုန်းမှာ ကြောက်ခမန်းလိလိ တိုးပွားလာနေသည်ကို တွေ့ရသည်။

ထို့အပြင်ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ကမ္ဘာ့ရွာ၏ ပတ်ဝန်းကျင်သည် အလျင်အမြန်ပျက်စီးနေသည်ကို တွေ့ရပြန်သည်။ တိုက်ရိုက်ထိခိုက်ပျက်စီးမှုရှိသကဲ့သို့ သွယ်ဝိုက်၍လည်း ထိခိုက်ပျက်စီးလျက်ရှိသည်။ တိုက်ရိုက်ထိခိုက်ပျက်စီးမှုများမှာ အဆိပ်အတောက်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများကြောင့်ဖြစ်သည်။ ဤပစ္စည်းများအား မြေအောက်တွင်လည်းကောင်း၊ ရေထဲတွင်လည်းကောင်း၊ လေထုထဲတွင်လည်းကောင်း စွန့်ပစ်သဖြင့် ပတ်ဝန်းကျင်ကို အကြီးအကျယ်ထိခိုက်ပျက်စီးစေသည်။ ဤနည်းဖြင့် သွယ်ဝိုက်သည့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်စေသည်။ ကမ္ဘာမြေကြီး၏ အပူရှိန်သည် တိုးများလာသည်။ စားနပ်ရိက္ခာထုတ်လုပ်မှု ကျဆင်းပြီး ရှားပါးလာသည်။ ပတ်ဝန်းကျင်ပျက်စီးမှုအတွက် အခံရဆုံးသားကောင်များမှာ တတိယကမ္ဘာနေပြည်သူများ ဖြစ်ကြသည်။

မိုးကြိုး

# အမှန်တကယ်ထူးချွန်သူ ၁၉ နှစ်သား ဂျွန်ကာတာ သိပ္ပံပါရဂူဘွဲ့ ဆွတ်ခူး

ဂျွန်ကာတာသည် ၁၀ နှစ်သားအရွယ်၌ပင် ကောလိပ်ကျောင်းတွင် စတင် တက်ရောက်ပညာသင်ကြားနိုင်ခဲ့သည်။

ကောလိပ်တက်ပြီး (၉)နှစ်အကြာ (၁၉)နှစ်သားအရွယ်တွင် အမေရိကန်ပြည်ထောင်စု၊ အာကင်ဆော တက္ကသိုလ်တွင် ရူပဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ထူးချွန်စွာဆွတ်ခူးရရှိခဲ့သည်။

ဂျွန်ကာတာသည် ရိုးရိုးကုပ်ကုပ်သာနေတတ်ပြီး ယဉ်ကျေးသိမ်မွေ့သူတဦးဖြစ်သည်။ စိတ်ထားနှိမ့်ချပြီး လေသံတိုးတိုးဖြင့် ပြောဆိုတတ်သူဖြစ်သည်။ မိခင်ဖြစ်သူ ဘာလင်ဒါက သားဖြစ်သူ ဂျွန်ကာတာအကြောင်းကို ယခုကဲ့သို့ပြောဆိုသည်။

"ကာတာလေးဟာ လေးနှစ်သားအရွယ်မှာပဲ ကိုယ်ပိုင်လေ့လာမှုနဲ့ စာကို ရေးတတ်ဖတ်တတ်နေပြီဖြစ်တယ်။ ၂ တန်းကျောင်းသားအရွယ်မှာ စာအုပ်ပေါင်း ၁၆၄၃ အုပ်ဖတ်ရှုပြီးဖြစ်တဲ့အတွက် ဒေသ ခြောက်ခုသို့ လေ့လာရေးအတွက် လှည့်လည်ကြည့်ရှုခွင့်ကို ဆုအဖြစ်ချီးမြှင့်ခြင်းခံရတယ်"

ဂျွန်ကာတာသည် ၉ နှစ်သား အရွယ်၌ပင် ကောလိပ်တွင် လေ့လာသင်ကြားရသည့် အက္ခရာ



ဂျွန်ကာတာ

သင်္ချာဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တွက်ချက်နိုင်ပြီ ဖြစ်သည်။ ဂျွန်ကာတာအား သူ့မိခင်က သူမ၏ ငယ်သူငယ်ချင်း နျူကလီးယား ရူပဗေဒပညာရှင် ဂရက်ဘီးလ်ကာမာထံ ပညာသင်ကြားရန် အပ်နှံခဲ့သည်။ အရှေ့တက်ဆက်ပြည်နယ်၊ နှစ်ခြင်းတက္ကသိုလ်တွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဂျွန်ကာတာသည် သူသင်ကြားခဲ့သမျှ ကျောင်းသားထဲတွင် အတော်ဆုံးဖြစ်သည်ဟု ချီးမွမ်းပြောဆိုသည်။ သူသည် နိုဘယ်လ်ဆုကို ဆွတ်ခူးနိုင်သည့် အရည်အချင်းရှိသည်ဟုဆိုသည်။

ဂျွန်ကာတာသည် ယခုနှစ်နွေရာသီမှစပြီး မစ်ဆိုရီပြည်နယ်၊ ခရောပ်ဒါကောလိပ်တွင် ဆရာတဦးအဖြစ်ဝင်ရောက်သင်ကြားမည် ဖြစ်သည်။ သို့ရာတွင် သူ၏မိခင်က ယခုကဲ့သို့ ပြောပါသည်။

"ကျမသားဟာ ၁၉ နှစ်သားအရွယ် လူငယ်တဦးမျှသာဖြစ်နေသေးသည်။ သူ့ သူငယ်ချင်း၊ လူငယ်အချင်းချင်းတွေ့ကြတဲ့အခါမှာ ရူပဗေဒ ဘာသာရပ်အကြောင်းကို ဆွေးနွေးကြတာမဟုတ်ပါ။ ဖဲကစားကြတယ်၊ လက်ချင်းလှဲပြီးတော့ ကစားကြတုန်းပဲ"

၁၉ နှစ်သားအရွယ် ဒေါက်တာဂျွန်ကာတာကို ဘာဝါသနာပါသလဲဟု မေးမြန်းရာတွင် သူက "ရုပ်ရှင်အဟောင်းတွေကို ကြည့်တာနဲ့ နိုင်ငံခြားဘာသာနဲ့ရေးတဲ့ စာအုပ်တွေကိုဖတ်တာ အလွန်ဝါသနာပါတယ်" ဟုဆိုသည်။

မိုးကြိုး

*Source: BKK Post*

# နိုင်ငံရေးသင်တန်းဆင်းပွဲ နယ်စပ်တနေရာမှာ ကျင်းပပြီးစီး



နိုင်ငံရေးသင်တန်းဆင်းပွဲအပြီး စည်းစည်းလုံးလုံးအမှတ်တရ

ပြီးခဲ့သည့် ဇူလိုင်လ ၂၇ ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် နိုင်ငံရေးသင်တန်းဆင်းပွဲတခု ကျင်းပခဲ့ကြောင်း နယ်စပ်သတင်းများအရ သိရှိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ KNU ဗဟိုအစည်းအရုံးမှ တာဝန်ရှိသူများ၊ အခြားနိုင်ငံရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြဆရာများ၊ သင်တန်းသူ၊ သင်တန်းသားများ အစုံအညီတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

မိုးကြိုး

"နိုင်ငံတိုင်း၏ အခြေခံအုတ်မြစ်သည် ထိုနိုင်ငံရှိ လူငယ်များ၏ ပညာရေးပင် ဖြစ်သည်"

ဒိုင်အိုဂျင်(န်)

ခေါမ ဒဿနပညာရှင်

# လူသားရင်းမြစ်အစီရင်ခံစာ

## သက္ကရာဇ် ၂၀၀၁ ခုနှစ်အတွက်ကုလသမဂ္ဂထုတ်ပြန်

သက္ကရာဇ်၂၀၀၁ ခုနှစ်အတွက်လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကို ကုလသမဂ္ဂမှ ထုတ်ပြန်ကြောင်း တွေ့ရှိရသည်။ ယခုနှစ်အစီရင်ခံစာသည် ယခင်နှစ်များနှင့် မတူဘဲ တမူထူးခြားသည်ဟု အိန္ဒိယအပတ်စဉ်သတင်းဂျာနယ်တခုမှ ဖော်ထုတ်ရေးသားလျက်ရှိသည်ကို တွေ့ရသည်။ အစီရင်ခံစာအရ ယခုနှစ်အဖို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြဿနာ အတော်များများ ပြေလည်စေသည်ဟု ဆိုသည်။ အထူးသဖြင့် ဆင်းရဲမွဲတေမှု သက်သာလာစေရေး၊ ပညာရေး၊ စက်မှုနည်းပညာစသည့် ပြဿနာများကို တဆင့်တိုး တိုးတက်ပြောင်းလဲသွားရန် ကြိုးပမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဇီဝစက်မှုနည်းပညာ တိုးတက်ပျံ့နှံ့လာမှုကြောင့် ကမ္ဘာ့လူသားများအတွက် စားနပ်ရိက္ခာနှင့် ကျန်းမာရေးပြဿနာ အတော်များများကို တိုးတက်ဖြေရှင်းနိုင်ခဲ့သည်။ ပညာရေးနှင့် ဆက်သွယ်ရေးနယ်ပယ်တွင် ကွန်ပြူတာနှင့် ကြိုးမဲ့ကြေးနန်းတို့သည် လူသားများအား များစွာအကျိုးပြုနိုင်ခဲ့သည်။

လွန်ကဲစွာပြုပြင်ထားသည့် မျိုးဗီဇသီးနှံများအား စားသုံးခြင်းဖြင့် လူသားများ၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိလာသည်ကို တွေ့ရပြန်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝကွဲပြားမှုများကို ထိခိုက်စေသည်။

လူ့အဖွဲ့အစည်းအတွင်း ကမ္ဘာ့လက္ခဏာဆောင်မှုအောက်တွင် လူသားရင်းမြစ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် တကမ္ဘာလုံးတွင် ပိုက်ကွန်သဖွယ် နှီးနွယ်လျက်ရှိသည်ကိုတွေ့ရသည်။ ယင်းအတွက် အဓိကကျသည့် အကြောင်းအချက်မှာ စက်မှုနည်းပညာ တိုးတက်လာခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ဤဆက်စပ်နေမှုကို အခွင့်ကောင်းယူပြီး ကြိုးပမ်းဆောင်ရွက်ပါက ဆင်းရဲတွင်းမှ ခုန်ထွက်နိုင်မည်ဟု အစီရင်ခံစာမှာ ဖော်ပြထားသည်။

သတင်းဖြန့်ချိရေးနှင့် ဆက်သွယ်ရေးနည်းပညာများ၊ ဇီဝဆိုင်ရာနည်းပညာများနှင့်ပတ်သက် ပြီး အစီရင်ခံစာက ကျဉ်းမြောင်းသည့်အမြင်ဖြင့် သုံးသပ်သွားသည်။ စက်မှုနည်းပညာကောင်းများ ပေါ်ထွန်းခဲ့သည်မှာ နှစ်တရာကျော်ခဲ့ပြီးဖြစ်သော်လည်း တတိယကမ္ဘာရှိ လူထုများထံသို့ ရောက်ရှိသွားခြင်းမရှိသေးချေ။ ယခုတိုင် တတိယကမ္ဘာအတွင်းရှိ ကမ္ဘာ့လူဦးရေ၏ သုံးပုံတပုံမှာ လျှပ်စစ်မီးကို အသုံးမပြုရသေးပေ။ ကမ္ဘာ့လူသား သန်း၂၀၀၀ ခန့်သည် ၎င်းတို့အတွက် လိုအပ်သည့် ဆေးဝါးများကို မသုံးစွဲရပဲရှိနေသည်။ တယ်လီဖုန်းကိုလည်း ကမ္ဘာ့လူဦးရေအများစုက လက်လှမ်းမမှီဘဲရှိနေသေးသည်။ အင်တာနက်ကို အသုံးပြုနိုင်သူမှာ ကမ္ဘာ့လူဦးရေ၏ ၀.၄% သာ ရှိသည်။

ဖွံ့ဖြိုးတိုးတက်မှု မညီမညာဖြစ်နေသည့် ကမ္ဘာ့အရင်းရှင်စနစ်အောက်တွင် တတိယကမ္ဘာ့နိုင်ငံများအတွက် ဦးနှောက်ယိုစီးမှုပြဿနာသည် ၎င်းတို့အတွက် လွန်စွာမှနစ်နာစေသည်။ ၎င်းတို့၏ ပညာတတ်အများအပြားကို ဆုံးရှုံးစေသည်။ ဥပမာ–အိန္ဒိယနိုင်ငံအဖို့ ဦးနှောက်ယိုစီးမှုပြဿနာကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ခန့်ဆုံးရှုံးနစ်နာရသည်ဟု အစီရင်ခံစာကဆိုသည်။ နှစ်စဉ် အိန္ဒိယမှ အတတ်ပညာရှင်တသိန်းခန့် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည်။ စက်မှုနည်းပညာများသည် ဈေးကွက်လိုအပ်မှုအရသာ ဖန်တီးဖြစ်ပေါ်ခြင်းဖြစ်ပြီး ဝယ်လိုအားနည်းသည့် ဆင်းရဲသားများ၏ လိုအပ်ချက်အတွက် မဟုတ်ကြောင်း အစီရင်ခံစာမှာ ထောက်ပြသွားသည်။

မိုးကြိုး

*Source: VOA*

## စာနယ်ဇင်းလွတ်လပ်ခွင့်ဆုအတွက် စာပေအနုပညာဆိုင်ရာ နိုင်ငံရေးအကျဉ်းသားအချို့ အမည်စာရင်း တင်သွင်းခံရ

ရန်ကုန်မြို့ အင်းစိန် စစ်အကျဉ်းထောင်အတွင်းကျရောက်နေသည့် နိုင်ငံရေးအကျဉ်းသား ၂၄ ဦးတို့အား ကနေဒါနိုင်ငံမှ ချီးမြှင့်မည့် အပြည်ပြည်ဆိုင်ရာစာနယ်ဇင်းလွတ်လပ်ခွင့်ဆု (CJFE) အတွက် အမည်စာရင်းတင်သွင်းထားကြောင်း VOB သတင်းများအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် အခြေစိုက်၍ သတင်းလောကနှင့် ဆက်သွယ်လုပ်ကိုင်နေသည့် နိုင်ငံတကာရောက် မြန်မာများစုပေါင်းဖွဲ့စည်းထားသည့် (BMA) ခေါ် မြန်မာသတင်းသမဂ္ဂမှ ယခုကဲ့သို့အဆိုပြုတင်သွင်းထားခြင်းဖြစ်ကြောင်းနှင့် ထိုအဆိုပြုမှုအပေါ် မြန်မာပြည် ဒီမိုကရေစီရရှိရေးနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းလှုပ်ရှားနေသည့် အခြား အဖွဲ့အစည်းအသီးသီးမှလည်း ပူးပေါင်းထောက်ခံမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မြန်မာသတင်းအစည်းအရုံး၏ ထုတ်ပြန်ချက်အရ ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာမျိုးမြင့်ညိမ်းအပါအဝင် အကျဉ်းကျနေသူ ၂၄ ဦးအနက်တဦးမှာအကျဉ်းထောင်အတွင်း သေဆုံးသွားခဲ့ပြီးငင်းတို့သည် လူ့အခွင့်အရေးကော်မရှင်သို့ မြန်မာနိုင်ငံအတွင်း စစ်အကျဉ်းထောင်များ၏ အခြေအနေအရပ်ရပ်ကိုအစီရင်ခံနိုင်ရန် ကြိုးပမ်းခဲ့ကြခြင်းနှင့်အကျဉ်းထောင်အတွင်း သတင်းစဉ် ထုတ်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်းလည်းဖော်ပြထားသည်။

(CJFE)ခေါ်ကနေဒါနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာစာနယ်ဇင်း လွတ်လပ်ခွင့်ဆုသည် မိမိ၏သဘောထားကို လွတ်လပ်စွာ ထုတ်ဖော်ပြသမှု အတွက် ဆုချီးမြှင့်ရန်သတ်မှတ်ထားခြင်းဖြစ်ပြီး ဆုချီးမြှင့်ရန်အမည်စာရင်း တင်သွင်းခံရသူတို့သည် နိုင်ငံတကာတွင် ထင်ရှားကျော်ကြား သူများဖြစ်ရန် မလိုအပ်ကြောင်းလည်း VOB သတင်းအဖွဲ့က ဆက်လက်ဖော်ပြထားသည်။

မိုးကြိုး

**လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုခွင့်သည်**
**လူသားတိုင်း၏ မွေးရာပါ အခွင့်အရေး ဖြစ်သည်**

## စစ်ဖိနှိပ်အောက်မှ

# မြန်မာစာနယ်ဇင်းလောက (၂)

**မောင်ဖေသက်နီ**

ထိုညီလာခံအတွက် မဆလအစိုးရက အကုန်ကျခံမည့်အကြောင်း၊ ထိုအကူအညီငွေကို သတင်းစာဆရာအသင်းနှင့် စာရေးဆရာအသင်းခေါင်းဆောင်များကလက်ခံပြီး ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာ(၁၇) ရက်မှ (၂၁) ရက်နေ့အထိ ကြီးကျယ်ခမ်းနားသည့် စာပေညီလာခံတရပ်ကို ရန်ကုန်မြို့၌ ကျင်းပသင့်ကြောင်း ပြောဆိုခဲ့သည်။

လက်တွေ့၌လည်း စာပေညီလာခံကြီးကို (၅)ရက်တိုင်တိုင် ရန်ကုန်မြို့ရှိ ကမ္ဘာအေးစေတီ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြ၏။ မြန်မာနိုင်ငံတဝှမ်းရှိ စာရေးဆရာနှင့် သတင်းစာဆရာပေါင်း(၇၀၀)ကျော်တက်ရောက်ခဲ့ကြပြီး စာနယ်ဇင်းရေးရာနှင့် ပတ်သက်၍ စိတ်ဝင်တစား တင်ပြဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဌဖြစ်သူ စာရေးဆရာ သိန်းဖေမြင့် (တက်ဘုန်းကြီးသိန်းဖေ) က ဆိုရှယ်လစ်တော်လှန်ရေးနှင့် ပတ်သက်သော စာရေးဆရာနှင့် သတင်းစာ ဆရာတို့၏အခန်းကဏ္ဍကို ဆွေးနွေးသွားသည်။ (ထိုအချိန်က သိန်းဖေမြင့်သည် ထင်ပေါ်ကျော်ကြား လူသိများနေသော စာရေးဆရာတယောက်ဖြစ်ရုံသာမက လက်ဝဲအယူအဆယိမ်းသော နိုင်ငံရေးသမားတဦးလည်း ဖြစ်ပေသည်။ ထို့အပြင် စစ်တပ်မှ အာဏာသိမ်းအုပ်ချုပ်မှုကို ပထဦးဆုံး ထောက်ခံသော စာပေပညာရှင်တဦးလည်း ဖြစ်ပြန်သည်။ ပို၍ဆိုးသည်မှာ သူကိုယ်တိုင် ဦးစီးထုတ်ဝေနေသော "ဗိုလ်တထောင်" သတင်းစာ၌ပင် သိန်းဖေမြင့်သည် မဆလအစိုးရကိုထောက်ခံသော သတင်းဆောင်းပါးများကို ဆယ်နှစ်ကျော်ခန့် ဆက်တိုက်ရေးသားလာခဲ့သည်မှာ ၁၉၇၆ ခုနှစ် မဆလအစိုးရက သူ့ စာများကိုပိတ်ပင်သည်အထိပင်။ ယခု ပြန်တွေးကြည့်တော့ ရယ်ရမလို၊ ငိုရမလိုနှင့်။ သိန်းဖေမြင့်က မဆလအစိုးရကို ထောက်ခံရေးသားနေလင့်ကစား မဆလအစိုးရကမူ သိန်းဖေမြင့်၏စာများကို တားမြစ်ပိတ်ပင်ခဲ့သည်)

ထို စာပေညီလာခံကြီး၌ပင် ယဉ်ကျေးမှုဝန်ကြီးဌာန မူဝါဒရေးရာညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဘိုနီက နိုင်ငံတော်၏ ပြောင်းလဲနေသော အခြေအနေကိုကြည့်၍ စာပေရေးရာကိစ္စများကို ရေးသားသင့်ကြောင်း ပြောဆိုသွားခဲ့သည်။ ဤသည်မှာလည်း "ဒို့အကြိုက်ကို ရေးချင်ရေး၊ ဒါပေမယ့် ဒို့မကြိုက်တာကိုတော့ မရေးမိစေနဲ့" ဟု ခြိမ်းခြောက်စကားပင် မဟုတ်ပါလော။ စာရေးဆရာများ အနေဖြင့်လည်း ဒီမိုကရေစီစနစ်မှ စစ်အာဏာရှင်စနစ်ဆီသို့ ကူးပြောင်းခဲ့သော မဆလအစိုးရ၏မူဝါဒကို နောက်ကြနေခဲ့ကြပေပြီ။ ဦးရေ (၂၀၀)ကျော်မျှသော စာရေးဆရာနှင့် သတင်းစာဆရာများကလည်း သူတို့ယုံကြည်မှု၊ သူတို့လွတ်လပ်မှုတို့အတွက် တင်ပြခဲ့ကြပါသေးသည်။ "စာရေးဆရာတယောက်ဟာ လွတ်လွတ်လပ်လပ် တွေးခွင့်ရ၊ လွတ်လွတ်လပ်လပ် ရေးခွင့်ရမယ်ဆိုရင် နိုင်ငံတော်အတွက် တန်ဖိုးရှိမယ့် စာပေလုပ်ငန်းတွေကို လုပ်ကိုင်နိုင်မှာပဲ" ဟု၍ မြန်မာစာပေလောကရှိ ဂုဏ်သရေရှိ စာပေပညာရှင်ကြီး ဆရာဇော်ဂျီက တင်ပြသွားခဲ့တာကို ကြည့်လေ။

ထို့အပြင် အဆိုပါ ၆၂ ခုနှစ် စာပေညီလာခံကြီးမှနေ၍ အလုပ်သမား၊ လယ်သမားဘဝကို ဦးစားပေး ဖော်ညွှန်းသည့် စာပေမျိုးကိုရေးသားကြရန် ဆုံးဖြတ်ချက်ချနိုင်ခဲ့ကြသည်။ မဆလအစိုးရကလည်း အလုပ်သမား၊ လယ်သမားဘဝကို အသေးစိပ်လေ့လာနိုင်ကြရန် စာရေးဆရာ၊ သတင်းစာဆရာများကို အကူအညီပေးခဲ့သေးသည်။ (တကယ်တော့ မဆလအစိုးရအပေါ် အာရုံစိုက်နေရာမှ အလုပ်သမား၊ လယ်သမားရေးကို အာရုံပြောင်းသွားစေရေးအတွက် စာရေးဆရာ၊ သတင်းစာဆရာများကို အကူအညီပေးခြင်းဖြစ်ပေသည်)

ထိုသို့ဖြင့် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာစာနယ်ဇင်းလောကသည် "မုန်တိုင်းမကျမီ ငြိမ်သက်နေသယောင်" အေးတိအေးစက် ရှိနေခဲ့ပေသည်။

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်။ ထိုနေ့၌ပင် မဆလအစိုးရသည် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်" နှင့်၊ "လူနှင့် လူ့ပတ်ဝန်းကျင်နှင့် အညမည" ဟူသော မဆလမူဝါဒသဘောထားကို ဖော်ညွှန်းသည့် စာအုပ်နှစ်အုပ်ကို ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုစာအုပ်၌ မဆလအစိုးရသည် "ဗဟိုဦးစီးစနစ်" ဖြင့် တိုင်းပြည်ကိုအုပ်ချုပ်သွားမည်ဟူ၍ အတိအလင်း ထည့်သွင်းဖော်ပြထားသည်။ တနည်းပြောရလျှင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းသူပြည်သားတို့သည် လွတ်လပ်ခွင့်ရှိပင် ရှိငြားသော်လည်း "လမ်းညွှန်ခံ လွတ်လပ်ခွင့်"နှင့်၊ "ထိန်းချုပ်ခံ လွတ်လပ်ခွင့်"သာ ဖြစ်ရမည်ဟု ဆိုလိုရင်းပင်။

ထို့အပြင် ရာထူးကြီးမားသော စစ်အရာရှိကြီးများကလည်း တစခန်းထနေလေပြီ။ "ဒို့နိုင်ငံ တိုးတက်ဖို့အတွက် အဓိကလိုအပ်တာက ညီညွတ်နေဖို့ပဲ။ ဒီနေရာမှာ စာနယ်ဇင်းသမားတွေက ပိုပြီးအရေးကြီးတယ်။ စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုတာ ဒို့နဲ့ နည်းနည်းမှ မပတ်သက်ဘူး။ တာဝန်ယူစရာလည်း မလိုဘူး" ဟူ၍လည်း ကြိုးဝါးနေခဲ့ပြီ။ ထိုအချိန်မှစ၍ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပြည်သူလူထု၏ မွေးရာပါအခွင့်အရေးဟူသမျှတို့ကို စတင် ချုပ်ကိုင်လာခဲ့တော့သည်။

မူလတန်းကျောင်းသား ကလေးဘဝကို ပြန်လည်မြင်ယောင်မိသေးတော့၏။ ကျောက်သင်ပုန်းပေါ်၌ ကျောက်တံဖြင့် ကကြီး၊ ခခွေးရေးသည့်အခါ စာကြောင်းသည် မျဉ်းဖြောင့်အတိုင်းမနေဘဲ အပေါ်တက်သွားလိုက်၊ အောက်ဆင်းသွားလိုက်နှင့်။ ထိုအခါ ဆရာမက ဘောဖျက်နှင့် လက်ထိပ်ကိုခေါက်လေ့ရှိသည်။ အသည်းခိုက်အောင် နာကျင်လွန်းသဖြင့် မျက်ရည်စများဝဲလာကာ ဆရာမကိုလည်း စိတ်ထဲကကျိန်ဆဲမိတော့သည်။ နောက်တနေ့ ကကြီး၊ ခခွေး ရေးရပြန်တော့လည်း အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်ရှိနေဆဲ။ ဆရာမကလည်း လက်ထိပ်ကို ဘောဖျက်နှင့် ခေါက်နေဆဲ။ မျက်ရည်စများကလည်း ဝေနေဆဲ။ ဆရာမကိုလည်း စိတ်ထဲမှ ကျိန်ဆဲနေဆဲ။ တနေ့ပြီး တနေ့ ....။ တရက်ပြီး တရက် ....။ ရက်ပေါင်းများစွာ ကုန်လွန်သွားသောအခါ ကကြီး၊ ခခွေး စာကြောင်းသည် ဖြောင့်တန်းသွားတော့သည်။

ယခုအချိန် ပြန်စဉ်းစားမိသောအခါ မူလတန်းကျောင်းသားဘဝသည် ကိုယ်ပိုင် စဉ်းစားဆုံးဖြတ်နိုင်သည့် အသိဉာဏ်မရှိသေး၍ "အမိန့်အာဏာ" ဆန်ဆန် ရိုက်နှက်ဆုံးမ၍ ရကောင်းရနိုင်လင့်ကစား၊ စာရေးဆရာ၊ သတင်းစာဆရာဟူသည် မူလတန်းကျောင်းသားလေး မဟုတ်တော့ပြီ။ ထိုကြောင့် မူလတန်းကျောင်းသားလေးတယောက်ပမာ "အမိန့်အာဏာ"သုံး၍ သေနတ်ဖြင့် ပစ်ခတ်ဆုံးမနေသင့်သလော။ သို့တည်းမဟုတ် အမိန့်အာဏာသုံး၍ ကြက်ကလေး၊ ငှက်ကလေးပမာ ဖမ်းဆီးကာ ထောင်သွင်းအကျဉ်းချသင့်သလော။ ။

**စာရေးဆရာတယောက်ဟာ**
**လွတ်လွတ်လပ်လပ် တွေးခွင့်၊**
**လွတ်လွတ်လပ်လပ် ရေးခွင့် ရမယ်ဆိုရင်**
**နိုင်ငံတော်အတွက် တန်ဖိုးရှိမယ့်**
**စာပေလုပ်ငန်းတွေကို လုပ်ကိုင်နိုင်မှာပဲ ...**

ဆက်လက်ဖော်ပြပါမည်



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## မန္တလေးတိုင်းမှူးကတော် ပေါက်ဖော်ကြီးတွေ တင်သွင်းနေ

နအဖတို့ အာဏာသိမ်းယူပြီးနောက်၊ ပြဿနာများစွာထဲတွင် မြန်မာပြည်၏ ရေိယာမြောက်များစွာကို နည်းမျိုးစုံနှင့် ဝင်ရောက်လာကြသည့် နိုင်ငံခြားသားများထံ ထိုးအပ်ရောင်းချမှုများလည်း အလွန်ဆိုးဝါးသော ဖြစ်ရပ်တခုအဖြစ် မြန်မာပြည်သူ လူထုတရပ်လုံးက စိုးရိမ်စိတ်ကြီးစွာဖြင့် သိရှိနေကြပြီဖြစ်သည်။ အထူးသဖြင့် မြန်မာတို့ တန်ဖိုးထား အမြတ်နိုးဆုံးဖြစ်သည့် ရွှေမြန်မာမင်းများ နန်းစိုက်ခဲ့ရာ မန္တလေးရွှေမြို့တော်ကြီးဆိုလျှင် 'စိန' တိုင်းသားတို့၏ ဌာနေတခုပမာ နေ့ချင်းညချင်း ထင်းထင်းကြီး ဖြစ်ပေါ်လာလျက်ရှိရာ မြန်မာတို့၏ မင်းနေပြည်တော်ကား စစ်အုပ်စုတို့၏ လက်ထက်တွင် ရက်ရက်စက်စက် ရုပ်ဆိုးအကျည်းတန်နေလေပြီ။

စိနတိုင်းသားတို့ကား ထားခြင်းမရှိသော ထိုင်ဝမ်နိုင်ငံသား လီချီမင်းဆိုသူအား စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု ဆို၏။

လီချီမင်းသည် မြန်မာနိုင်ငံသို့ လုပ်ငန်းဗီဇာဖြင့် ရောက်ရှိလာသူဖြစ်ပြီး မန္တလေးရှိ စကျင်ကျောက်များကို ထိုင်ဝမ်နိုင်ငံသို့ တင်ပို့သည့် လုပ်ငန်းလုပ်ဆောင်နေသူ ဖြစ်သည်။ အာဏာပိုင်တို့က ဆက်လက် စစ်ဆေးရာတွင် ၎င်းသည် ဒေါ်တင်ရီ၏သမီးဖြစ်သူ အသက် ၁၉ နှစ်အရွယ်ရှိ မဇာခြည်သိမ့်နှင့် ၁၉၉၉ ခုနှစ်ကတည်းက တရားဝင် လက်ထပ်ထားခြင်းမရှိဘဲ ပေါင်းသင်းနေထိုင်သူဖြစ်ကြောင်း၊ မဇာခြည်သိမ့်၏ အမည်နှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် အပိုင်း(၉)၊ အိမ်အမှတ်(၇၀)ကို လီချီမင်းက ဝယ်ယူထားခဲ့ကြောင်း ထို့အပြင် လီချီမင်းသည် ထိုင်ဝမ်ရှိ သားကြီးဖြစ်သူ လီယမ်ဆူး၊ အသက် ၁၈ နှစ်နှင့် သားငယ် လီချမ်းယမ်တို့ နှစ်ဦးကိုလည်း တရားမဝင်ခေါ်သွင်းထားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တရားမဝင်ရောက်ရှိလာသည့် လီချီမင်းနှင့် သားနှစ်ဦးတို့ကို နိုင်ငံသားများအဖြစ် တရားဝင်နေထိုင်ခွင့်ရရန် လိုအပ်သည့် နိုင်ငံသားကပ်ပြားများကို ရန်ကုန်မြို့၊ ဗိုလ်တထောင် လဝကရုံးတွင်ပြုလုပ်ခဲ့ပြီး မန္တလေးမြို့တွင် တရားဝင်နေထိုင်နိုင်ရန် ဖန်တီးထားကြောင်း တွေ့ရသည်။

အဆိုပါကိစ္စအား လဝကအရာရှိများက ဆက်လက်စစ်ဆေးရာတွင် ၎င်းတို့အား တရားဝင်နိုင်ငံသားကပ်ပြားများရရန်နှင့် မန္တလေးမြို့တွင် တရားဝင်နေထိုင်နိုင်ရန်အတွက် ကူညီပေးခဲ့သူမှာ မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါက်တာတင်လင်းမြင့်က ငွေကြေးရယူလုပ်ကိုင်ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရာ ထိုအမှုကို မည်သို့ ဆက်လက်ကိုင်တွယ်ဖြေရှင်းရမှန်း မသိဖြစ်နေကြောင်း၊ သိရှိရပါသည်။

ပြည်တွင်းမှလာသော သတင်းများအရ ထိုအဖြစ်အပျက်မျိုးမှာ မန္တလေး မင်းနေပြည်တော်ကြီး၏ အဖြစ်ပျက်များစွာထဲမှ တစိတ်တပိုင်းမျှသာရှိသေးကြောင်း စိုးရိမ်မကင်းစွာ ကြားသိလိုက်ရသည်။

မိုးကြိုး

*Source: DVB*

## မြေကို ယူကြသည်၊ ရွှေကို ယူကြသည်၊ ပြီးတော့ လူကိုပါ ယူကြသည်။

ယခင် မဆလလက်ထက်ကပင် မြန်မာနိုင်ငံအပေါ် စီးပွားရေးမှအစ အဖက်ဖက်တွင် အထက်စီးမှလွှမ်းမိုးထားခဲ့ရာမှ ယခု နအဖလက်ထက်တွင်မူ စီးပွားရေးလောကကြီးတခုလုံးအပေါ် လုံးလုံးလျားလျား လက်ဝါးကြီးအုပ် အမြတ်ထုတ်နေလေပြီ။ ဗမာ့မြေ၊ ဗမာ့ရွှေ၊ ဗမာ့ရတနာ သယံဇာတက စ၍ နောက်ဆုံး အမျိုးကောင်းသမီးပျိုကလေးများကိုပင် ခြေတော်တင်လာပြီဖြစ်ကြောင်း၊ ဇူလိုင်လ ၂၁ ရက်နေ့ DVB သတင်းများအရ သိရှိရသည်။

အဆိုပါသတင်းများအရ မြေကိုယူသည်၊ ရွှေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်ဟု ဆိုရတော့မည့် ဤသတင်း၏ လက်သည်တရားခံကား တမျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ မျိုးရိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး စသည့် လူမှုရေး ဦးတည်ချက်ကြီးများကို မနားတမ်း အော်ဟစ်ကြွေးကြော်နေကြသည့် ဗိုလ်ချုပ်ကြီးများ၏ ကတော်တယောက်ပင်ဖြစ်နေရာ မင်းကြီးတာကထွက်လာသည့် ရွှေသမင်အကြောင်း အပြည့်အစုံကို ဖော်ပြလိုက်ပါသည်။

ဇူလိုင်လ(၁၅) ရက်နေ့က မန္တလေးတိုင်း၊ မတ္တရာမြို့နယ် အမှတ်(၂)နှင့် အမှတ်(၅) ရပ်ကွက်များတွင် ဒေသခံအာဏာပိုင်များက ညှော်စာရင်း စစ်ဆေးမှုများပြုလုပ်ရာ အမှတ်(၂) ရပ်ကွက်၊ ကံ့ကော်လမ်းရှိ ဒေါ်တင်ရီ၏ နေအိမ်တွင် ညှော်စာရင်းတိုင်ကြား

**မတရားတဲ့အမိန့် အာဏာမှန်သမျှ တာဝန်အရဖီဆန်ကြ**

# ဗိုလ်ချုပ် ဘိုးတော်၊ ဘိုကတော်နှင့် မြန်မာ့စီးပွားရေးလောက

**အာဏာနှင့်ယတြာ**

စစ်အာဏာရှင် သက်ဆိုးရှည်ရေး၊ ဗိုလ်နေဝင်း သက်ဆိုးရှည်ရေးတို့အတွက် နအဖတို့ ကိုးကွယ်ကြသည့် ဘိုးတော်များက ဗေဒင်၊ ယတြာ၊ ဓါတ်ရိုက်ဓါတ်ဆင်တို့နှင့် အစီအရင်ပြုပေးထားသည်ကို တွေ့ရပုံဖြစ်သည်။



စစ်ပိဋကကြီး ဦးနေဝင်းတို့မိသားစု

ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်သည် နိုင်ငံတကာနှင့် ရင်ဘောင်တန်းလျက် လွတ်လပ်၍အထိန်းအချုပ်နည်းပါးလှသော ဈေးကွက်စီးပွားရေးစနစ်သို့ မောင်းနှင်ချီတက်နေပြီဟူသော သတင်းများ လှိုင်လှိုင်ကြီး ထွက်ပေါ်လာခဲ့လေသည်။

သို့ရာတွင် မည်သို့သော ဈေးကွက်စီးပွားရေးစနစ် ဖြစ်ထွန်းလျက်ရှိသည်ကို ပြည်တွင်း၊ ပြည်ပမှ လေ့လာစောင့်ကြည့်သူများရှိရာ ယနေ့ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီး အများစုတိုင်းလိုလိုကို ဗိုလ်ချုပ်ကြီးနေဝင်း မိသားစုနှင့် နောက်မြီးဆွဲ စစ်ဗိုလ်ချုပ်ကြီးများက အပြိုင်အဆိုင် အလုအယက်ချယ်လှယ်၍ လက်ဝါးကြီးအုပ်လုပ်ကိုင်လျက်ရှိကြောင်း တိကျသောသတင်းရပ်ကွက်များ၏အဆိုအရ သိရှိရသည်။

စီးပွားရေးလောကနှင့် ပတ်သက်၍ ရန်ကုန်မှ ကုန်သည်ကြီးတယောက်က ပြောကြားရာတွင် ....

"ဒေါ်စန္ဒာဝင်း (ဦးနေဝင်း၏သမီးကြီး)ကလည်း စီးပွားရေးလုပ်ငန်း အတော်များများကို လက်ဝါးကြီးအုပ်ထားတယ်။ ဒေါ်စန္ဒာဝင်းဟာ အရင်က ဒေသကောလိပ် (၂) ပေါ့လေ။ ဒါကို သူကယူပြီးတော့ ကိုယ်ပိုင်ကျောင်းတခုဖွင့်မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဒေါ်စန္ဒာဝင်းရဲ့သား ကျော်နေဝင်းဆိုတာ တခြားဗိုလ်ချုပ်သားသမီးတွေနဲ့ ပြဿနာတွေတက်၊ စကားတွေများလွန်းလို့ ရှောင်လဲရှောင်ကြတယ်။ သူတို့က ဂိုဏ်းတခုတောင် ဖွဲ့ထားတယ်။ ရန်ဖြစ်ရင် သူတို့ကပဲ ရန်စတာတို့ ဘာတို့ လုပ်တယ်"ဟု ပြောကြားခဲ့သည်။

အထူးသဖြင့် နိုင်ငံခြားငွေရသည့် ကုမ္ပဏီနှင့်ဟိုတယ်လုပ်ငန်းများကို ငွေရင်းများများမတည်ပြီး အပြိုင်အဆိုင်လုပ်ကိုင်နေကြကြောင်း၊ ဗိုလ်ချုပ်ကြီးသန်းရွှေ၏သားမက်က ငွေသောင်ယံကမ်းခြေတွင် ရွှေဟသ်ာဟိုတယ်၊ ဗိုလ်ချုပ်ဝင်းမြင့်၏သားက ချောင်းသာကမ်းခြေ၌ ချောင်းသာဦးဟိုတယ်၊ လယ်ယာနှင့်သစ်တောဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၏သားက မင်းမင်းစိုးကုမ္ပဏီထောင်၍ ပင်လယ်ကမ်းခြေဟိုတယ်များနှင့် သူ့ထက်ငါ စားခွက်လုနေကြကြောင်း သိရှိရသည်။

အခြားလုပ်ငန်းများတွင်လည်း ရန်ကုန်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်သန်း၏သမီး ဒေါ်ဟေမာက အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း ရွှေပုဏ္ဏမိ စည်ဘီယာဆိုင်နှင့် အခြားလုပ်ငန်းများ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်မင်းသိန်း၏သားကလည်း ဖခင်အာဏာပိုင်သည့် ဆိပ်ကမ်းဌာနရှိ ကမ်းရိုးတန်းသွားစက်လှေအများအပြားကို ကိုယ်ပိုင်ပြုလုပ်၍ စီးပွားရှာနေကြကြောင်းလည်း သိရသည်။

သို့ရာတွင် ဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းတို့မှာ နောင်ရေးအတွက် စိတ်အေးဟန်မရှိသေးကြောင်း၊ ၎င်းတို့၏အာဏာနှင့် လုပ်ပိုင်ခွင့်များ သက်ဆိုးရှည်ရေးအတွက် အားကိုးရာရှာပြီး ဗေဒင်ယတြာပညာများ ကျွမ်းကျင်သည့် ဘိုးတော်များကို မှူပိုင်ဆွဲ၍ လက်သပ်မွေး ကိုးကွယ်နေကြကြောင်း၊ အထူးသဖြင့် တောင်ဥက္ကလာပ၊ ၃ ရပ်ကွက်၊ မြသာဝတီ ၁၂ လမ်းနေ၊ မျိုးမြင့်အောင်ခေါ် ဘိုးတော်အောင်ပွင့်ခေါင်ကို ဗိုလ်ချုပ်ကတော် အသိုင်းအဝိုင်းများက မြှောက်စားအားထားနေကြကြောင်းလည်း သိရသည်။

ကုန်သည်ကြီးတဦးက ပြောကြားရာတွင် –

"ဒေါ်စန္ဒာဝင်းဆိုရင် တောင်ဥက္ကလာပက ဘိုးတော်အောင်ပွင့်ခေါင်ပေါ့။ လွှတ်ကိုးကွယ်ပြီးတော့ သူတို့က ဘယ်လိုလဲဆိုရင် တခြားအရပ်သားတွေကို မတွက်နဲ့၊ မချက်နဲ့။ သူတို့ကိုပဲ တွက်ပေး၊ သူတို့ကိုယ်တိုင်လည်းလာတယ်။ သူတို့အိမ်ကိုလည်းခေါ်တယ်။ တလကို သုံးသိန်းအပြင် လောင်စာဆီတွေလည်း ပံ့ပိုးပေးတာတွေရှိတယ်"ဟုထုတ်ဖော်ပြောကြားသွားခဲ့သည်။

မိုးကြိုး

❖ ❖ ❖




"စာနယ်ဇင်း အတတ်ပညာ နည်းပညာမှာ ပရိသတ်လိုအင်၊ ပရိသတ်သိသင့်တာကို စာနယ်ဇင်းများက တာဝန်နှင့်ကျင့်ဝတ် နားလည်စွာ တင်ပြတာတွေက ရှေးဦးပထမ အဓိကများသာဖြစ်တယ်"

ကျော်စိုးဝင်း
၁၆၊ ဇူလိုင်၊ ၂၀၀၁ ခုနှစ်။
ကွန်ပြူတာ သတင်းလွှာ

⇔ နောက်ကျောဖုံးမှ



**ပြည်သူ့လွှတ်တော်အမတ်**
**ဦးခင်ကျော်ဟန်**

၏ အမြောက်တပ်၊ တပ်ဖျောက်စဉ် ထောက်လှမ်းရေး၊ ဆက်သွယ်ရေး၊ ရိက္ခာစုဆောင်းရေးတာဝန်များ ထမ်းရွက်ခဲ့သဖြင့်လွပ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) ရရှိခဲ့သူဖြစ်ပါသည်။

ညီဖြစ်သူ မောင်တင်လတ်မှာ ဖုန်းမော်ကျဆုံးစဉ် မျက်မြင်ကိုယ်တွေ့ဖြစ်၍ စစ်အုပ်စု၏ ယုတ်မာရက်စက်မှုများအပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြခဲ့သဖြင့် ဖုန်းမော်ကျဆုံးပြီး ပထမဆုံး ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည့် ကျောင်းသား ၅၁ ဦးတွင် ပါဝင်ပါသည်။ ၁၉၈၈ မတ်လမှ ဇူလိုင်လအထိ အင်းစိန်ထောင်တွင်း ထိန်းသိမ်းခံခဲ့ရသည်။ ထိုစဉ်က ညီဖြစ်သူမှာ စက်မှုတက္ကသိုလ်ကျောင်းသား ဖြစ်ပါသည်။ ထောင်မှလွတ်ပြီး ညီဖြစ်သူသည် မြေလတ်ဒေသ၊ ကျောင်းသားသမဂ္ဂတွင် ပါဝင်လှုပ်ရှားခဲ့ပြီး နိုင်ငံရေးပါတီဖွဲ့စည်းသည့်အခါ ရေနံချောင်းမြို့ ကျောင်းသားများ ဒီမိုကရေစီအရေးတော်ပုံပါတီတွင် ဥက္ကဌအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပါတယ်။

## ပြည်သူတွေ အာသာပြင်းပြနေတဲ့ ဒီမိုကရေစီပန်းတိုင်ကိုရောက်အောင် ဆောင်ရွက်မယ်လို့ ယုံကြည်တဲ့အတွက် အဖွဲ့ချုပ်သို့ ဝင်ခဲ့ခြင်းဖြစ်ပါတယ်

**၁၉၈၈ ခုနှစ်မတိုင်မီ ဘဝဖြတ်သန်းမှုအကြောင်း အနည်းငယ်ပြောပြပေးပါ။**

ကျနော့်ကို (၂၃-၂-၅၃) နေ့မှာ ဖခင်ဦးသိန်းဟန်နဲ့ မိခင်ဒေါ်ခင်ပြုံးတို့က မကွေးတိုင်း၊ ရေနံချောင်းမြို့မှာ မွေးဖွားခဲ့ပါတယ်။ ဥပဒေဝိဇ္ဇာဘွဲ့ နောက်ဆုံးနှစ်အထိ သင်ကြားခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်ကနေ အငြိမ်းစားယူတဲ့ ၁၉၈၇ ခုနှစ်အထိ မြန်မာ့ရေနံကော်ပိုရေးရှင်း (ယခု မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း)မှာ တာဝန်ထမ်းရွက်ခဲ့ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ခဲ့သည့် ရည်ရွယ်ချက်၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး မျိုးရိုးထဲမှာ အစဉ်အလာကောင်းတွေ ရှိခဲ့ပါသလား။**

လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ဝင်ခဲ့ခြင်းမဟုတ်ပါ။ အဖွဲ့ချုပ်အနေနဲ့ ပြည်သူတွေ အာသာပြင်းပြနေတဲ့ ဒီမိုကရေစီပန်းတိုင်ကိုရောက်အောင် ဆောင်ရွက်မယ်လို့ ယုံကြည်တဲ့အတွက် အဖွဲ့ချုပ်သို့ ဝင်ခဲ့ခြင်းဖြစ်ပါတယ်။ အဖွဲ့ဝင်အမှတ် (၃၇၃၀၁၀၂) ဖြစ်ပါတယ်။ စတင်ဖွဲ့စည်းစဉ်က အဖွဲ့ချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ရန် ရည်ရွယ်ချက်မရှိပါ။ ရွေးကောက်ပွဲနီးမှ "အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ သက်ဆင်းရမည်" ဟူ၍ ဒီမိုကရေစီမူအရ ပြည်သူလူထု၏ အဆုံးအဖြတ်ကိုခံယူရန် ရွေးကောက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျနော် ရွေးကောက်ပွဲဝင်ရန် မြို့နယ်ဒီချုပ်နှင့် ပြည်သူများက အဆိုပြုလာသည့်အတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။

မျိုးရိုးထဲတွင် နိုင်ငံရေးနှင့် ပတ်သက်ပြီး အစဉ်လာကောင်းများ ရှိပါသည်။ ဖခင်ဖြစ်သူမှာ ဂျပန်တော်လှန်ရေးကာလ ဗိုလ်မှူးတင်အောင်

**၁၉၉၂ ခုနှစ်မှာ နဝတက ဘယ်လိုအကြောင်းပြချက်မျိုးနှင့် ဖမ်းဆီးခဲ့ပါသလဲ။**

ရွေးကောက်ပွဲမှာ အနိုင်ရပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်လာမှ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကာလက ရေနံချောင်းမြို့ပေါ်မှာ ဖြစ်ပျက်ခဲ့တဲ့ လုယက်မှုတခုမှာပါဝင်ခဲ့တယ်ဆိုတဲ့ စွဲချက်နဲ့ မတရားအမှုဆင် စွဲဆိုထောင်ချခံခဲ့ရတာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ပျက်ပြယ်သွားစေဖို့ ရည်ရွယ်ချက်နဲ့ တပ်မတော်ထောက်လှမ်းရေးက ရဲတပ်ဖွဲ့ကိုပါ အားပေးဆောင်ရွက်ခိုင်းခဲ့တာဖြစ်ပါတယ်။ အမှုမှာ ထင်ရှားတဲ့သက်သေခံပစ္စည်း၊ သက်သေထွက်ချက်မရှိပဲ မတရားအမှုဆင် ထောင်ချခံခဲ့ရတာပါ။

**ဘယ်နှစ်နှစ် အကျဉ်းချထားခဲ့သလဲ၊ ဘယ်နေရာမှာလဲ၊ နှိပ်စက်ညှဉ်းပန်းမှုရှိခဲ့သလား၊ မေးခွန်းတွေ အမေးခံခဲ့ရသလား၊ စာဖတ်ခွင့်၊ ရေဒီယိုနားထောင်ခွင့် ရခဲ့ပါသလား။**

မကွေးတိုင်း၊ သရက်မြို့ အကျဉ်းထောင်မှာ အလုပ်နှင့်ထောင်ဒဏ် (၃)နှစ် ကျခံခဲ့ရတာဖြစ်ပါတယ်။ နှိပ်စက်ညှဉ်းပန်းခံရမှု၊ မေးခွန်းမေးခံရမှု မရှိခဲ့ပါ။ စာဖတ်ခွင့်၊ ရေဒီယိုနားထောင်ခွင့် မရှိခဲ့ပါ။

**၁၉၉၈ ခုနှစ်မှာ ဘာအကြောင်းပြချက်နဲ့ ထပ်မံဖမ်းဆီးခြင်းခံခဲ့ရသလဲ။ မေးခွန်းတွေ အမေးခံခဲ့ရသလား၊ စာဖတ်ခွင့်၊ ရေဒီယိုနားထောင်ခွင့် ရရှိခဲ့ပါသလား။**

၂၉-၆-၉၈ နေ့ညမှာ အမှတ် (၁၅)တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ ရေနံချောင်းမြို့၊ မြို့မရဲစခန်းက စခန်းမှူးက တရားလိုလုပ်ပြီး ခြေချုပ်နဲ့ ခံဝန်ဥပဒေနဲ့ တရားစွဲကာ တနှစ်အထိ ရဲစခန်းမှာ တနေ့နှစ်ကြိမ် လက်မှတ်ထိုးခိုင်းပြီး ကောင်းမွန်စွာနေထိုင်ဖို့ တဘက်သတ် အမိန့်ချမှတ်ခဲ့ပါတယ်။ တရားစီရင်ရေး အခြေခံမူထဲမှာ အများပြည်သူရှေ့မျက်မှာ တရားစီရင်ရမယ်ဆိုပေမယ့် ညဖက် အချိန်မတော်မှာ သီးခြားရုံးဖွဲ့ပြီး အမှုစစ်ဆေးတာဟာ တရားဥပဒေစိုးမိုးမှု (Rule of Law) မရှိခြင်းရဲ့ ထင်ရှားတဲ့ သက်သေအထောက်ထားပဲ။

၁၄-၇-၉၈ နေ့မှာ ကျနော်က ပြည်သူတွေ ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တဦးကို ဂျပိုးသူခိုးတွေနဲ့တန်းတူ ခြေချုပ်လုပ်တာလက်မခံနိုင်ဘူး။ ဒါကြောင့် လက်မှတ်မထိုးနိုင်ဘူးလို့ ငြင်းဆိုတဲ့အခါ တပ်မတော်ထောက်လှမ်းရေးက သူတို့အနေနဲ့ ဧည့်ဂေဟာလို့ခေါ်တဲ့ အမှတ်(၈၈)မှာရှိတဲ့ ထိန်းသိမ်းရေးစခန်း (Detention Camp) ကို ပို့လိုက်တာပါပဲ။

မေးခွန်းနှစ်ကြိမ် အမေးခံခဲ့ရပါတယ်။ စာဖတ်ခွင့်ရှိပါတယ်။ တရားဝင် ရေဒီယိုနားထောင်ခွင့်မရှိပါ။

ထိန်းသိမ်းစဉ်က တပ်မ (၈၈) ဧည့်ရိပ်သာအဆောင်ငယ်တခုမှာထားပြီးနောက်ပိုင်း၊ မကွေးလေယာဉ်ကွင်း အနောက်ဘက်မှာရှိတဲ့ အမှတ်(၉၆၇) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ရင်း၊ တပ်ဆွယ်(၁) ဝင်းထဲက အိမ်လွတ်တလုံးမှာထားပါတယ်။

**၉၅ ခုနှစ်က နောက်တကြိမ် အဖမ်းမခံရမီ (၃) နှစ်အတွင်း ဘာတွေလှုပ်ရှားဆောင်ရွက်ခဲ့ပါသလဲ။**

ရေနံချောင်းမြို့အဖွဲ့ချုပ်နဲ့ အတူ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့နယ်ရုံးတွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခြင်း၊ ရုံးချုပ်မှာလုပ်တဲ့ စည်းဝေးပွဲနဲ့ အခမ်းအနားပွဲများ တက်ရောက်ခြင်း စတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

**လွှတ်တော်အမတ်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးနေပေမယ့် ကျန်းမာရေး ဆိုးဝါးနေသူ၊ ရက်စေ့သူတွေသာဖြစ်တယ်၊ အခြားလွှတ်ပေးသင့်တဲ့ ပုဂ္ဂိုလ်မပါဘူးလို့ ပြောနေကြတယ်။ ဦးခင်ကျော်ဟန်ရဲ့ အတွေ့အကြုံအရ အဲဒါမှန်ကန်ပါသလား။**

မှန်ပါတယ်။ လွတ်ရက်စေ့ပြီး မလွတ်သေးတဲ့သူတွေ ထောင်ထဲမှာရှိနေပါသေးတယ်။ ထောင်ထဲမှာ ဆရာဦးဝင်းတင်၊ မင်းကိုနိုင်စတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ တော်တော်များများ ကျန်ပါသေးတယ်။

**ပြီးခဲ့တဲ့ ဇူလိုင်လ(၁၉)ရက်နေ့မှာ မြန်မာပြည်မှာ မြင်ခဲ့တဲ့မြင်ကွင်းလေး အနည်းငယ် ပြောပြပေးပါ။**

ပြီးခဲ့တဲ့ ၁၉-၇-၀၁ နေ့ဟာ ၅၄ နှစ်မြောက် အာဇာနည်နေ့ဖြစ်ပေမယ့် မြန်မာပြည်မှာအာဇာနည်နေ့ရယ်လို့ ထင်ရှားတဲ့သာဓကမျိုး မတွေ့ရတော့ပါဘူး။ စစ်အစိုးရက ပြည်သူတွေ အာဇာနည်နေ့ကို မှတ်မိသိရှိပြီး အာဇာနည်ခေါင်းဆောင်ကြီးတွေအတွက် လွမ်းဆွတ်သတိရတာ မဖြစ်ရအောင် စနစ်တကျလုပ်ဆောင်နေတာဖြစ်ပါတယ်။ အဲဒီရက် ပတ်ဝန်းကျင်မှာ ရေဒီယိုက ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းတွေ ပြန်လွှင့်ပေးတာမျိုး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးချိန် ဥသြဆွဲတာမျိုး လုံးဝ မရှိတော့ပါဘူး။ မဆလခေတ်ကတောင် အခုလောက်အခြေအနေ မဆိုးပါဘူး။ ဝမ်းနည်းစရာကောင်းပါတယ်။

**ဒေါ်စု အာဇာနည်နေ့အခမ်းအနား မတက်ရောက်ခဲ့တဲ့အပေါ် ရန်ကုန်ရှိ သံတမန်တွေက တွေ့ဆုံဆွေးနွေးမှု ပြီးဆုံးသွားပြီလို့ ပြောကြတယ်။ အဲဒီအပေါ် ဘယ်လိုမြင်ပါသလဲ။**

၂၀-၇-၀၁ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းမှာရှိတဲ့ အဖွဲ့ချုပ်ကို ကျနော်ရောက်ခဲ့ပါတယ်။ ဒေါ်စုနှင့် စစ်အစိုးရတို့ တွေ့ဆုံဆွေးနွေးမှု ပြီးဆုံးသွားခြင်း မရှိသေးကြောင်း သိရပါတယ်။

**နအဖက ရွေးကောက်ပွဲအသစ်ကျင်းပရေးမှုကို ဦးတည်နေတယ်၊ အဲဒီအချက်အပေါ် လွှတ်တော်အမတ် တဦးအနေနဲ့ လက်ခံပါသလား။ ဘယ်လို သဘောထားပါသလဲ။**

၉၀ ပြည့် ရွေးကောက်ပွဲဟာ လူထုက သူတို့ရဲ့ လွတ်လပ်သောဒီမိုကရေစီနည်းကျစွာ ပြည်သူ့လွှတ်တော်ကိုယ်စားတွေကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်နဲ့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံများနဲ့ ပြည်တွင်းကပါ လွတ်လပ်ပြီး တရားမျှတတယ်လို့ အသိအမှတ်ပြုခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်ကို စစ်အစိုးရက ဒီနေ့အထိ အကောင်အထည် မဖော်ပေးသေးပါဘူး။ ပြည်သူ့ လွှတ်တော်သက်တမ်းကို လွှတ်တော် ပထမအစည်းအဝေး ပထမနေ့ကစပြီး ရေတွက်တာပါ။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အကောင်အထည် မဖော်သေးသလို လွှတ်တော်သက်တမ်းလည်း မကုန်သေးပါဘူး။ ရွေးကောက်ပွဲအသစ်ကျင်းပမယ်ဆိုရင် ၉၀ ပြည့်ရလဒ်ကို ပျက်ပြယ်စေမှာဖြစ်ပါတယ်။ ကျနော်တို့ အဖွဲ့ချုပ်အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒကို လေးစား အကောင်အထည်ဖော်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် ၉၀ ပြည့်ရလဒ် အကောင်အထည်ဖော်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းခဲ့၊ ကြိုးပမ်းဆဲဖြစ်ပါတယ်။ ကျနော့်အနေနဲ့ ရွေးကောက်ပွဲအသစ် ကျင်းပရေးကို လက်မခံနိုင်ပါ။ ကျနော်တို့ကို ယုံကြည်မှုအပြည့်နဲ့ ဆန္ဒမဲပေးကြတဲ့ ပြည်သူတွေရဲ့ ဆန္ဒကို မပစ်ပယ်နိုင်၊ အစော်ကားမခံနိုင်ပါ။ ပြည်သူ့ဆန္ဒကို ပစ်ပယ်စော်ကားရာရောက်သည့် လုပ်ရပ်အားလုံးကို ဆန့်ကျင်ပါတယ်။

**လက်ရှိ မြန်မာနိုင်ငံရဲ့ အကျပ်အတည်းကို ဖြေရှင်းနိုင်မဲ့ အကောင်းဆုံးနည်းလမ်းကို လွှတ်တော်အမတ်တဦးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

အဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံ၏အကျပ်အတည်းများကိုဖြေရှင်းနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ တွေ့ဆုံဆွေးနွေးအတည်ပြုရေးဖြစ်သည်ဟု အစဉ်တစိုက်ခံယူလာခဲ့ပြီး စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ပါသည်။ ပြီးခဲ့တဲ့နှစ်၊ အောက်တိုဘာလကစပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရတို့ စတင်ဆွေးနွေးလာပြီး ဖြစ်ပါတယ်။ ကျနော့်အနေနဲ့ အခုလို တွေ့ဆုံဆွေးနွေးလာခြင်းကို ကြိုဆိုပါတယ်။ ဒါပေမယ့် တွေ့ဆုံဆွေးနွေးနေတယ်ဆိုတဲ့ အသွင်သဏ္ဍာန်ပေါ်လာပေမယ့် အနှစ်သာရအားဖြင့် အဓိပ္ပါယ်ပြည့်ဝမှု မရှိသေးပါဘူး။ နှစ်ဦးနှစ်ဘက် တန်းတူရည်တူ အပြုသဘောဆောင်တဲ့ စစ်မှန်တဲ့ ဆွေးနွေးပွဲဖြစ်ဖို့ လိုပါတယ်။ အခုလက်ရှိအနေအထားမှာ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ဘဝမှာပဲ ရှိသေးတဲ့အပြင် ဦးတင်ဦး၊ ဦးအောင်ရွှေတို့လည်း နေအိမ်မှာ အကျယ်ချုပ်ခံရတဲ့အပြင် နိုင်ငံရေးအကျဉ်းသားများစွာ လွတ်မြောက်လာမှု မရှိသေးပါဘူး။ အခုဆွေးနွေးပွဲကို "အသွင်သဏ္ဍာန်"အရ ကြိုဆိုလက်ခံပြီး "အနှစ်သာရ"အရ လက်ခံနိုင်စရာ မရှိသေးပါ။

အနှစ်သာရရှိဖို့ စစ်အစိုးရဘက်မှ ရိုးသားမှုရှိရန်နဲ့ ရိုးသားမှုရှိကြောင်း ယုံကြည်လောက်အောင် သက်သေပြဆိုဖို့ လိုပါတယ်။ ဒီနေ့အထိတော့ သူတို့ဘက်က လိုက်လျောမှုတွေဟာ လက်ခံကျေနပ်နိုင်စရာ မရှိသေးပါဘူး။

**မြန်မာနိုင်ငံက ထွက်မလာခင် မြင်တွေ့ခဲ့ရတဲ့ NLD ရုံးအားလုံးရဲ့ အခြေအနေနဲ့ ပြည်သူလူထုရဲ့ အခြေအနေကို ပြောပြနိုင်မလား။**

ပြည်တွင်းမှာ အဖွဲ့ချုပ်ရုံးများနဲ့ ပြည်သူတွေဟာ စစ်အစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှုအောက်မှာ ရုန်းကန်လှုပ်ရှားနေကြရတာဖြစ်ပါတယ်။ အချို့ အဖွဲ့ချုပ်ရုံးများဟာ အဓမ္မအနိုင်ကျင့်ပြီး ဆိုင်းဘုတ်ဖြုတ်ချတာမျိုးခံရသလို အခြားအဖွဲ့ချုပ်ရုံးများရဲ့ လှုပ်ရှားမှုကို ချုပ်ချယ်ဖိနှိပ်တာခံရပါတယ်။ အပိတ်ခံရတဲ့ အဖွဲ့ချုပ်ရုံးအချို့ ဆိုင်းဘုတ်တင် ပြန်ဖွင့်နိုင်ခဲ့ပြီး၊ ကျန်ဖွင့်လှစ်နိုင်ခြင်း မရှိသေးတဲ့ အဖွဲ့ချုပ်ရုံးတွေလည်း ဖွင့်လှစ်နိုင်ဖို့စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အခု ပြန်လည်ဖွင့်လှစ်တဲ့ အဖွဲ့ချုပ်ရုံးအချို့ရဲ့ ဆိုင်းဘုတ်တင်ပွဲ၊ ရုံးဖွင့်ပွဲတွေမှာ တပ်မတော် ထောက်လှမ်းရေးက အနီးကပ် စောင့်ကြည့်နေတာမို့ ယုံကြည်မှု တည်ဆောက်နေတယ်ဆိုတဲ့ စစ်အစိုးရရဲ့ ပြောဆိုမှုတွေအပေါ် ယုံကြည်ဖို့ ခက်ပါတယ်။ ပြည်တွင်းက ပြည်သူတွေဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဘက်ပေါင်းစုံအကျပ်အတည်းတွေရဲ့ဒဏ်ကို ခံနေကြရပြီး ကုန်ဈေးနှုန်းတွေကလည်း အတော်ကို ကြီးမြင့်နေပါတယ်။

**မြန်မာနိုင်ငံက ဘာကြောင့် ထွက်လာရသလဲ။**

ပြည်တွင်းမှာတရားဥပဒေစိုးမိုးမှု (Rule of Law)မရှိတဲ့အပြင် နိုင်ငံရေးလှုပ်ရှားသူတွေအပေါ် အနီးကပ်စောင့်ကြည့်နေပြီး အစဉ်တစိုက် ကန့်သတ်ချုပ်ချယ်နေပါတယ်။ နိုင်ငံရေးလွတ်လပ်ခွင့်ဆိုတာ လုံးဝနီးပါး ဆုံးရှုံးနေပါတယ်။ နိုင်ငံရေးလှုပ်ရှားသူတွေအပေါ် အကြောင်းအမျိုးမျိုးပြပြီး အပြစ်ရှာဖို့ စစ်အစိုးရက အမြဲဆင်ကြံကြံနေပါတယ်။ ၈၈ ခုနှစ် လူထုအုံကြွမှုနောက်ပိုင်း ကျနော့်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုကာလမှာ နှစ်ကြိမ် (ခြောက်နှစ်) ဖမ်းဆီးအရေးယူတာခံရပြီး ဖြစ်ပါတယ်။

ပြည်တွင်းမှာ ဆက်နေရင် နောက်ထပ် ဥပဒေမဲ့ မတရားဖမ်းဆီးထောင်ချတာမျိုး ခံရဦးမှာပါ။ ပြည်တွင်းမှာ နိုင်ငံရေးလှုပ်ရှားနိုင်ခွင့် နည်းပါးလှပါတယ်။ ဒါကြောင့် ပြည်ပကနေ နိုင်ငံရေးလှုပ်ရှားမှုလုပ်ဖို့ ထွက်လာခဲ့တာ ဖြစ်ပါတယ်။

**တော်လှန်ရေးနယ်မြေမှာ ဘာဆက်လုပ်မယ်လို့ ရည်ရွယ်ထားပါသလဲ။**

ဒီဘက်ရောက်ပြီး ကျနော့်အတွေ့ကြုံအရ ပြည်တွင်းမှာထက်စာရင် နိုင်ငံရေးအရ ပိုလှုပ်ရှားနိုင်တာတွေ့ရပါတယ်။ မိခင် NLD(LA), MPU နဲ့ NCGUB စတဲ့ ကျနော်နဲ့ သက်ဆိုင်တဲ့ အဖွဲ့စည်းတွေက ပေးအပ် မယ့် နိုင်ငံရေးတာဝန်တွေ ဆက်လုပ် သွားမှာပါ။

**မြန်မာပြည်မှာကျန်ခဲ့တဲ့ ဘဝတူမိတ်ဆွေတွေနဲ့ မြန်မာပြည်သူတွေကို ဘာများ ပြောချင်ပါသလဲ။**

ကျနော်ပြည်တွင်းကထွက် လာတာ နိုင်ငံရေးလောကကို စွန့်လာခဲ့တာ မဟုတ်ပါဘူး။ ပြည်တွင်းမှာ

စာမျက်နှာ(၈)ကော်လံ(၁)သို့⇔

# ‘ဝ’တပ်ဖွဲ့နှင့် နအဖတို့ပူးပေါင်း၍ လောင်းကစားဝိုင်းများပြုလုပ်နေ

မန္တလေးမြို့၌ နအဖတို့နှင့် ငြိမ်းချမ်းရေး ရယူထားသော ‘ဝ’အဖွဲ့သည် ဒေသဆိုင်ရာအာဏာပိုင်တို့နှင့် ပေါင်း၍ လောင်းကစားလုပ်ငန်းများ ပြောင်ပြောင်တင်းတင်း ပြုလုပ်နေကြောင်း မဇ္ဈိမသတင်းဌာန၏ ဖော်ပြချက်တွင် ပါရှိသည်။

အဆိုပါအဖွဲ့သည် မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ထောက်လှမ်းရေး ၁၆ တို့မှ ခွင့်ပြုချက်ဖြင့် မန္တလေးမြို့၊ ၆၄ လမ်းရှိ ခြံဝင်းတခုအတွင်း ‘ဝ’အထူးဒေသနှင့် စီးပွားရေး အကျိုးဆောင် ကုမ္ပဏီလုပ်ငန်းဟူသည့် ဆိုင်းဘုတ်ကိုတင်၍ လေးကောင်ဂျင်ဝိုင်း၊ ဖဲဝိုင်းနှင့် ကြက်ဝိုင်းများ ထင်ထင်ပေါ်ပေါ် ပြုလုပ်နေကြောင်း သတင်း၌ ဖော်ပြထားသည်။

ထို လောင်းကစားဝိုင်းများသို့ မန္တလေးမြို့ခံများသာမက အခြားဒေသများကပါ လာရောက်ကစားကြကြောင်း၊ မန္တလေး၊ ရွာဟောင်းရှိ သုသာန်ဟောင်းနေရာကို ဖျက်၍ဖွင့်လှစ်ထားသည့် ကျောက်စိမ်းရောင်းဝယ်ရေး ကျောက်ဝိုင်း နေရာတွင်လည်း အာဏာပိုင်တို့၏တရားဝင်လုပ်ကိုင်ခွင့်နှင့် ရွှေဘော်လုံးကွန်ပြူတာဖဲချပ် စသည့် လောင်းကစားဝိုင်းများ ပြုလုပ်လျက်ရှိရာနေ့စဉ်ကျောက်သမားတဦးလျှင် သိန်းဂဏန်းထိ အလောင်းအစားပြုလုပ်နေကြောင်း ပြည်တွင်းသတင်းများအရသိရှိရသည်။

❖ ❖ ❖

⇔ စာမျက်နှာ(၇)မှ

ထက် ပြည်ပမှာနိုင်ငံရေးလုပ်ဖို့ အခွင့်အလမ်းသာမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အပြင်ကနေ နိုင်ငံရေးဆက်လုပ်ဖို့ ထွက်လာတာပါ။

ဒါကြောင့် ပြည်တွင်းကရဲဘော်တွေနဲ့ ပြည်သူတွေကို မှာချင်တာက ပြည်တွင်းကလည်း လုပ်လို့ရတဲ့ဘောင်ထဲက စစ်အာဏာရှင်စနစ်အဆုံးသတ်အောင် တက်ညီလက်ညီ၊ ညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုပါတယ်။ ကျနော့်အနေနဲ့လည်း ပြည်ပကနေ အခွင့်သာသလောက် ကိုယ်ရော စိတ်ပါ ဆောင်ရွက်သွားပါမယ်လို့ ပြောချင်ပါတယ်။

မိုးကြိုး

# နိုင်ငံရေးခိုလှုံခွင့် တောင်းခံသည်ဆိုသည့်ကိစ္စ ဦးခင်ကျော်ဟန်ကမှားယွင်းကြောင်းပြော

ဩဂုတ်လ၊ ပထမပတ်အတွင်း ထိုင်းနိုင်ငံသို့ ထွက်ခွာလာခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ကျော်ဟန်သည် ၆–၈–၂၀၀၁ နေ့တွင် ထိုင်းနိုင်ငံ နယ်စပ်တနေရာ၌ သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်ခဲ့သည်။

ထိုသတင်းစာရှင်းလင်းပွဲပါ အချက်အလက်များကို သတင်းဌာနအသီးသီးက ဖော်ပြကြရာတွင် ဦးခင်ကျော်ဟန်သည် နအဖစစ်အကျဉ်းထောင်အတွင်း ရိုက်နှက်နှိပ်စက်ညှဉ်းပန်းမှုများကြုံခဲ့ရကြောင်း၊ ထို့အပြင် စစ်ထောက်လှမ်းရေးတို့မှ လျှပ်စစ်ကျဉ်စက်ဖြင့်တို့၍ စစ်ဆေးညှဉ်းပန်းနှိပ်စက်မှုများခံခဲ့ရကြောင်းဖော်ပြခဲ့ကြပြီးယခု မြန်မာနိုင်ငံမှ ထွက်လာပြီးနောက် အခြားနိုင်ငံတခုခုတွင် နိုင်ငံရေး ခိုလှုံခွင့်ရရန် ကြိုးပမ်းနေကြောင်းကို ၇–၈–၂၀၀၁ နေ့ထုတ် နေးရှင်းသတင်းစာတွင်ဖော်ပြထားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မိုးကြိုးသတင်းစဉ်မှ အတည်ပြုနိုင်ရန် ဦးခင်ကျော်ဟန်ထံ ဆက်သွယ်မေးမြန်းခဲ့ရာ ထိုသတင်းမှာ မဟုတ်မှန်ဘဲမှားယွင်းစွာဖော်ပြထားခြင်းသာဖြစ်ကြောင်း၊မိမိအနေဖြင့်မြန်မာနိုင်ငံမှ ထွက်လာပြီးပြီးချင်းသတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်ခဲ့ကြောင်း ထိုကိစ္စနှင့်ပတ်သက်၍ဖော်ပြလိုလျှင် အဆိုပါနေ့ကမိမိပြောဆိုခဲ့သည့် စကားများကိုသာသတင်းဌာနများအနေဖြင့်အခြေခံသင့်ပါကြောင်း၊ ယခုကဲ့သို့ ကွဲလွဲစွာဖော်ပြမှုများအပေါ် မိမိအနေဖြင့် နားမလည်ခြင်းဖြစ်ရပါကြောင်း အတည်ပြုပြောကြားသွားခဲ့သည်။

မိုးကြိုး

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

၂၀၀၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်

# အစ္စလာမ်ဘာသာဝင်အချို့ စစ်ထောက်လှမ်းရေးနှင့် ဒီကေဘီအေတို့၏ သတ်ဖြတ်ခြင်းခံကြရ

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော အစ္စလာမ်ဘာသာဝင်များအား နအဖ စစ်ထောက်လှမ်းရေးနှင့် ဒီကေဘီအေတပ်များက ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြကြောင်း ထိုင်းနိုင်ငံအခြေစိုက် မွတ်ဆလင် ဗဟိုသတင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ပြီးခဲ့သော ဇွန်လ (၂၅) ရက်နေ့တွင် နအဖ စစ်ထောက်လှမ်းရေးများက ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်အတွင်း နေထိုင်သူ အစ္စလာမ်ဘာသာဝင် (၅)ဦးတို့အား NLD ပါတီကိုထောက်ခံသူများအဖြစ် စွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သွားကြပြီး ကော့ကရိတ် အကျဉ်းထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှုများ ပြုခဲ့ကြသည်။ ထို့နောက် ဖမ်းဆီးခံရသူများအနက် ဦးဆိုဂျန်၊ ဦးရာကွတ်နှင့် ဦးခင်သန်းမြင့်တို့အား အပြစ်မဲ့ သတ်ဖြတ်ခဲ့ကြကြောင်း သေဆုံးသူများ၏ ဆွေမျိုးသားချင်းများမှ တဆင့် ကြားသိရကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ အခြားနေရာအချို့တွင်လည်း ထိုင်းနိုင်ငံမှ ပြန်ပို့ခံရသည့် မွတ်ဆလင်အမျိုးသား (၂)ဦးကို ဗိုလ်လှဝင်းဦးဆောင်သည့် ဒီကေဘီအေခေါ် ကရင် ဗုဒ္ဓဘာသာတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း သိရှိရသည်။ သေဆုံးသူ မွတ်ဆလင် အမျိုးသား (၂)ဦးမှာ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်း တရားမဝင် အလုပ်သမားများအဖြစ် အခြား အလုပ်သမား (၂၈၀) တို့နှင့်အတူ ထိုင်းအရာရှိများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး၊ ထိုင်းအရာရှိများက ဇွန်လ (၂၆) ရက်နေ့တွင် ဒီကေဘီအေ တပ်ဖွဲ့များသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် ၎င်းတို့ (၂)ဦးအား ဆွဲထုတ်ကာ ဂိုက်(၃၀၀)ခန့်အကွာနေရာတွင် ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများ၏ ပြောပြချက်ကို ကိုးကား၍ ဖော်ပြထားသည်။

❖ ❖ ❖

# နအဖတို့ လက်နက်အင်အားတိုးချဲ့နေ ဒေသတွင်းလုံခြုံရေးအတွက် စိုးရိမ်ဘွယ်ဖြစ်

နအဖစစ်အုပ်စုသည် နိုင်ငံတကာ လက်နက်ပွဲစားများမှ တဆင့် အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ကျော်ဖိုးရှိ ၆၀ မမ မော်တာကျည် အလုံး ၅၀၀၀ ကို ဗီယက်နမ်နိုင်ငံမှ ထပ်မံဝယ်ယူလိုက်ကြောင်း Jane's Defence Weekly စာစောင်တွင် ဖော်ပြထားသည်။

ယခုနှစ်စောစောပိုင်းကလည်း ဒေါ်လာ ၁ သန်းနီးပါးတန် ၈၂ မမ မော်တာကျည် အလုံးပေါင်း ၅၀,၀၀၀ မှ ၁၀၀,၀၀၀ အထိ ဝယ်ယူခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ပြီးခဲ့သည့် ဇန်နဝါရီလကလည်း ဘူဂေးရီးယားနိုင်ငံလုပ် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည် ၁၀၀ ကျော်ကို ဝယ်ယူခဲ့ကြောင်း၊ ၎င်းဒုံးကျည်များမှာ မီတာ ၅၀၀၀၀ အကွာ၊ အမြင့်ပေ ၃၀ မှ ၁၀,၀၀၀ ကျော်အထိ ပစ်ခတ်နိုင်စွမ်းရှိကြောင်း၊ ခန့်မှန်းခြေ ကုန်ကျစရိတ်အနေဖြင့် ဒေါ်လာသန်းနှင့်ချီ၍တန်ကြောင်း အဆိုပါစာစောင်၌ ဖော်ပြထားသည်။

❖ ❖ ❖

⇔ နောက်ကျောဖုံးမှ

က အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပပေးခဲ့ရာ မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယား (၆)နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျွန်းဆွယ်အားကစားပွဲအမည်ဖြင့် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုအခါ အရှေ့တောင်အာရှနိုင်ငံများအားလုံး ပါဝင်ယှဉ်ပြိုင်သည့် အားကစားပွဲတော်အဖြစ် ပြောင်းလဲကျင်းပခဲ့ရာ ၁၈ ကြိမ်တွင် (ထိုင်း)၊ ၁၉ ကြိမ်တွင် (အင်ဒိုနီးရှား)၊ ၂၀ကြိမ်တွင် (ဘရူနိုင်း) နိုင်ငံတို့က အိမ်ရှင်နိုင်ငံများအဖြစ် လက်ခံကျင်းပခဲ့ကြပြီး၊ ၂၀၀၁ ခုနှစ်၊ (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

*Source: The Nation*

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပမည့် ရှစ်လေးလုံးအထိမ်းအမှတ် အခမ်းအနား ဖျက်သိမ်းလိုက်ရ

၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင်ကျရောက်သည့် ၁၃ နှစ်မြောက် ရှစ်လေးလုံး နှစ်ပတ်လည်နေ့ အခမ်းအနားအစီအစဉ်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ရန်ကုန်)၌ မူလက ကျင်းပရန်စီစဉ်ထားသော်လည်း မကျင်းပဖြစ်ဘဲ ဖျက်သိမ်းလိုက်ရကြောင်း အေဖက်ဖ်ပီ သတင်းများအရ သိရှိရသည်။

စောစောပိုင်းသတင်းများအရ မူလက အဖွဲ့ချုပ်ရုံးတွင် အခမ်းအနား အစီအစဉ်ကို အကျဉ်းချုံး၍ ပြုလုပ်ရန် စီစဉ်ထားပြီးမှ ယခုကဲ့သို့ ဖျက်သိမ်းလိုက်ရသည့်အပေါ်တွင် (NLD) မှ ရှင်းလင်းပြောကြားခြင်း မရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

သို့ရာတွင် ယခုကဲ့သို့ အခမ်းအနားအစီအစဉ် ဖျက်သိမ်းလိုက်ရမှုအပေါ် အေဖက်ဖ်ပီသတင်းဌာနက ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့အကြား ပြန်လည်ရင်ကြားစေ့ရေး ဆွေးနွေးနေသည့်ကာလတွင် စစ်အုပ်စု စိတ်အနှောက်အယှက်မဖြစ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အထူး သတိထားဆောင်ရွက်ခဲ့ပုံရကြောင်းလည်း ဖော်ပြထားသည်။

အဆိုပါသတင်း ထွက်ပေါ်လာမှုနှင့်ပတ်သက်၍ နိုင်ငံရေး လေ့လာသုံးသပ်သူတို့က ရှုမြင်ကြရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် ယခုနှစ် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်မှုမပြုခဲ့ခြင်းဖြင့် စစ်အုပ်စုတို့နှင့် တွေ့ဆုံဆွေးနွေးနေသည့် အခြေအနေကို အကောင်းဆုံး အခြေအနေသို့ မရောက်ရှိသေးကြောင်း တနည်းအားဖြင့် ဖော်ပြရာရောက်ပေသည်။

ယခုတဖန် နှစ်စဉ် ကျင်းပပြုလုပ်နေကြ ၈၈၈၈ အရေးတော်ပုံ အခမ်းအနားကို ကျင်းပရန်စီစဉ်ပြီးမှ ယခုလို ဖျက်သိမ်းလိုက်ရခြင်းသည် စစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးမှု အခြေအနေ တိုးတက်လာခြင်း လက္ခဏာမရှိသည်ကို ကမ္ဘာအရပ်ရပ်တွင်ရှိသည့် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားကြိုးပမ်းနေသူများအားလုံးနှင့် ကမ္ဘာ့ပြည်သူ တရပ်လုံးသိရှိစေရန် ဖော်ပြလိုက်ခြင်းသာဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။

မိုးကြိုး

*Source: AFP*

# နအဖက တိုင်းရင်းသားတွေကို လိမ်ညာနည်းသင်တန်းပေးနေ လုပ်အားပေးခြင်းသည် စေတနာအလျောက်ဟုပြောခိုင်း

ရှမ်းပြည်နယ်၊ လဲချားမြို့နယ် အခြေစိုက် နအဖ တပ်ရင်း ၅၁၅ မှ ဒုဗိုလ်မှူးကြီးမြင့်မောင်သည် ဒေသခံပြည်သူများအား နိုင်ငံခြားမှ အချက်အလက်ရှာဖွေရေးအဖွဲ့များ ရောက်လာပါက လုပ်အားပေးမှုများသည် မိမိတို့၏ သဘောဆန္ဒအတိုင်း စစ်တပ်ကို ချစ်ခင်၍လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ပြောကြားရန် အမိန့်ပေးထားသည်ဟု သိရသည်။

အလားတူ ရှမ်းပြည်နယ် မိုင်းဆတ်နှင့် မိုင်းတုံတွင်လည်း ၎င်းအမိန့်များကို ညွှန်ကြားထားကြောင်း ရှမ်းသံတော်ဆင့် သတင်းစဉ်တွင် ဖော်ပြထားသည်။

❖ ❖ ❖



## နယ်သာလန်နိုင်ငံတွင် ပထမအကြိမ်နိုင်ငံတကာညီလာခံကျင်းပ နိုင်ငံတကာပြည်သူ့တိုက်ပွဲအဖွဲ့ချုပ်အားဖွဲ့စည်း

နယ်သာလန်နိုင်ငံ၊ ဇက်ဖန်မြို့တွင် သက္ကရာဇ် ၂၀၀၁ ခု မေလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိပထမအကြိမ်နိုင်ငံတကာညီလာခံ (First International Assembly FIA)ကိုပြုလုပ်ကျင်းပခဲ့ကြောင်းသိရှိရသည်။

၎င်းပထမအကြိမ် နိုင်ငံတကာညီလာခံကြီးတွင် နိုင်ငံတကာမှနိုင်ငံပေါင်း (၄၀)၊ လူထုအဖွဲ့အစည်းပေါင်း (၂၃၂)ခုကိုကိုယ်စားပြုသည့် ကိုယ်စားလှယ်နှင့်ဧည့်သည်စုစုပေါင်း (၃၃၆)ဦး တက်ရောက်ခဲ့ကြသည်ကိုတွေ့ရှိရသည်။ ၎င်းကိုယ်စားလှယ်များအနက် မြန်မာပြည်သူလူထုအားကိုယ်စားပြုသည့် ကိုယ်စားလှယ်တဦးလည်း ပါဝင်ကြောင်းသိရှိရသည်။

၎င်းညီလာခံကို IIC ခေါ် နိုင်ငံတကာ စည်းရုံးရေးကော်မတီတခုမှ ဦးစီးကျင်းပပြီး ၎င်းကော်မတီ၏သဘာပတိမှာ ဖိလစ်ပိုင်နိုင်ငံမှ ပါမောက္ခ ဂျိုစီမာရီယာဆီဇုံ ဖြစ်သည်။ ညီလာခံအဖွင့် မိန့်ခွန်းတွင် ဂျိုစီမာရီယာဆီဇုံက ၎င်းသမိုင်းဝင်ညီလာခံအား ခေါ်ဆိုရသည့် သမိုင်းနောက်ခံကို ရှင်းလင်းတင်ပြသည်။ ၎င်းပြည့်သူ့အဖွဲ့ချုပ်သည် ပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီဖြစ်ပေါ်လာရေးကိုဖော်ဆောင်မည့် နိုင်ငံတကာ တိုက်ပွဲဦးစီးအဖွဲ့ပင်ဖြစ်သည်။ နယ်ချဲ့စနစ်နှင့်တကွ ဖောက်ပြန်ရေးအရပ်ရပ်တို့၏ ဖိနှိပ်သွေးစုပ်မှုကို တွန်းလှန်ပြီး ကမ္ဘာပေါ်ရှိ ပြည်သူတို့၏ ဒီမိုကရေစီရေးတိုက်ပွဲများကိုထောက်ခံအားပေးသွားရန်ဖြစ်သည်။

ညီလာခံပထမနေ့တွင် ကိုယ်စားလှယ်များက ILPS ခေါ် နိုင်ငံတကာပြည်သူ့တိုက်ပွဲအဖွဲ့ချုပ်၏"ချာတာ" ခေါ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်းဥပဒေကို သုံးသပ်အတည်ပြုခဲ့သည်။ ၎င်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အဖွဲ့ချုပ်မှတိုက်ပွဲဝင်လုပ်ဆောင် သွားမည့်လုပ်ငန်းစဉ် (၁၈)ရပ်ရှိသည်ကိုတွေ့ရှိရသည်။ ၎င်းတို့အထဲတွင် အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ အလုပ်သမား၊ လယ်သမား၊ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ် စသည်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ပါဝင်လျှက်ရှိသည်ကိုတွေ့ရသည်။

ဒုတိယနေ့ညီလာခံတွင် ကိုယ်စားလှယ်များသည်အဖွဲ့ (၁၅) ဖွဲ့အဖြစ်ခွဲခြား၍ အထက်တွင်ဖော်ပြထားသည့်လုပ်ငန်းစဉ်များတွင် လုပ်ဆောင်မည့်လုပ်ငန်းများကို ဒူးတိုက်ဆွေးနွေးရေးဆွဲခဲ့ကြသည်။

၎င်းအဖွဲ့(၁၅)ဖွဲ့မှ ရေးဆွဲသည့် အဖွဲ့ချုပ်၏လုပ်ငန်းစဉ်အတွက် ဆုံးဖြတ်ချက်များအား ညီလာခံတတိယနေ့တွင်ပြန်လည်ဆွေးနွေးအတည်ပြုခဲ့ကြသည်။ ထို့နောက် နောက်ဆုံးအစီအစဉ်အဖြစ် ညီလာခံမှ ILPS ခေါ် နိုင်ငံတကာပြည်သူ့ တိုက်ပွဲအဖွဲ့ချုပ်ကို ဦးဆောင်ရန် အတွက် အဖွဲ့ဝင် (၃၅)ဦးပါဝင်သည့် ICC ခေါ် နိုင်ငံတကာညှိနှိုင်းရေး ကော်မတီကို တက်ရောက်သည့် ကိုယ်စားလှယ်များက လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ICC အဖွဲ့သည်အဖွဲ့ချုပ်၏ အမြင့်ဆုံးအဆုံးအဖြတ်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်ပြီး ရွေးချယ်တင်မြှောက်ခြင်းခံရသည့်ကိုယ်စားလှယ်ခေါင်းဆောင်များမှာ ဘင်္ဂလားဒေ့(ရှ်)၊ ဘယ်လ်ဂျီယံ၊ ဘီနင်၊ မြန်မာနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ ကွန်ဂို၊ ဒိုမင်နီကန်ရီပါဘလစ်၊ ပြင်သစ်၊ ဂရိ၊ အိန္ဒိယ၊ နီပေါ(လ်)၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ နယူးဇီလန်၊ ပါကစ္စ တန်၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံ၊ တောင်ကိုး ရီးယား၊ တူရကီနှင့် အမေရိကန်ပြည်ထောင်စုမှ ကိုယ်စားလှယ် ခေါင်းဆောင်များ ပါဝင်သည်ကိုတွေ့ရှိရသည်။

ရွေးချယ်တင်မြှောက်ခြင်းခံရသည် ICC အဖွဲ့သည် ၎င်းတို့အတွင်း ICG ခေါ် နိုင်ငံတကာ ဗဟိုဦးစီးအလုပ်အဖွဲ့အား ဆုံးဖြတ်ဖွဲ့စည်းလိုက်သည်။ ICG အလုပ်အဖွဲ့တွင်သဘာပတိအဖြစ် ဖိလစ်ပိုင်နိုင်ငံမှ ခရစ္စပင်ဘဲလ်မာရန် အားရွေးချယ်ပြီး၊ အထွေထွေအတွင်းရေးမှူးအဖြစ် အီရန်နိုင်ငံမှ အာမန်ရီယေဇီကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ICG ခေါ် ဗဟိုအလုပ်အဖွဲ့အဖြစ် ICC ထဲမှပုဂ္ဂိုလ်(၉)ဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ICC ခေါ်နိုင်ငံတကာညှိနှိုင်းရေးကော်မတီအနေဖြင့် ILPS အဖွဲ့ချုပ်ကို ရှေ့ဆောင်ရာတွင် အဖွဲ့ချုပ်ကြီး ကြီးမားကျယ်ပြန့်လာရေးအတွက် ကမ္ဘာတဝှမ်းရှိ လူထုအဖွဲ့အစည်းများအားလုံး အဖွဲ့ချုပ်ကြီးအတွင်းသို့ ပါဝင်လာကြရန် စည်းရုံးသိမ်းသွင်းအားပေးသွားမည်ဖြစ်သည်။ ILPS အဖွဲ့ချုပ်၏ ဌာနချုပ်ကို နယ်သာလန်နိုင်ငံ၊ အူထရက်(ထ်)တွင်ထားရှိရန်သဘောတူ ဆုံးဖြတ်ခဲ့သည်။ ပွဲဦးထွက်တိုက်ပွဲအဖြစ် ILPS သည် ယခုဇူလိုင်လအတွင်း အီတလီနိုင်ငံ၊ဂျီနိုအာမြို့တွင်ပြုလုပ်သည့် G-8 ခေါ်အရင်းရှင် (၈)နိုင်ငံထိပ်သီးအစည်းအဝေးတွင်တက်ကြွစွာပါဝင်ဆန္ဒပြကြသူများအားဦးဆောင်လျှက်ရှိကြောင်း သိရှိရသည်။

မိုးကြိုး

## UWSA အဖွဲ့ မူးယစ်ဆေးဝါး စက်ရုံအသစ်ထပ်ဖွင့်

လောနိုင်ငံနယ်စပ်အနီး တာချီလိတ်မြို့နယ်အတွင်းတွင် UWSAခေါ်'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်က မူးယစ်ဆေးချက်သည့် စက်ရုံအသစ်တခုထပ်မံ ဖွင့်လှစ်လိုက်ကြောင်း၊ ဇူလိုင်လ ၃ ရက်နေ့ထုတ် ရှမ်းသံတော်ဆင့်သတင်းစဉ် တွင်ဖော်ပြပါရှိသည်။

အဆိုပါမူးယစ်ဆေးချက်သည့် စက်ရုံအသစ်မှာ တာချီလိတ်မြို့၏မြောက်ဘက်ကီလိုမီတာ ၆၀ အကွာခန့်ရှိ မိုင်းလင်းနှင့် မိုင်းပါလိုအကြား 'ဝ'တပ်ဖွဲ့များ အခြေချရာ ဝမ်လမ်းရွာတွင် ဇွန်လ ၂၆ ရက်နေ့ကစ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းပါရှိသည်။

ထိုစက်ရုံသည် အဆိုပါဒေသရှိ 'ဝ'လူမျိုးစု ခေါင်းဆောင် Wei Xuegang ၏ထိန်းချုပ်မှုအောက်တွင်ရှိပြီး'ဝ'တပ်ဖွဲ့ဝင်အင်အား ၁၂၀ ခန့်ကဒေသလုံခြုံရေး အတွက် တာဝန်ယူထားကြောင်း သတင်းတွင် ဖော်ပြထားပြီး ဒေသအပြင်ဘက်လုံခြုံရေးကို မိုင်းဖြတ်ဒေသရှိ ခမရ ၃၂၉ ဗိုလ်မှူးသိန်းအောင်၏တပ်ရင်းမှ တပ်သား ၁၂၀ ယောက်တို့ကလုံခြုံရေးတာဝန်ကိုယူပေးထားကြောင်း ရှမ်းသံတော်ဆင့်သတင်းစဉ်တွင် ဖော်ပြချက်အရသိရှိရသည်။

မိုးကြိုး

Source: S.H.A.N

## တောင်တွင်းကြီးက ဘာသာရေး အဓိကရုဏ်း ဖြစ်ရပ်မှန်

လွန်ခဲ့သည့် လအနည်းငယ်ခန့်က စစ်တွေ၊ တောင်ငူ၊ ပြည်နှင့် တောင်တွင်းကြီးမြို့များတွင် အစ္စလာမ်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာရဟန်းသံဃာတော်များ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှုများ နှင့် သေဆုံးမှုများရှိခဲ့ကြောင်း သတင်းများပေါ်ထွက်လာခဲ့သည်။

ထိုဖြစ်ပွားမှုများအနက် တောင်တွင်းကြီးမြို့တွင် ဖြစ်ပွားခဲ့သော အခြေအနေကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့သူတဦးက ပြောကြားရာတွင် အခင်းဖြစ်ပွားသောည ၈ နာရီခန့် အချိန်တွင်မှန်လုံကားတစီးသည်တောင်တွင်းကြီးမြို့လည်ရှိ မူဆလင်ဗလီအနီးသို့ရောက်ရှိလာပြီး ထိုကားထဲမှ အင်္ကျီဝတ်များဆင်းလာကာ ဗလီအတွင်းဝင်ရောက်၍တွေ့ရာမြင်ရာများကို ဖျက်ဆီးသွားခြင်းဖြစ်ကြောင်း၊ ၎င်းနောက် ဗလီနှင့်ကပ်လျက်ရှိသည့် မြို့လည်ဈေးအတွင်းမှ အစ္စလာမ်ဘာသာဝင်များ၏ဈေးဆိုင်နှင့်ဆိုင်ခန်းများအားလည်း ဆက်လက်ဖျက်ဆီးသွားခဲ့ကြကြောင်း၊ ထိုသို့ဖျက်ဆီးပြီးမှ ၎င်းသင်္ကန်းဝတ်များသည် စီးနင်းလိုက်ပါလာသည့် မှန်လုံကားနှင့် ပြန်လည်ထွက်ခွာသွားကြခြင်းကြောင်း၊ ၎င်းသင်္ကန်းဝတ်တို့မှာတောင်တွင်းကြီးမြို့နယ် အတွင်းတွင် တကြိမ်တခါမှ မမြင်ဘူးသည့် မျက်နှာစိမ်းသံဃာတော်များသာဖြစ်ပြီး၊ ဘယ်ဒေသကရောက်လို့ ရောက်လာမှန်းမသိကြရကြောင်း ဖွင့်ပြောကြားသွားသည်။

မိုးကြိုး

⇔ မျက်နှာဖုံးမှအဆက်

ဟု အနောက်နိုင်ငံ သတင်းဌာနများနှင့် ပြည်ပရောက် ဒီမိုကရေစီအင်အားစုများအား ဖြစ်တင်ပြောဆိုမှုပြုခဲ့သည်။

တရားဝင်မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဦးရေ (၂၄၆,၀၀၇) ဦး လာရောက်လည်ပတ်ခဲ့ရာမှ ယခုနှစ် မတ်လကုန်တွင် (၂၀၈,၆၇၆) ဦးသာ လာရောက်ခဲ့ကြောင်း သိရှိရသည်။

"ဒီနေ့မှာတော့ မြန်မာနိုင်ငံမှာငြိမ်းချမ်းရေး ရရှိနေပါပြီ၊ မြန်မာနိုင်ငံရဲ့အကြောင်း သတင်းအမှန်တွေလည်း ကမ္ဘာက သိရှိလာနေပါပြီ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလည်း ပြန်လည်တိုးတက်စပြုနေပါပြီ"ဟု ဗိုလ်ခင်ညွန့်က ဆက်လက်ပြောဆိုသွားသည်။

မြန်မာနိုင်ငံတွင် စစ်အုပ်စုအာဏာရှင်တို့နှင့် ဒီမိုကရေစီလှုပ်ရှားမှု လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD တို့၏ နိုင်ငံရေးပဋိပက္ခကြောင့်လည်းကောင်း၊ စစ်အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအများစုက မြန်မာနိုင်ငံကို သီးခြားအထီးကျန်ဖြစ်ရန် ဖိအားများပေးခဲ့ကြသည်။

ကမ္ဘာ့အဆင်းရဲဆုံးတိုင်းပြည်များတွင် အပါအဝင်ဖြစ်နေသော မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ နိုင်ငံခြားငွေရရှိမှု အလွန်ခေါင်းပါးနေသည့်အတွက် စစ်အစိုးရအနေဖြင့် ၎င်းတို့၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအား ပိုမိုတိုးတက်လာအောင် တန်ပြန်ဝါဒဖြန့်ချိလျက်ရှိကြောင်း ရိုက်တာသတင်း များအရသိရှိရသည်။

မိုးကြိုး

Source: Reuter

## နအဖ မြေမြှုပ်မိုင်းကြောင့် အပြစ်မဲ့ရွာသား ဒုက္ခိတဘဝ ရောက်ရ



နအဖမြေမြှုပ်မိုင်းကိုနင်းမိ၍ လူစဉ်မမီ ဖြစ်ရသည့် ကျေးရွာသားတဦး

နအဖ စစ်တပ်များက တိုင်းရင်းသား ကျေးရွာများအား အဓမ္မရွှေ့ပြောင်းစေပြီးနောက် ထိုကျေးရွာများတွင် မြေမြှုပ်မိုင်းများ မြှုပ်နှံထားလေ့ရှိရာ အဆိုပါ ကျေးရွာများ၌ နေထိုင်သော ကလေးငယ်နှင့် အမျိုးသမီးများအပါအဝင် ရွာသူရွာသားတို့မှာ အသက်အန္တရာယ်မကြာခဏ ကျရောက်သည်သာမက ၎င်းကဲ့သို့ လူစဉ်မမီဖြစ်ရသည့် ဒုက္ခသည်အရေအတွက်မှာလည်း မနည်းတော့ပေ။

❖ ❖ ❖

## ထန်းဟင်းဒုက္ခသည်စခန်း နေရာသစ်ရွှေ့ရေးပြောင်းရေး ကုလသမဂ္ဂမှတိုက်တွန်းသော်လည်း အခြေအနေရေရာမှုမရှိသေး

ထိုင်းနိုင်ငံ ရပ်ချ်ဘူရီခရိုင်အတွင်းရှိထန်းဟင်း (Thum Hin) ဒုက္ခသည်စခန်းတွင်လူဦးရေထူထပ်များပြား၍ ရောဂါဘယများ ထူပြောလျက်ရှိသည့်မြန်မာဒုက္ခသည် များအားနေရာသစ်တခုသို့ ပြောင်းရွှေ့ပေးနိုင်ရန်ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ (NSC)တွင်ဆွေးနွေးနေကြောင်း ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြပါရှိသည်။

လူဦးရေထူထပ်ပြွတ်သိပ်လျက်ရှိသော ထိုဒုက္ခသည်စခန်းတွင် ရောဂါဘယများ ထူပြောများပြားနေပြီး ငှက်ဖျားရောဂါမိခြင်းနှင့်ဝမ်းလျှောခြင်းတို့မှာသာမန်ကိစ္စများ ပမာဖြစ်နေကြောင်းအဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းမြန်မာနယ်စပ်မှ ကီလိုမီတာနှစ်ဆယ်အကွာရှိ တောင်ကြားဒေသတွင်ရှိနေသော အဆိုပါစခန်းတွင် စစ်ဘေးဒဏ်မှ ထွက်ပြေးတိမ်းရှောင်လာသည့် ကရင်ဒုက္ခသည် ၈၂၅၀ ဦး ခိုလှုံလျက်ရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ဖော်ပြောဆိုထားသည်။

ပြီးခဲ့သည့်နှစ်က ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mrs Sadako Ogata ထိုစခန်းသို့ရောက်ရှိလာစဉ် စခန်း၏ အခြေအနေကို မြင်တွေ့ခဲ့ရသဖြင့် ထိုင်းအစိုးရအား ပြင်းထန်စွာပြောဆိုကန့်ကွက်ခဲ့ပြီး စခန်းကိုတိုးချဲ့ပေးရန် ပြောကြားခဲ့ရာ ထိုင်းဘက်က စခန်းပတ်ဝန်းကျင်တွင် ဘေးမဲ့သစ်တောကြိုးဝိုင်းများတည်ရှိနေသဖြင့်တိုးချဲ့ခြင်း မပြုနိုင်ကြောင်းပယ်ချခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ၁၅ နိုင်ငံပါဝင်သော ဥရောပသမဂ္ဂမှလည်း စခန်းပြောင်းရွှေ့ရေးကို ထောက်ခံလိုက်ပြီး လွန်ခဲ့သောလက ထိုင်းအမျိုးသားလုံခြုံရေးကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် စခန်းအခြေအနေကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုင်းတို့ဘက်မှ ဒုက္ခသည်စခန်းအား ယခုထက်ထိ ကောင်းမွန်သောအခြေအနေကို ဖန်တီးပေးခဲ့လျှင် နောက်ထပ်ထွက်ပြေတိမ်းရှောင်ခိုလှုံမည့်သူများထပ်မံဝင်ရောက်လာနိုင်ပြီး ဒေသခံတို့နှင့် ထိပ်တိုက်ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ မိမိတို့သည် အနောက်နိုင်ငံများက သတ်မှတ်ထားသည့် အနေအထားပုံစံမျိုး ပြုလုပ်ရန်မဖြစ်နိုင်ကြောင်း ထိုင်းအမျိုးသားလုံခြုံရေးအရာရှိတဦးက ပြောကြားခဲ့သည်ဟု သိရသည်။

အခြားအရာရှိတဦးကမူ စခန်းအတွင်း ယိုယွင်းလျက်ရှိသော ကျန်းမာရေးအခြေအနေများသည် ပတ်ဝန်းကျင်ရှိ ထိုင်းကျေးရွာများသို့ လာရောက်ရိုက်ခတ်နိုင်သဖြင့် ပြောင်းရွှေ့ပေးနိုင်ပါက ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်းပြောဆိုသွားခဲ့သည်။

ယခုအခါ ထန်းဟင်းဒုက္ခသည်စခန်းမှမြန်မာဒုက္ခသည်များ၏အရေးမှာ ထိုင်းအမျိုးသားလုံခြုံရေးကောင်စီအတွင်း သဘောထား ကွဲလွဲသူများရှိနေသေးသည့်အပေါ်တွင် အခြေအနေရေရာမှုမရှိသေးကြောင်း သိရသည်။

မိုးကြိုး

Source: Bagnkok Post



# ပြောပြပါရစေ

# တိုင်းမှူးကံစမ်းမဲ ပြည်သူတွေမဲ့

သို့

မိုးကြိုးသတင်းစဉ်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်က အဖြစ်အပျက်တခုကိုရေးသား ပေးပို့လိုက်ပါတယ်။ တနည်းအားဖြင့် ကျနော်တို့မိုးညှင်းသား တွေရဲ့ရင်ဖွင့်သံလိုပဲ ဆိုပါရစေတော့ဗျား။

ပြီးခဲ့တဲ့ ဇူလိုင်လ ၂၅ ရက်နေ့ကကျနော်တို့ ကချင်ပြည်နယ်မိုးညှင်းမြို့ကိုမြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဝင်း ရောက်လာခဲ့ပါတယ်။ ဗိုလ်ချုပ်ကျော်ဝင်းဟာ ဝန်ထမ်းသက်သာချောင်ချိရေး အတွက်ဆိုပြီး သူအပိုင်စားရထားတဲ့ ဒေသတွေမှာ ကံစမ်းမဲဖောက်လေ့ရှိပါတယ်၊ ဒါကသူ့ဝါသနာပေါ့လေ။ သူကံစမ်းမဲဖောက်ပုံကလည်းကြည့်ဦး။ ကံစမ်းမဲပေါက်တဲ့ဝန်ထမ်းဟာတခါတည်းဆုငွေရတယ်ဆိုတာမျိုးတော့ မရှိပါဘူး။ ဆုငွေပေးပုံစနစ်ကလည်း ခပ်ဆန်းဆန်းရယ်ပါ။ သူ့အိတ်ထဲကငွေနဲ့ကံစမ်းမဲဖောက်တာမျိုးလည်းမဟုတ်ဘူး။ မဲပေါက်တဲ့သူအတွက် သူကစာရွက်တရွက်ပေါ်မှာ ဆုငွေဘယ်၍ဘယ်မျှဆိုတဲ့ ပမာဏကိုထည့်ပြီး လက်မှတ်ပဲ ထိုးပေးခဲ့တာပါ။ အဲ....အဲဒီဆုငွေအတွက် မယကနဲ့ဒေသခံ တာဝန်ရှိသူတွေက တမြို့နယ်လုံးလှည့်ပတ် ငွေကောက်ခံပြီး ဆုမဲပေါက်တဲ့လူကို ပေးဖို့ ဗိုလ်ချုပ်က အမိန့်ပေးထားတယ်ဆိုပဲဗျာ။

ဒီတော့ မယကတို့ ရယက တို့ကမိုးညှင်းတမြို့နယ်လုံးမှာရှိတဲ့ ကျေးရွာတွေက ပြည်သူတွေဆီမှာမိသားစု အခြေခံစီးပွားရေးအရ ခွဲတမ်းချ ငွေကြေးသတ်မှတ်ပြီး အိမ်ထောင်စုတိုင်း မထည့်မနေရစနစ်နဲ့ အဓမ္မကောက်ခံနေပါတယ်။ အရင်က ကျနော်တို့ မြန်မာစကားပုံမှာ "သူကြီးဘုရားရှာသားကောင်းမှု" လို့သာရှိခဲ့ပေမယ့် ကျနော်တို့ ကချင်ပြည်နယ်မှာတော့ တိုင်းမှူးကံစမ်းမဲ ပြည်သူတွေမဲ့ဆိုတဲ့စကားလုံးအသစ်ဖြစ်လာပြီး ကျနော်တို့ ပြည်သူတွေမှာ သူတို့အနိုင်ကျင့်တာကို သိသိကြီးနဲ့ ခံနေကြရတယ်ဆိုတာအများသိအောင် မိုးကြိုးသတင်းစဉ်ကတဆင့် ဖော်ပြပေးစေလိုပါတယ်ခင်ဗျား။

**မိုးညှင်းသားတဦး**
**ကချင်ပြည်နယ်**

# လူငယ်နှင့်ပညာရေး

••••••••••

**သို့**
**မိုးကြိုးသတင်းစဉ်**

ဒီနေ့ကျနော်တို့ နိုင်ငံမှာ အခြေခံပညာအဆင့်ကနေတက္ကသိုလ်ပညာအဆင့်အထိတနေ့တခြားယိုယွင်းလာပြီးတော့ အရည်အချင်းမရှိတဲ့သူတွေကများလာပါတယ်။ စစ်အစိုးရဟာ နိုင်ငံရဲ့အာဏာကိုရယူပြီး ပညာရေးစနစ်ကို တခုပြီးတခု၊တမျိုးပြီးတမျိုး ပြောင်းလဲလာပါတယ်။ စနစ်တခုကို (၂)နှစ်(၃)နှစ်ထား၊နောက်စနစ်တခုပြောင်း၊ စနစ်တခုတိုးတက်မှုရှိမရှိကို အောက်ခြေအထိ ဆင်းပြီးလေ့လာချက်လည်းမရှိပါဘူး။ ပညာအရည်အချင်းဆန်းစစ် တိုင်းတာမှုတွေကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိဖြစ်နေပါတယ်။ သက်ဆိုင်ရာဌာနတာဝန်ရှိသူတွေကလည်းတကယ် ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို အမှန်အတိုင်း တင်ပြခွင့်မရှိတော့သူတို့ပြောသမျှအစီအစဉ်တွေကို လိုက်နားထောင်ရင်း အစည်းအဝေးတွေပြီးဆုံးသွားခဲ့ပေါင်းလည်းများပါပြီ။ ကွန်ပြူတာပေးထားတဲ့ကျောင်းတွေ ရှိပေမယ့်လည်း ကျောင်းသားတိုင်း ကွန်ပြူတာကိုကိုင်တွယ်ခွင့်၊ ထိတွေ့ခွင့်မရရှိပါဘူး။ ဆင်းရဲချို့တဲ့တဲ့ကျောင်းသားတွေဆိုရင်ကွန်ပြူတာဆိုတာ ဘာမှန်းတောင်နားမလည်ဘဲနဲ့ ကျောင်းမှာကျတော့ ကွန်ပြူတာကြေးကိုပုံမှန် ပေးနေရပါတယ်။ မြန်မာပြည်မှာ အစိုးရကျောင်းတွေအများကြီးရှိပေမယ့် ငွေကြေးအကုန်အကျခံနိုင်ရင်တော့ ကောင်းပေ့ဆိုတဲ့ ကျောင်းကိုတက်လို့ရတယ်။ ဥပမာ– လသာ(၂)၊ အင်းယားလမ်းမှာရှိတဲ့အော်ဂတ်စတင်းကမာရွတ်(၂) နဲ့တီတီစီ စတဲ့ကျောင်းတွေမှာတက်နိုင်တယ်။ ပုဂ္ဂလိကကျောင်းအနေနှင့် တလ (၄–၅) သောင်းကုန်တဲ့ ILBC နဲ့ ES4E စတဲ့ကျောင်းတွေရှိပေမယ့် ငွေကြေးတတ်နိုင်တဲ့မိသားစုများကသားသမီးများသာတက်နိုင်ကြပါတယ်။ ပညာသင်ကြားမှုစနစ်မှာလည်း ငွေကြေးတတ်နိုင်မှုအပေါ် အခြေခံပြီး ပြောင်းလဲမှုတွေရှိနေပါတယ်။ အစိုးရကျောင်းတွေမှာပညာသင်ကြားမှု ပြည့်စုံနေရင်ဘယ်ကျောင်းသူကျောင်းသားကမှ ပုဂ္ဂလိကကျူရှင်ကိုတက်မှာ မဟုတ်ပါဘူး။ ယခုမြန်မာပြည်မှာ နာမည်ကြီးကျူရှင်တခုကကျူရှင်ဆင်းချိန်မှာဆိုရင်အထက်တန်းကျောင်းကကျောင်းဆင်းတာထက်တောင်ပိုနေပါသေးတယ်။ ကျောင်းသူကျောင်းသားတွေ ကျောင်းကိုအားမကိုးဘဲ ကျူရှင်ကို အားကိုးနေကြရတယ်။ ကျောင်းတွေမှာ စာပေအတတ်ပညာတွေ ရခွင့်နည်းသလို၊ ကွန်ပြူတာတပ်ဆင်ထားပေမယ့်သုံးခွင့်မရပါဘူး။ ကျနော်တို့ မြန်မာပြည်ကကျောင်းသားဘဝဟာအလွန်အတတ်ပညာချို့တဲ့ပါတယ်။ နာမည်ကြီးတဲ့ MCC တို့ KMD တို့လိုကွန်ပြူတာသင်တန်းတွေကငွေရှိမှတက်နိုင်ကြတာပါ။ ကျနော်တို့ မြန်မာပြည်မှာ ပညာကိုငွေနဲ့ဝယ်ယူနိုင်မှသာရတော့မှာမို့ ကြာလာတော့အာဏာ၊ရာထူးနဲ့ငွေကြေး ရှိသူတွေသာ ပညာတတ်တွေဖြစ်လာကြပြီး ကျနော်တို့သာမာန်နေမှုထိုင်မှုတွေထဲက လူထုဘဝကတော့ ပညာမဲ့အသိမဲ့တွေဖြစ်သထက်ဖြစ်ရင်းနစ်သထက်နစ်ရင်းပဲဆိုတာ မိုးကြိုးကနေ ပညာရေးကော်မတီဥက္ကဌကြီး ဗိုလ်ခင်ညွန့်ကြားအောင် တဆင့်ပြောပေးလိုက်ပါလို့ ....။

**အငြိမ်းစားကျောင်းဆရာတဦး**
**ရန်ကုန်မြို့**

# စစ်ကိုင်းတိုင်းအတွင်းပဲအခွန်ငွေများ နအဖ တို့ အဓမ္မတောင်းခံနေခြင်း

ပြီးခဲ့သည့် ဇူလိုင်လ က စစ်ကိုင်းတိုင်းအတွင်းရှိကျေးရွာများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ကုလားပဲအတွက် အခွန်ငွေများ အဓမ္မတောင်းခံခဲ့ရာအခွန်မဆောင်နိုင်သူများ အဖမ်းခံခဲ့ကြရကြောင်း မဇ္ဈိမသတင်းများတွင် ဖော်ပြပါရှိသည်။

အဆိုပါသတင်း၌ ဖော်ပြထားရာတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း၏အမိန့်နှင့်မုံရွာခရိုင်၊ ချောင်းဦးခရိုင်နှင့် စိုင်ပြင်ခရိုင်များအတွင်းရှိ ကျေးရွာများမှကုလားပဲများကို တပ်ရိက္ခာအတွက် အခွန်ကောက်ခံခဲ့ကြောင်း၊ယခုနှစ်မတ်လနှင့်ဧပြီလများတွင်ထာကေလျှံကုလားပဲ တတောင်းနှုန်းပေးသွင်းရန်တောင်သူများအားအမိန့်ထုတ်ထားကြောင်း သိရှိရသည်။

သို့ရာတွင် ရာသီဥတု ဖောက်ပြန်၍ကုလားပဲအထွက်နှုန်းကျဆင်းသွားခဲ့ရာ ပဲတောင်သူများအတွင်းအခွန်ဆောင်ရန်ပျက်ကွက်သူများရှိလာရာ ထိုကဲ့သို့ပျက်ကွက်သူများတရွာလျှင်(၁၅)ဦးခန့် အဖမ်းခံခဲ့ရကြောင်း မဇ္ဈိမသတင်းတွင်ဖော်ပြထားသည်။

မိုးကြိုး

*Source: MIZZIMA*

# ချင်းရိုင်ခရိုင်တွင်"ရာဘ"ဆေးပြား ၂ ဆတိုး ဖမ်းမိ

လွန်ခဲ့သောရက်များ အတွင်းချင်းရိုင်ခရိုင်တွင် ဖမ်းဆီးရမိသော'ရာဘ'ဆေးပြား အရေအတွက်သည် ယခင်နှစ် တနှစ်လုံး ဖမ်းဆီးရမိခဲ့သည့် ဆေးပြားအရေအတွက်နီးပါးရှိနေပြီဖြစ်ကြောင်း၊ ထိုင်းအဆင့်မြင့်ရဲအရာရှိတဦး၏ ဖော်ပြချက်ကိုကိုးကား၍ နေရှင်းသတင်းစာတွင်ဖော်ပြထားသည်။

ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှိမ်နင်းရေးဌာန၏ ဒုတိယအကြီးအကဲဖြစ်သူ ရဲဗိုလ်မှူးကြီး သန်နာကစ်၏ ပြောကြားချက်အရ ချင်းရိုင်ခရိုင်တွင် ယခုနှစ် ဇန်ဝါရီလ (၁)ရက်မှ ဇူလိုင်လ (၃၁)ရက် အတွင်း'ရာဘ'ဆေးပြားအလုံးရေ (၄၆၆၁၃၂၄)ပြားဖမ်းဆီးရမိခဲ့ရာ ယခင်နှစ်က ဖမ်းဆီးမိခဲ့သည့် ဆေးပြားလုံးရေ (၅၅၇၃၄၇၇)ပြား နီးပါးခန့်ရှိကြောင်း ထုတ်ဖော်ပြောဆိုသွားသည်။ ယခုနှုန်းအတိုင်း သာသွားမည်ဆိုပါက ယခုနှစ်သည် ၂၀၀၀ ခုနှစ်ထက်၂ဆပို၍ ဖမ်းဆီးရမိနိုင်ကြောင်း အဆိုပါအရာရှိကြီးက ဆက်လက်ပြောကြားသွားသည်။

ထိုင်းအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့၏ ခန့်မှန်းတွက်ချက်မှုအရ ၉၀%သောမူးယစ်ဆေးဝါးများသည် ထိုင်းနိုင်ငံအနှံ့ရှိမြို့များ၊ လမ်းများပေါ်သို့ပြန့်နှံ့ရောက်ရှိနေကြောင်းဖော်ပြထားပြီး UWSA ခေါ် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်များ၏ လက်ချက်နှင့်မကင်းကြောင်း စွပ်စွဲပြောဆိုသွားသည်။

# ကြွေးဆူလျှင်မပူ ပြည်သူဆပ်လိမ့်မည် နအဖတို့ ရုရှားနှင့် စစ်ရေးသဘောတူစာချုပ်လက်မှတ်ထိုး

ဩဂုတ်လပထမပတ်အတွင်း ရုရှားနိုင်ငံမှ ဒုတိယကာကွယ်ရေး ဝန်ကြီးဦးဆောင်သော အဆင့်မြင့် စစ်ရေးကိုယ်စားလှယ်အဖွဲ့တဖွဲ့ ရန်ကုန်မြို့သို့သွားရောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနကဖော်ပြထားသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ကို ဒု–ကာကွယ်ရေးဝန်ကြီး မ်ခေးလ်မစ်ထရီရော့ဗ်က ဦးဆောင်ပြီး နအဖ ဒု–ကာကွယ်ရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး တင်လှဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်စစ်ရေးဆိုင်ရာနှစ်ဘက်သဘောတူညီချက်များ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဌာနမှ ထုတ်ဖော်ပြောဆိုခဲ့သည်။

ASB စစ်ဘက်သတင်းဌာန၏ဖော်ပြချက်တွင်မူ နှစ်ဘက်ကိုယ်စားလှယ်အဖွဲ့သည် စစ်လက်နက်ပစ္စည်းရောင်းဝယ်ရေး စစ်ရေးနည်းပညာများ ကူညီထောက်ပံ့ရေး အပါအဝင် အခြားစစ်ရေးဆိုင်ရာသဘောတူညီချက်များ လက်မှတ်ရေးထိုးကြမည်ဖြစ်ပြီးအသံထက်မြန်သော MIG-29တိုက်လေယဉ်များရောင်းချရေးကိစ္စလည်း ပါဝင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် သတင်းအချက်အလက်အသေးစိတ်ကိုထုတ်ပြန်ခဲ့ခြင်းမရှိပေ။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အုပ်စုတို့အာဏာသိမ်းပြီးချိန်မှစ၍ စစ်တပ်အင်အားကိုတိုးချဲ့လာခြင်း၊ ပိုလန်၊ ယူဂိုစလပ်နှင့် တရုပ်ပြည်တို့မှ ခေတ်မီစစ်လက်နက်ပစ္စည်းများ မှာယူတင်သွင်းနေခြင်းများ အဆက်မပြတ်ပြုလုပ်ခဲ့ရာ လွန်ခဲ့သည့်(၅) နှစ်ခန့်ကလည်း၊ရုရှားလုပ် MIG -17 အမျိုးအစားရဟတ်ယာဉ်များ (၂) ကြိမ်တိုင်တိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရုရှား–မြန်မာနှစ်နိုင်ငံသည် မဆလလက်ထက် ၁၉၇၉ ခုနှစ်ဝန်းကျင်မှစ၍ ဆက်ဆံရေးအေးစက် နေလာခဲ့ရာ ပြီးခဲ့သည့်ဇူလိုင်လတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် မော်စကိုမြို့သို့ သွားရောက်ခဲ့ပြီး နောက်ပိုင်း အပြန်ပြန်အလှန်လှန် ဆက်သွယ်မှုများပြန်ဖြစ်လာခဲ့သည်။ နအဖဝန်ကြီးတဦးဖြစ်သူ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဦးသောင်းကလည်း မော်စကိုမြို့သို့သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင်ညူကလီးယားဓါတ်ပေါင်းဖိုအပါအဝင်နည်းပညာဆိုင်ရာအကူအညီများသွားရောက်တောင်းခံခဲ့ကြောင်းသိရသည်။ ရုရှားတို့ဘက်မှရန်ကုန်မြို့သို့ယခုလိုလာရောက်ခြင်းမှာ ၁၉၇၉ ခုနှစ်နောက်ပိုင်းပထမဆုံး အကြိမ်ဖြစ်၍ အီလက်ထရောနစ်ပစ္စည်းများနှင့်ရေဒီယိုဆက်သွယ်ရေးအဆင့်မြင့်ကိရိယာများရောင်းချရေးတို့လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

နအဖစစ်အုပ်စုတို့အနေနှင့် နိုင်ငံတွင်းစီးပွားရေး၊ လူမှုရေးစသည့်ဘက်ပေါင်းစုံကျဆင်း ကပ်ဆိုက်နေချိန်တွင်ယခုလို စစ်ရေးအသုံးစရိတ်များပိုမိုမြှင့်တင်သုံးစွဲလာခဲ့သည့်အတွက်ဒေသအတွင်းအထူးစိုးရိမ်မှုများဖြစ်ပေါ်လာခဲ့ကြောင်းလည်းသိရသည်။ စစ်အုပ်စုအနေဖြင့် အမေရိကန်ဒေါ်လာသန်း(၁၃၀)ဖိုးရှိ MIG-29 လေယာဉ်များဝယ်ယူရန် ပထမအရစ်အနေဖြင့် သုံးပုံတပုံကို ပေးချေရမည်ဖြစ်ပြီး၊ ကျန်ကြွေးမြီများကို မြန်မာ့လယ်ယာ၊ သစ်တောနှင့် ပင်လယ်ပြင်များရှိ သစ်၊ ဆန်စပါးနှင့် ငါးများဖြင့်( Barter System)ပေးချေရမည်ဖြစ်ရာ ဆင်းရဲတွင်းနက်လွန်းလှသည့် မြန်မာလူထုမှာမမွေးခင်ကကြွေးတင်နေရသည်ဟု၍ ညည်းတွားနေကြကြောင်းသိရှိရသည်။

❖

# ရှစ်လေးလုံးအထိမ်းအမှတ် ပဲခူးမြို့လူငယ်လှုပ်ရှားမှုများ

၅–၈–၂၀၀၁ ခုနှစ်ည (၁၀)နာရီခန့်တွင် ပဲခူးမြို့ရွှေမော်ဓောဘုရားလမ်း တလျှောက် စက်ဘီးစီးလူငယ်ခုနှစ်ဦးခန့်သည် "၆–၈–၈၈ ကို မမေ့ကြနဲ့၊ စစ်အစိုးရ အလိုမရှိ၊ ငါတို့ကျောင်းသားတွေ ပြန်လွှတ်ပေးရေး"ဟု အော်ဟစ်သွားကြသည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ပဲခူးမြို့ အာဏာပိုင်များက ညဘက်ထွက်ကြသည့် လူငယ်များအား မသင်္ကာမှုဖြင့် ခေါ်ယူစစ်ဆေးမှုများ ရှိကြောင်း သိရသည်။ ၎င်းအပြင် "ရှစ်လေးလုံးကိုမမေ့ကြနဲ့""နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေး" ဟုရေးထားသည့် စာရွက်များပဲခူးမြို့ပတ်ဝန်းကျင်တွင် ပြန့်နှံ့နေကြောင်းပဲခူးမြို့စစ်ထောက်လှမ်းရေးတပ်ဆွယ်(၃)၊ ရဲစခန်းအမှတ်(၁) အမှတ်(၃)နှင့် ကြံ့ဖွတ်အဖွဲ့ဝင်များက လိုက်လံသိမ်းယူနေကြကြောင်း သိရသည်။ ဖမ်းဆီးမှုများ မရှိသေးကြောင်း သတင်းရရှိသည်။ ပဲခူးမြို့ဒီမိုကရေစီလူထုအုံကြွမှုသည် ၁၉၈၈ ဩဂုတ်လ (၆) ရက်နေ့တွင် ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့်သွေးမြေကျအသက်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က သေဆုံးသွားရသူများမှာအထက်တန်းကျောင်းသားများဖြစ်ကြသည်ဟုသိရသည်။ ထို့ပြင် ပြီးခဲ့သည့် ၁၉၈၈ ခုနှစ် ကိုးလေးလုံးအထိမ်းအမှတ်ဒီမိုကရေစီ လှုပ်ရှားမှုအတွက် အမျိုးသမီးများ အပါအဝင် ပဲခူးမြို့ခံလူငယ်များ အဖမ်းအဆီးခံခဲ့ရပြီး နှစ်ရှည်ထောင်ဒဏ်များ ကျခံခဲ့ရကြောင်းသိရသည်။

မိုးကြိုး

# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲသတင်းများ



### တပ်မဟာ(၂)နယ်မြေ။

(၁၃-၇-၂၀၀၁)ရက်နေ့ ည(၇)နာရီ (၁၅) မိနစ်အချိန်တွင် မိမိတို့တပ်ဖွဲ့နှင့်ရန်သူ (ခမရ)၂၆ တို့ စီဟဲတဲရွာအနီး၌ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ရန်သူတပ်ကြပ်ကြီး တဦးဒဏ်ရာရရှိ။ ရန်သူ ခလရ(၃၀) နှင့် ခလရ(၅၃) ပူးပေါင်းတပ်ဖွဲ့သည် ကော်စိုးခိုခလယ်လဂွင်တွင်မိမိတပ်ဖွဲ့များနှင့်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ရန်သူတပ်ကြပ်ကြီး (၁)ဦး၊ တပ်သား (၁)ဦးဒဏ်ရာရရှိသည်။ ၎င်းနေ့ ၁၀ နာရီ၊မိနစ် ၄၀ အချိန်တွင် မိမိတို့မှ ခလရ(၃၀)၊စစ်ကြောင်း(၂)အား၊ ကလေးစိုးခီးခလယ်လားရေိယာတွင် ချုံခိုတိုက်ခိုက်ရာရန်သူမှတပ်ကြပ် (၁)ဦး၊ ဒုတပ်ကြပ်(၁)ဦး၊ တပ်သား (၁)ဦး ထိခိုက်ဒဏ်ရာရပြီး မိမိဘက်မှ အထိအခိုက်မရှိကြောင်း သိရသည်။

### တပ်မဟာ(၃)ရေိယာ နယ်မြေ။

တပ်ရင်း(၈) ၁-၇-၀၁ ရက်နေ့၊ နေ့လည် ၁၂ နာရီအချိန်တွင်မိမိတို့တပ်ဖွဲ့သည်ရန်သူ့ ကျောက်တောင်စခန်းအား ဝင်ရောက်တိုက်ခိုက်ရာမိမိတို့တပ်ဖွဲ့မှရန်သူ အရာခံဗိုလ်၏ အမှတ်အသား တံဆိပ်တခု၊ ဝီစီခရာ (၂)လုံး၊ စစ်ယူနီဖောင်း (၂) စုံ၊ ကျောပိုးအိတ် (၅)လုံး၊ အီကွင့်မင့် (၂) စုံ၊ ကျည်မဂ္ဂဇင်း (၂) ချပ်၊ ဂျီသရီး ကျည် (၂၅) တောင့်၊ ဂျီသရီး(၂) လက်၊ အရာခံဗိုလ် (၁) ယောက်ဒဏ်ရာရပြီး တပ်ကြပ်ကြီး (၁) ဦး၊ရဲဘော် (၁)ဦး ကျဆုံးခဲ့ကြောင်းသိရသည်။

(၁၄-၇-၂၀၀၁)ရက်နေ့ တွင် ရန်သူ ခမရ(၁၁)အား မိမိတို့ဘက်မှ ပြောက်ကျား ချုံခိုတိုက်ခိုက်ရာ ရန်သူ့ဘက်မှ (၁)ဦးဒဏ်ရာ ရရှိသွားခဲ့သည်။

၁၅-၇-၂၀၀၁ရက်နေ့ ရန်သူ ခမရ(၁၁၆)အား ဟိုးလေးခိုတွင်ချုံခိုတိုက်ခိုက်ရာ ရန်သူ့တန်ပြန် ပြောက်ကျား (၁)ဦး ကျဆုံးကြောင်းသိရသည်။

### တပ်မဟာ(၄)ရေိယာ နယ်မြေ။

(၄-၇-၂၀၀၁)ရက်နေ့ နံနက် ၅ နာရီ အချိန်တွင် မိမိတို့ တပ်ရင်း(၁၀)သည် ရန်သူခမရ(၃၇၆) အား ခလယ်မူနှင့်စောထီးလိုရွာကြား တွင် မိနစ် ၃၀ ကြာခန့် ပြောက်ကျား တိုက်ခိုက်ရာရန်သူ့ဘက်မှဒုတပ်ရင်းမှူး သန်းဝင်း(၁) နှင့်တပ်ကြပ်ကြီး (၁)ဦး၊ ဒုတပ်ကြပ်(၁)ဦးကျဆုံးခဲ့သည်။ (၅)ဦးဒဏ်ရာရရှိရာတွင် ဒုခွဲမှူး(၁)ဦး ပါဝင်သည်။ မိမိတို့ဘက်မှ ထိခိုက်မှု မရှိကြောင်း သိရသည်။

(၅-၇-၂၀၀၁)ရက်နေ့ နံနက် ၈ နာရီ တွင် ၎င်းရန်သူအဖွဲ့ နှင့်ပင် စောထီးလိုနှင့်ဖွေးလိုအကြား (၂၅)မိနစ်ကြာတိုက်ပွဲဖြစ်ပွားရာ နောက်ထပ်ရန်သူ(၂)ဦးသေဆုံးပြီး၊ (၂)ဦးဒဏ်ရာရခဲ့သည်။ မိမိဘက်မှ ထိခိုက်သူ မရှိကြောင်းသိရသည်။

(၆-၇-၂၀၀၁) ရက်နေ့ တွင် ညနေ ၅ နာရီ အချိန်၌ ခမရ (၃၇၆) နှင့် မိမိတပ်ဖွဲ့သည် ခလယ်ဖူး နှင့်ခေါပေါ်ရွာအကြား (၁၀) မိနစ်ကြာ ပြန်လည်ရင်ဆိုင်တိုက်ပွဲပွားခဲ့ရာ ရန်သူ(၁)ဦးသေဆုံးပြီး ဒဏ်ရာရသူ မသိရပါ။

(၈-၇-၂၀၀၁)ရက်နေ့ တွင်ရန်သူ ခမရ(၃၇၆)နှင့်ပြည်သူ့စစ် အဖွဲ့သည်မိမိတပ်ဖွဲ့ဖြင့် ဖွေးဖိုးကလား တွင် (၁၀)မိနစ်ကြာတိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူအကျအဆုံး မသိရပါ။

(၉-၇-၂၀၀၁)ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မိမိတို့ တပ်ရင်း(၁၀)နှင့်တပ်ခွဲ(၂)ပူးပေါင်းပြီး ရန်သူ ခမရ(၃၇၆)၊ (၃၇၉)ပူးပေါင်း အဖွဲ့တို့စောထီးလိုနှင့်ဖွေးဖိုးကလား ရွာကြားတွင် ၁၅ မိနစ်ကြာရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ (၁) ဦး ဒဏ်ရာရရှိခဲ့ပြီး မိမိတို့ဘက်မှ (၁) ဦး ဒဏ်ရာရခဲ့သည်။ ကျောပိုးအိတ် (၂) လုံး သိမ်းဆည်းရမိသည်။

(၁၀-၇-၂၀၀၁)ရက်နေ့ ၁၂ နာရီအချိန်၌ မိမိတို့တပ်ရင်း (၁၀)နှင့်တပ်ခွဲ(၂)ပူးပေါင်းပြီး ရန်သူ ခမရ(၃၇၆)အား နော်တရူး တရော်ရွာဘေးတွင် ၄၀ မိနစ်ကြာ ရင်ဆိုင်တိုက်ခိုက်ရာရန်သူ ဘက်မှ(၅)ဦး သေဆုံးပြီး(၁)ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ မိမိတို့ဘက်မှ (၂)ဦးကျဆုံးပြီး ရန်သူ့ထံမှ MA 1၊ ကျည်မဂ္ဂဇင်း(၅)ခု၊ ကျည်ဆံ (၁၀)လုံး၊ အမ် ၇၉ကျည်ဆံ(၁)လုံး၊ နာတိုးကျည် (၃၉)တောင့် ရရှိသည်၊ မိမိတို့မှ အမ်၁၆ (၅)လက်၊အမ်-၇၂(၂)လက်၊ ကျည်ဆံ(၂)လုံး၊ စကားပြောစက် (၁)လုံး၊ ရန်သူ့ထံမှ သိမ်းဆည်း ရမိသည်။

### တပ်မဟာ(၅) ရေိယာ နယ်မြေ။

(၁၀-၇-၂၀၀၁)ရက်နေ့ တွင်မိမိတို့ဘက်မှကျော်ထရေိယာ အမှတ်မသိရန်သူတပ်ဖွဲ့အားပြောက်ကျား တိုက်ခိုက်ရာရန်သူ(၁)ဦးကျဆုံးခဲ့ ကြောင်းသိရသည်။ ထိုနေ့၌ပင် ဖလခိုနှင့် ထိဒဲအောတွင် ၎င်းတပ်အား ထပ်မံတိုက်ခိုက်ရာ ရန်သူ(၁)ဦး ကျဆုံးခဲ့သည်။ (၂၇-၇-၂၀၀၁)ရက်နေ့တွင် မိမိဘက်မှ ရန်သူအား စော်စေးတေးဒေသတွင် ပြောက်ကျား တိုက်ခိုက်ရာရန်သူ (၁)ဦး၊ ဒဏ်ရာ ရရှိသွားကြောင်းသိရသည်။

၂၅-၇-၂၀၀၁ ရက်နေ့ တွင် မောစက်ကဲခီး၌ ရန်သူတပ်ရင်း အမှတ်မသိအားပြောက်ကျား တိုက်ခိုက်ရာ ထိခိုက်မှုမသိရပါ။ ၂၂-၇-၂၀၀၁ ရက်နေ့ ထီးခလူဂွင်တွင် ပြောက်ကျားပစ်ခတ် ရာ ရန်သူ(၁)ဦး ဒဏ်ရာရခဲ့သည်။

၂၈-၇-၂၀၀၁ ရက်နေ့ ဖလခိုထီးတဲအောတွင် တပ်ရင်း အမှတ်မသိရန်သူအား ပစ်ခတ်ရာ (၁)ဦး ကျဆုံးကြောင်းသိရသည်။ ၎င်းနေ့၌ပင် တပ်ရင်းအမှတ်မသိ ရန်သူအား လယ်ဝါးဒေးတွင်ထပ်မံ ပစ်ခတ်ရာရန်သူ (၁)ဦး၊ စီဒေးတွင် ၁ဦး အပြင်းအထန် ဒဏ်ရာရရှိ ကြောင်းသိရသည်။ ၃၁-၇-၂၀၀၁ ရက်နေ့ ကလူတေးတွင် မိမိတို့မှ ပြောက်ကျားတိုက်ခိုက်ရာအထိအခိုက် အကျအဆုံးမသိရပါ။

### တပ်မဟာ(၆)

၁၂-၇-၂၀၀၁ ရက်နေ့ နံနက် ၂ နာရီ အချိန်တွင် ရန်သူ (ငြိမ်းချမ်းရေး)တပ်ဖွဲ့၊ ဆပ်တဖူးတပ်ဖွဲ့ တို့နှင့် အူးကျူးခီးတွင် ၅ မိနစ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ငြိမ်းချမ်းရေး တပ်မှ(၂)ဦးသေပြီး ကျန်လူများ ထွက်ပြေးလွတ်မြောက်သွားသည်။ မိမိတို့ဘက်မှ အေကေ(၂)လက်၊ ကျည်ဘောက် (၁၅၀)၊ အီကွင့်မင့် (၁) စုံ၊ ကျောပိုးအိတ်(၂)လုံး သိမ်းဆည်း ရမိပြီး အကျအဆုံး မရှိကြောင်းသိရ သည်။

၄-၈-၂၀၀၁ ရက်နေ့ ၁၁ နာရီ မိနစ်၄၀အချိန်တွင် မိမိတို့တပ်ရင်း ၁၈ မှ ခမရ (၅၄၇) စစ်ကြောင်းအား မဲကလောခီး နှင့် ကျိုက်ဒုံခြုံတွင် ချုံခိုပစ်ခတ်ရာ ရန်သူ ၈ ဦးကျပြီး၊ ၁၀ ဦးဒဏ်ရာရရှိသွား ကြောင်း သိရသည်။

၃-၈-၂၀၀၁ ရက်နေ့ ၁၂ နာရီ ၄၅ မိနစ် အချိန်တွင် မိမိ တပ်ရင်း ၁၈ မှ ရန်သူ ခလရ(၂၀၃) အား မယ်ပလယ်နှင့် ပလောဦးတော်ကြား ၅ မိနစ်အကြာ ပြောက်ကျား တိုက်ခိုက်ခဲ့ရာရန်သူ ၂ ဦးသေဆုံးပြီး ၁ ဦး ဒဏ်ရာရသွားသည်။ မိမိတို့ ဘက်မှစစ်ဖိနပ် ၁ ရံ၊ ဦးထုပ် ၁လုံး၊ အမ် ၁၇ ကျည်တလုံး သိမ်းဆည်းရမိ သည်။ ၁-၈-၂၀၀၁ ရက်နေ့ နံနက် ၇ နာရီ အချိန်မိမိတို့ အထူးတပ်ရင်း အဖွဲ့သည် ရန်သူ ခမရ(၄)အား မဲကနဲ ရွာဘေးတွင် ပြောက်ကျား ပစ်ခတ်၍ ၇ နာရီ ၄၀ မိနစ် အချိန်တွင် မိမိတို့မှ ဆုတ်ခွါခဲ့ပြီး သစ်ထိုးလိုးရွာအထက်တွင် ပြန်လည်ရင်ဆိုင်ပစ်ရာ ၃၅ မိနစ်ကြာ တိုက်ပွဲဖြစ်ပြီး၊ ရန်သူ ၇ ဦးကျဆုံး၍ ၁ ဦးပြင်းထန်စွာ၊ဒဏ်ရာရခဲ့သည်။ ရွာသား ၁ ဦးဒဏ်ရာရပြီး မိမိဘက်မှ တိုင်းပြည်နှင့်လူမျိုးအတွက်(၂)ဦး အသက်ပေးလှူခဲ့ရသည်။

၂၉-၇-၂၀၀၁ ရက်နေ့ ၁၀ နာရီ ၅၅ မိနစ် အချိန်တွင် မိမိတို့၏တပ်ရင်း (၁၇)သည် ခမရ(၅၄၆)ဗိုလ်မှူး ဇော်နိုင် ဦးစီးသောစစ်ကြောင်း အား ကလဲမူထာ ကားလမ်းပေါ်တွင် ပြောက်ကျား ပစ်ခတ်ရာရန်သူတပ်ကြပ်ကြီး ၁ ဦး အပါအဝင် ၂ ဦးသေဆုံးပြီး၊ ၂ ဦး ဒဏ်ရာရရှိသွားသည်။

### တပ်မဟာ(၇)

၂၇-၇-၂၀၀၁ ရက်နေ့ ည ၉ နာရီ ၁၀ မိနစ် အချိန်တွင် ဒီကေဘီအေနှင့်မိမိတပ်ဖွဲ့တို့သည် သစ်ကာယလောသိခီးတွင် ရင်ဆိုင် တိုက်ပွဲဖြစ်ပွားရာ ရန်သူ(၁)ဦး ဒဏ်ရာရသွားသည်။ ၂၁-၇-၂၀၀၁ နေ့၊၉ နာရီ၃၀မိနစ်အချိန်တွင်မိမိတို့မှ ရန်သူအားပစ်ကျောကေကလိုး တွင် ပြောက်ကျားပစ်ခတ်ရာ ဒီကေဘီအေ (၁)ဦးသေဆုံး၍ ၁ ဦး ဒဏ်ရာရ သွားသည်။ ၂၈-၇-၂၀၀၁ ရက်နေ့ ၁၀ နာရီ ၅ မိနစ် အချိန်တွင် မိမိတို့တပ်ရင်း(၁၉)နှင့် ဒီကေဘီအေ (၉၉၉)တို့ သော်တော်ရွာဘေး တွင်(၂၅) မိနစ်ကြာတိုက်ပွဲဖြစ်ပွား ရာ ထိခိုက်မှုမသိရပါ။ ၅-၈-၂၀၀၁ ရက်နေ့ ညနေ ၃ အချိန်တွင် မိမိတို့ တပ်ရင်း ၁၀ သည်ရန်သူ ခလရ စစ်ကြောင်း ၁၄ မှ စစ်ကြောင်း (၂)နှင့် အမှတ် ၂ ပြောက်ကျား ရန်သူ့တပ်ဖွဲ့တို့ ဟွေးရှမ်းပနော်ကလဲ ခီးကြားတွင် ၁၅ မိနစ်ကြာ တိုက်ပွဲ ဖြစ်ပွားခဲ့ရာ ရန်သူ ၂ ဦး ဒဏ်ရာ ရပြီး မိမိဘက်တွင် အကျအဆုံး မရှိကြောင်းသိရသည်။

### ဗဟိုလုံခြုံရေးတပ်ဖွဲ့

ဗဟိုလုံခြုံရေးတပ်ရင်း ၁၀၂ မှ ၇-၇-၂၀၀၁ ရက်နေ့ တွင်ညနေ ၃ နာရီ အချိန်၌ ရန်သူ ဒီကေဘီအေ(၃၃၃)အဖွဲ့အား နော်တထာတွင်ပြောက်ကျားပစ်ခတ်ရာရန်သူဘက်မှ ၁ ဦး အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်းသိရသည်။ ၁၁-၇-၂၀၀၁နေ့ ၈ နာရီ ၃၅ မိနစ်အချိန်တွင် ဒီကေဘီအေ (၅၅၅) အဖွဲ့အား လူးထော်ဒေသတွင် ပြောက်ကျားပစ်ခတ်ရာရန်သူ ၁ ဦး ကျဆုံးပြီး ၂ ဦး ဒဏ်ရာရသွားသည်။ မိမိဘက်မှ ၁ ဦးဒဏ်ရာ ရခဲ့သည်။ ရန်သူ့ဆီမှ ခွင်းဗုံး ၃ လုံး၊ ကက် ၆ လုံး၊ ခြေနင်းမိုင်း ၅ လုံး၊ အေကေကျည် မဂ္ဂဇင်း(၂)ချပ် သိမ်းဆည်းရမိသည်။ တိုက်ပွဲအပြီး ဆုတ်ချိန်တွင် မိမိတို့အားရန်သူ့ လမ်းပြမှလိုက်လံပြသရာ ကျောပိုးအိတ် ၁ လုံး၊ ပုခက် ၂ လုံး ထပ်မံ ရရှိသည်။ ၁-၈-၂၀၀၁ ရက်နေ့ တွင် မိမိတို့မှ ဒီကေဘီအေဌာနချုပ် အဖွဲ့အား ပြောက်ကျားပစ်ခတ်ရာ ရန်သူ(၁) ဦးဒဏ်ရာ ရရှိသွားသည်။

❖

## မျိုးချစ်ဗမာ့တပ်မတော်
### လက်နက်ကိုင်တပ်ဖွဲ့သစ်ဖွဲ့စည်းပြီးစီး

နအဖ စစ်တပ်အတွင်း မှ အကြောင်းမျိုးစုံဖြင့်စွန့်ခွာလာကြသည့် တပ်မတော်သားများစုပေါင်း၍ ထိုင်း-မြန်မာနယ်စပ်တနေရာတွင် လက်နက်ကိုင်တပ်ဖွဲ့အသစ်တခု ဖွဲ့စည်းလိုက်ကြောင်းသိရသည်။

ထိုလက်နက်ကိုင်တပ်ဖွဲ့ သစ်ကိုမျိုးချစ်ဗမာ့တပ်မတော်ဟု အမည်ပေးထားပြီး နအဖ စစ်အစိုးရအား လက်နက်ကိုင်၍တုန့်ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူကဆိုသည်။ အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားရာတွင် ....

"ကျနော်တို့ ဗမာ့မျိုးချစ်တပ်မတော်စတင်ပေါ်ပေါက်လာတဲ့ အကြောင်းကတော့ နအဖရဲ့ဖိနှိပ်ချုပ်ချယ်မှုတွေမခံနိုင်တဲ့အတွက် ဘက်ပြောင်းလာပြီး စစ်အာဏာရှင်ပြုတ်ကျရေးအတွက် သဘောထားဆန့်ကျင်တဲ့သူများနဲ့စုဖွဲ့ပြီးဗမာ့မျိုးချစ်တပ်မတော်ကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းဖြစ်ပါတယ်။ အခုဖွဲ့စည်းလိုက်တဲ့ ဗမာ့မျိုးချစ်တပ်မတော်ရဲ့ သဘောထားအမြင်ကတော့ နအဖအပေါ်မှာ တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးယူရမှာဖြစ်ပေမယ့် ကိုယ်နဲ့မဆိုင်တဲ့ နိုင်ငံတော်အာဏာကိုသိမ်းထားတယ်။ စစ်ဆင်ရေးအတွက် အရပ်သားပြည်သူတွေကို ပေါ်တာခိုင်း၊ငွေတောင်း၊လယ်သိမ်း၊ ထောင်ချ၊ မုဒိန်းကျင့်စတာတွေကို ကျနော်တို့လက်မခံနိုင်ဘူး။သူတို့ အာဏာတည်မြဲရေးအတွက် ၁၃နှစ်၊ ၁၄နှစ်သားကလေးတွေပါမကျန် စစ်တပ်ထဲကိုအတင်းအကြပ်သွတ်သွင်းပြီး စစ်တိုက်ခိုင်းတယ်။ ဒီတော့ဗိုလ်ချုပ်အောင်ဆန်း ရည်ရွယ်ထားတဲ့ ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ထူထောင်ခဲ့တဲ့ တပ်မတော်ဟာ ပြည်သူချစ်ခင်မှုမရပဲ ပြည်သူတွေရဲ့မုန်းတီးမှုကိုခံရတယ်။ နိုင်ငံတော်ရဲ့တပ်မတော်တရပ်အနေနဲ့ ဂုဏ်သိက္ခာကျဆင်းစေတယ်။ ဒါကြောင့် ကျနော်တို့ ဗမာ့မျိုးချစ် တပ်မတော်ကို ဖွဲ့စည်းရခြင်းဖြစ်တယ်"ဟုပြောကြားသွားခဲ့သည်။

ထိုလက်နက်ကိုင်တပ်ဖွဲ့ကို ကရင်နီဒေသတွင်ရောက်ရှိနေသည့် တပ်မတော်သားများ စုပေါင်းဖွဲ့စည်းလိုက်ခြင်းဖြစ်ပြီး အခြားဒေသများမှလည်းထပ်မံစည်းရုံးတိုးချဲ့သွားမည်ဟု သတင်းရရှိသည်။



# ၈၈၈၈ အရေးတော်ပုံစိတ်ဓါတ် ခိုင်မာထက်သန်မြဲ
# ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် အခမ်းအနားများ ကျင်းပခဲ့ကြ

၂၀၀၁ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် ကျရောက်ခဲ့သည့် ရှစ်လေးလုံးအရေးတော်ပုံ ၁၃ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာ့ဒီမိုကရေစီအင်အားစုများက နိုင်ငံအလိုက် တညီတညွတ်တည်း ကျင်းပခဲ့ကြကြောင်းသိရှိရသည်။

**ထိုင်း။** ။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာကျောင်းသားများက (၈၈၈၈)အရေးတော်ပုံ အထိမ်းအမှတ်အဖြစ် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံကားချပ်ကြီးကိုကိုင်ဆောင်ကာ မြန်မာသံရုံးဝင်းတံခါးရှေ့တွင် ကြွေးကြော်တောင်းဆိုသံများ ဟစ်ကြွေးလျက် ဆန္ဒပြခဲ့ကြသည်။ ထိုင်းနိုင်ငံ၊ ကန်ချနပူရီခရိုင်၊ ဘုရားသုံးဆူဒေသတွင်လည်း တိုင်းရင်းသားလူမျိုးစုများက (၈၈၈၈) အရေးတော်ပုံတွင် အသက်စွန့်လူကျဆုံးခဲ့ကြသော ရဟန်းရှင်လူ ပြည်သူကျောင်းသား သူရဲကောင်းများအား ရည်စူး၍ ထိုင်းဆေးရုံများတွင် သွေးလှူဒါန်းပွဲအခမ်းအနားတခု ကျင်းပခဲ့ကြကြောင်း AFP သတင်းဌာနတွင် ဖော်ပြထားသည်။

အလားတူ ထိုင်း–မြန်မာ နယ်စပ်တနေရာတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့မှ ၁၃ နှစ်မြောက် ရှစ်လေးလုံးအရေးတော်ပုံ အခမ်းအနားများ ကျင်းပခဲ့ကြောင်း သိရသည်။

**ဗြိတိန်။** ။ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ(UK)ကကြီးမှူးပြီး မြန်မာ၊ မလေးရှား၊စင်္ကာပူ၊ စသည့်သံရုံးများရှေ့တွင် လှည့်လည်ဆန္ဒပြခဲ့ကြကြောင်း၊ ထိုအခမ်းအနားနှင့်ပတ်သက်၍ စည်းရုံးရေးမှူး ဒေါက်တာဝင်းနိုင်က “လန်ဒန်မှာ ရောက်ရှိနေကြတဲ့ ဒီမိုကရေစီ တိုက်ပွဲဝင်ရဲဘော်များအားလုံး စုပေါင်းပြီး လန်ဒန်မြို့လည်မှာရှိတဲ့ ပန်းခြံကြီးတခုမှာ စုရုံးပြီး နှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။ မလေးရှားသံရုံးကို ချီတက်ဆန္ဒပြမှာဖြစ်ပါတယ်။ အဲဒီနောက် စင်္ကာပူသံရုံး၊ ဂျပန်သံရုံးတို့ကိုလည်း စီစဉ်ထားပါတယ်။ ဗမာသံရုံးကိုလည်း ချီတက်ဆန္ဒပြမှာဖြစ်ပါတယ်”ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

**အိန္ဒိယ။** ။ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ အိုက်ဇောမြို့တွင်လည်း ၁၃ နှစ်မြောက် ၈၈၈၈ အရေးတော်ပုံ အခမ်းအနားကို ဒေါင်းရင်ပြင် မူလတန်းကျောင်းဝင်းတွင် မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် အဝေးရောက်မြန်မာနိုင်ငံသား တိုင်းရင်းသား အမျိုးသမီးအဖွဲ့က စုပေါင်းကျင်းပခဲ့ကြပြီး ၁၃ နှစ်တာကြာညောင်းခဲ့ပြီဖြစ်သော အရေးတော်ပုံဆန္ဒပြပွဲများ၏ ကိုယ်တွေ့အတွေ့အကြုံများအား ပြန်လည်ပြောပြောခဲ့ကြောင်း သိရသည်။

**အမေရိကန်။** ။ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီတွင်လည်း အမေရိကန်အခြေစိုက် ဒီမိုကရက်တစ်မြန်မာကျောင်းသားများအဖွဲ့ (DBSO, ABSDF, ABFSU) နှင့် ရှစ်လေးလုံး သွေးသစ်ရဲဘော်များအဖွဲ့တို့စုပေါင်း၍ ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်ရေးနှင့် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ အမေရိကန်သို့တင်သွင်းခွင့် ပိတ်ပင်ရေးဖိအားပေးရန် အိမ်ဖြူတော်ပန်းခြံရှေ့တွင် ဆန္ဒပြခဲ့ကြကြောင်း၊ ဗင်းဒါး အထိမ်းအမှတ်နေရာတွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ပိုစတာများ ကိုင်ဆောင်၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆုံးရှုံးမှု၊ စစ်အာဏာရှင်တို့၏ ဖိနှိပ်မှုများကို တင်ပြခဲ့ကြကြောင်း သိရသည်။

ထိုဆန္ဒပြပွဲသို့ တက်ကြွစွာပါဝင်လာသူ ဂျာမဏီကျောင်းသားတဦးကလည်း သူသည် အာရှနိုင်ငံတော်တော်များများကို ရောက်ခဲ့ဖူးကြောင်း၊ အာရှနိုင်ငံများအနက် မြန်မာနိုင်ငံ၏ အခြေအနေမှာ အလွန်တရာ ဆိုးဝါးလှပြီး၊ စစ်အုပ်စု၏ ချယ်လှယ်နေမှုများသည် ဂျာမဏီနိုင်ငံတွင် ဟစ်တလာ နာဇီခေတ်ကလို ဖြစ်နေကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်ဟု သိရသည်။

**မလေးရှား။** ။ မလေးရှားနိုင်ငံတွင်လည်း ငါးယောက်ထက် ဆန္ဒပြသူ မည်သူမဆို အရေးယူခံရမည်ဟု အမိန့်ထုတ်၍ လုံခြုံရေးတင်းကျပ်စွာချထားသည့်ကြားမှ မြန်မာ့ ဒီမိုကရေစီရေး လှုပ်ရှားသူ အင်အား ၂၀ ကျော်တို့က နအဖ သံရုံးရှေ့တွင် ဆန္ဒပြကြ



ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုဆုတောင်းပွဲ၌ ပါဝင်သူတဦးက ပြောကြားရာတွင် “မိမိတို့သည် လွန်ခဲ့သော ၁၃ နှစ်တာကာလ၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် ပြည်သူတရပ်လုံးက ပြည်လုံးကျွတ် ဆန္ဒပြထုတ်ဖော်နေကြစဉ် နအဖ စစ်တပ်မှနေ၍ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်သဖြင့် အသက်စွန့်လွှတ် ပေးဆပ်ခဲ့ကြရသော ကျောင်းသားရဲဘော်ရဲမေများ၊ မိဘပြည်သူ၊ ရဟန်းသံဃာတော်များအား ဂုဏ်ပြုသောအားဖြင့် အောက်မေ့ဘွယ် ဆုတောင်းပွဲပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း” ထုတ်ဖော်ပြောဆိုခဲ့

## တိုကျိုမြို့ရှိ မြန်မာသံရုံးရှေ့တွင် ၈–၈–၂၀၀၁ ရက်နေ့က မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ ဆန္ဒပြနေစဉ်

ထို့ပြင် ဝါရှင်တန်မြို့ရှိ နအဖသံရုံးရှေ့တွင်လည်း ကြွေးကြော်တောင်းဆိုမှုများနှင့် ဆန္ဒပြခဲ့ကြောင်း၊ နအဖ သံအမတ်နေအိမ်ရှေ့တွင်လည်း (၈၈၈၈) နေ့တွင် ဒီမိုကရေစီရေး တောင်းဆိုဆန္ဒပြသူများအား စစ်တပ်က ပစ်သတ်ခဲ့သဖြင့် ကျဆုံးသွားခဲ့သည့် ကျောင်းသားပြည်သူ၊ ရဟန်းသံဃာတော်များကို ဂုဏ်ပြုသည့်အနေဖြင့် အလေးပြုခဲ့ကြကြောင်း သိရှိရသည်။

**ဂျာမဏီ။** ။ ဂျာမဏီနိုင်ငံတွင်လည်း (Burma Bureau)အဖွဲ့မှ ဦးဆောင်၍ ရှစ်လေးလုံး ၁၃ နှစ်မြောက် နှစ်ပတ်လည်နေ့ကို နအဖ သံရုံးရှေ့တွင် ကျင်းပခဲ့ကြောင်းသိရသည်။ ထိုအခန်းအနားသို့ ဂျာမဏီရှိ အရပ်ရပ်မှ ဒီမိုကရေစီအင်အားစု ၈၀ ကျော်တို့ တက်ရောက်ခဲ့ကြပြီး နေ့လည်ဘက်တွင် သူရဲကောင်း စစ်သူကြီး အလက်ရာ မလေးရှားရဲများမှ မိနစ် ၂၀ ကြာခွင့်ပြုခဲ့ကြောင်း သိရသည်။

**နော်ဝေး။** ။ မြန်မာကျောင်းသားများ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး လှုပ်ရှားနေမှုများကို ထောက်ခံကြောင်းနှင့် မင်းကိုနိုင်ပြန်လွှတ်ပေးရေးတောင်းဆိုသည့် နိုင်ငံပေါင်း ၇၀ မှ ကျောင်းသား ၁၅၀၀ ကျော်တို့၏ လက်မှတ်များကို စုပေါင်း၍ မြန်မာစစ်အစိုးရထံ ပေးပို့ခဲ့ကြောင်းလည်းသိရှိရသည်။

**ဂျပန်။** ။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ နအဖ သံရုံးရှေ့တွင် (၈–၈–၂၀၀၁) ခု၊ နံနက် ၈ နာရီ ၈ မိနစ် အချိန်တိတိ၌ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှား ကြိုးပမ်းနေသူ ၃ ဦးတို့က ရှစ်လေးလုံးအရေးတော်ပုံ ကာလအတွင်း ကျဆုံးသွားသူများအား ရည်စူး၍ ဂုဏ်ပြုဆုတောင်းပွဲတခုသည်။ ထို့နောက် နေ့လည် တနာရီအချိန်တွင် (GOTANDA) ပန်းခြံ၌ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် (NLD-LA) ဂျပန်ဌာနခွဲ အဖွဲ့ဝင်များစုပေါင်း၍ အင်အား ၁၂၀ ခန့်တို့သည် နအဖ သံရုံးရှေ့သို့ ချီတက်လာခဲ့ပြီး နေ့လည် (၂)နာရီမှစ၍ ကန့်ကွက်မှုများ တောင်းဆိုချက်များ ပြုလုပ်ခဲ့ကြပြီး ညနေ ၄ နာရီအချိန်တွင် အေးချမ်းစွာအဆုံးသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

အခြားသတင်းတရပ်၌မူ မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ် (FTUB) ဂျပန်ဌာနခွဲမှလည်း စစ်အုပ်စုအပေါ် (ODA)ခေါ် ထောက်ပံ့ကူညီငွေ မပေးရေးအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံသို့ ရှစ်လေးလုံး နှစ်ပတ်လည်နေ့တွင် မေတ္တာရပ်ခံစာ တစောင်ပေးပို့ခဲ့ ကြောင်းသိရှိရသည်။

မိုးကြိုး

## လွှတ်တော်အမတ် ဦးခင်ကျော်ဟန်နှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခြင်း




“ကျနော့်အနေနဲ့ ရွေးကောက်ပွဲအသစ် ကျင်းပရေးကို လက်မခံနိုင်ပါ”

စာမျက်နှာ(၇)သို့ ⇔

## (၅၁)ကြိမ်မြောက် ကရင်အာဇာနည်နေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

### တပ်မဟာ(၇)ခရိုင်တွင်ကျင်းပသည့် ကရင့်အာဇာနည်နေ့အခမ်းအနားသို့ တပ်မဟာမှူး ဗိုလ်မှူးချုပ်ထိန်မောင် တက်ရောက်အလေးပြုစဉ်

၅၁ ကြိမ်မြောက် ကရင့်အာဇာနည်နေ့ အခမ်းအနားကို (၁၂–၈–၂၀၀၁) ရက်နေ့၊ နံနက် ၈ နာရီအချိန်တွင် ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။ ထိုအခမ်းအနားတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ကရင့်အမျိုးသားအလံတော်အား တဝက်လွှင့်ထူအလေးပြုခြင်း၊ သေနတ်မြေစိုက်အလေးပြုခြင်းနှင့်အတူ တက်ရောက်သူအားလုံး နေ့ဝက်အစာငတ်ခံခြင်းတို့ဖြင့် ဂုဏ်ပြုခဲ့ကြောင်း သိရှိရသည်။ ထိုအခမ်းအနားတွင် နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ သဝဏ်လွှာများ ဖတ်ကြားပြီး ကျဆုံးသွားသော ကရင့်အမျိုးသား အာဇာနည်ခေါင်းဆောင် စောဘဦးကြီးနှင့်တကွ အခြားသော ခေါင်းဆောင်များအား တမိနစ်ငြိမ်သက်အလေးပြုခဲ့ကြကြောင်း သိရသည်။ အဖွဲ့အသီးသီးမှ လွမ်းသူ့ပန်းခွေများချပြီးနောက် မိုင်း(၇)လုံးဖောက်ခွဲ၍ ကရင့်နိုင်ငံတော်သီချင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

မိုးကြိုး

## (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲ မလေးရှားက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

KUALA LUMPUR 2001
SUNKAN SEA XXI SEA GAME

ယခုနှစ်ကျရောက်သည့် ၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကို လာမည့် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၇ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း “သည်နေးရှင်း” သတင်းစာတွင် ဖော်ပြထားသည်။

(၂)နှစ်တကြိမ်ကျင်းပသော အဆိုပါ အားကစားပွဲတော်အား ၁၉၅၉ နှစ်က ထိုင်းနိုင်ငံ

စာမျက်နှာ(၈) ကော်လံ(၃)သို့ ⇔

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

သတင်းစဉ် အမှတ် (၂၂)

## ပြောင်း ပြန် လှန် ကြည့် အ ကုန် သိ

(၁)

နဝတ စစ်အုပ်စုဟာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှာ ပြည်သူရာပေါင်းများစွာကို အကြမ်းဖက်သတ်ဖြတ်ပြီး အဓမ္မ အာဏာသိမ်းယူခဲ့တယ်။ အာဏာမသိမ်းမီ ၂ ရက်အလို၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့မှာ မဆလပါတီအနေနဲ့ တပ်မတော်၊ ပြည်သူ့ရဲနဲ့ ဝန်ထမ်းများအားလုံးကို ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ကမန်းကတန်းကြေညာခဲ့တယ်။ ဒါ အကြောင်းမဲ့သက်သက် မဟုတ်ပါဘူး။ နောက်ကွယ်မှာ သူတို့ရဲ့ ယုတ်မာတဲ့ အကြံရှိပြီးသားပါ။ ဒါဟာ လွန်ခဲ့တဲ့ ၂၆ နှစ်အတွင်း စစ်အုပ်စုရဲ့ သဏ္ဍာန်အရ ဖော်ပြထားတဲ့ မဆလပါတီကြောင့် ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အမျိုးသားရေး အကျိုး ပျက်ကွက်မှုများဟာ လက်ရှိ တပ်မတော်နဲ့ ဘာမှ မပတ်သက်၊ မသက်ဆိုင်သလို လွန်ခဲ့တဲ့ ၂၆ နှစ်အတွင်း တပ်မတော်အနေနဲ့ ဘယ်လို မကောင်းမှုမျိုးမှ မကျူးလွန်ခဲ့သလို ပုံဖမ်းပြီး ဆင်သေကို ဆိတ်ရေနဲ့ ဖုံးဖို့ ကြိုးပမ်းတာ ဖြစ်တယ်။

စစ်အုပ်စုဟာ အာဏာသိမ်းပြီး မကြာမီ အချိန်ပိုင်းအတွင်းမှာ သူတို့ရဲ့ ဝါဒဖြန့်ချိရေးယန္တယားပေါင်းစုံကို ပုံစံအမျိုးမျိုးနဲ့ လှုပ်နှိုးပြီး အမျိုးသားရေး မှိုင်းတိုက်မှုကြီးများကို အကြီးအကျယ် ပြုလုပ်ခဲ့တယ်။



အဲဒီအထဲက ဖော်ထုတ်ချက်အားလုံးကို စစ်ဆေးစိစစ်ဖို့ မကြံရွယ်ပါဘူး။ စစ်ဆေးကြည့်မယ့် ပြဿနာနဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဖော်ထုတ်ချက်ကိုပဲ ဆွဲထုတ်စိစစ်ပြပါမယ်။ ဒါက ဘာလဲဆိုတော့ ၁၉၈၈၊

ပတ်မျဉ်း

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံဆိုတာဟာ မင်းမဲ့လုပ်ရှားမှုကြီးသာဖြစ်တယ်၊ ဆူပူသောင်းကျန်းမှုကြီး၊ လူသတ်၊ ခေါင်းဖြတ်၊ ဂိုဒေါင်ဖောက်တဲ့ အကြမ်းဖက်မှုသာဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ ကောင်းပါပြီ။ ဒါဖြင့် ဒီ ဖော်ထုတ်ချက်ဟာ အဖြစ်မှန်တွေလား၊ လိမ်လည်လှည့်ဖြား မှိုင်းတိုက်မှုလား၊ သမိုင်းလက်တွေ့နဲ့ ကိုက်ညီသလား၊ ဆန့်ကျင်ကွဲလွဲသလားဆိုတာ ခွဲခြမ်းစိတ်ဖြာကြည့်ဖို့ လိုပါတယ်။

(၂)

စစ်အုပ်စုဟာ သူတို့ အာဏာသိမ်းပြီး မကြာမီမှာပဲ ရန်ကုန်၊ မန္တလေး စတဲ့မြို့ကြီးများမှာ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အဦတွေနဲ့ "သမိုင်းရေစီး၊ လှိုင်းကြီးလေထန်၊ ဖြစ်ရပ်မှန်" ဆိုပြီး အရေးတော်ပုံအတွင်းက ခေါင်းဖြတ်သတ်ဖြတ်မှုတွေကို မီးမောင်းထိုးပြ အပုတ်ချပွဲတွေ လုပ်ခဲ့ပါတယ်။ ဒီတော့ ဒီခေါင်းဖြတ်ခဲ့တဲ့ ကိစ္စတွေဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

(၃)

ဘာ့ကြောင့် ဒီလို သတ်ဖြတ်မှုတွေ ဖြစ်သွားခဲ့ရသလဲ။ နည်းနည်းတော့ သုံးသပ်ကြည့်ဖို့လိုပါတယ်။ အရေးတော်ပုံအတွင်းမှာ ခေါင်းဖြတ်သတ်ခဲ့ကြတာတွေ ရှိခဲ့တာတော့ အမှန်ပဲ။ ဒါဟာ တကဏ္ဍပါ။ ဒီလို ဖြစ်ပေါ်စေတဲ့ ရေခံမြေခံအကြောင်းတွေကို အနည်းငယ်လောက် စဉ်းစားကြည့်ဖို့ လိုပါတယ်။



၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ စစ်အုပ်စုက စစ်အုပ်ချုပ်ရေး ရုတ်သိမ်းကြောင်း ကြေညာခဲ့တယ်။ ရန်ကုန်မှာရှိတဲ့ ရန်ကုန်တိုင်းမှူး မျိုးညွန့်ကတော့ သူ့သဘောနဲ့သူ မကြေညာခင်ကတည်းက ရုတ်သိမ်းပြီးသားပါ။ ထူးခြားတာတခုက အဲဒီနေ့မှာပဲ တပြည်လုံးမှာရှိတဲ့ ထောင် တော်တော်များများမှာ ထောင်တွင်း ဆူပူမှုတွေဖြစ်ခဲ့တယ်။ အဆောင်တံခါးတွေ ပွင့်ကုန်ပြီး အဆောင်တွေ မီးလောင်ခဲ့တယ်။ ဒါဟာ တထောင်ထဲမှာဖြစ်ခဲ့တဲ့ ကိစ္စမဟုတ်ပါဘူး။ တနေ့တည်း၊ တချိန်တည်း နေရာအနှံ့မှာ ပြိုင်တူဖြစ်ခဲ့တဲ့ ကိစ္စပါ။ တကယ်တော့ ထောင်ထဲမှာ အဲဒီလို အဆောင်တံခါးတွေဖွင့်၊ အိပ်ဆောင်တွေမီးရှို့တဲ့ အမှုမျိုးဖြစ်ဖို့ မလွယ်ဘူးဆိုတာ ထောင်နဲ့ ပတ်သက်ဆက်စပ်မှုရှိတဲ့ သူတိုင်း သိနိုင်ပါတယ်။ ဒီလိုဖြစ်ပေါ်ဖို့ဟာ နောက်ကွယ်မှာ အာဏာပိုင်တွေရဲ့ လက်ချက်ပါတယ်ဆိုတာ ရိုးရိုးလေးနဲ့ တွက်လို့ရတယ်။

(၄)

နောက်မကြာခင်မှာ ထောင်ထဲမှာရှိကြတဲ့ အကျဉ်းသားတော်တော်များများဟာလွတ်မြောက်လာခဲ့တယ်။ ဖြစ်ခဲ့တဲ့အဲဒီ အကြမ်းဖက်မှုများဟာ ထောင်ကထွက်လာတဲ့ သူတွေပါဝင်ပတ်သက်နေတယ်ဆိုတာ သိသာမြင်သာနိုင်တယ်။ ဒါဟာ သွေးရိုးသားရိုးမဟုတ်ဘဲ စစ်အုပ်စုရဲ့ ထောက်လှမ်းရေးဉာဏ်နဲ့ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တဲ့ ကိစ္စတွေပဲ။ ဂိုဒေါင်ဖောက်တယ်ဆိုတာကလည်း စစ်တပ်က အရင်ဖောက်၊ နောက်မှ ဘေးကလူတွေ ရောက်လာတာကိုပဲ လူထုက အကြမ်းဖက်တယ်ဆိုတဲ့ စွဲချက်တင်ပါရော။ တကယ်တမ်းကျတော့ ထောင်ကထွက်လာတဲ့ အကျဉ်းသားတွေကို အစားအစာ၊ အဝတ်အစား၊ ခရီးစရိတ်စတာတွေကို ထုတ်ပေးတာဟာ အဲဒီတုန်းက အရေးတော်ပုံမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ရဟန်းသံဃာတော်များနဲ့ လူထုပဲဖြစ်တယ်။ ဒီအချိန်မှာ စစ်တပ်ဟာဘယ်ချောင်မှာကပ်နေသလဲဆိုတာ မသိနိုင်ပါဘူး။

(၅)

ကောင်းပါပြီ။ ဒါဆိုရင် အဲဒီခေါင်းဖြတ်ကြတယ် ဆိုတဲ့ အကြောင်းကို ပြန်ကောက်ကြည့်ရအောင်။ တကယ်တော့ခေါင်းဖြတ်တယ်ဆိုတဲ့အပြုအမူဟာစစ်တပ်ကစခဲ့တာပါ။ ဒါကို တချက် ၂ ချက်လောက် ထောက်ပြချင်ပါတယ်။ ပြည်တွင်းစစ်ကာလ တော်လှန်ရေးကောင်စီ မတက်ခင် ၁၉၆၁ ခုနှစ်ထဲကပါ။ ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ မဂိုကျွန်းရွာလေးမှာ အဲဒီခေတ်က ဖဆပလ အစိုးရပါ။ စစ်တပ်နဲ့ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တပ်တို့တိုက်ပွဲဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းမှာ စခန်းချနေတဲ့ တပ်ကို အစိုးရတပ်ကဝင်ပစ်တော့ ဗမာပြည်ကွန်မြူနစ်ပါတီက ဗိုလ်မင်းဒင်ကျပါတယ်။ ဗိုလ်မင်းဒင်ဟာပေါက်ခေါင်းသားဖြစ်ပြီး ဦးနေဝင်းနဲ့ညီဝမ်းကွဲတော်စပ်ပါတယ်။ ဗိုလ်မင်းဒင် ဖြစ်ကြောင်း သက်သေပြနိုင်ဖို့ သေဆုံးနေတဲ့ ဗိုလ်မင်းဒင်ရဲ့ရုပ်အလောင်းကခေါင်းကို ဖြတ်ယူပြီး ဦးနေဝင်းကို ပြရပါတယ်။

နောက်တခါ ၁၉၇၅ ခုနှစ်၊ မတ် ၁၅ ရက်၊ ပဲခူးတိုင်း၊ ညောင်လေးပင်ခရိုင်၊ ဖွတ်ကျားချောင်းဖျားမှာ ဗမာပြည်ကွန်မြူနစ်ပါတီက ဥက္ကဋ္ဌ၊ အတွင်းရေးမှူးဖြစ်ကြတဲ့ သခင်ဇင်၊ သခင်ချစ်တို့ ကျဆုံးပြန်တော့လည်း သူတို့ရဲ့ခေါင်းတွေကိုဖြတ်ယူပြီး ဦးနေဝင်းနေတဲ့ အေဒီလမ်းကို သွားရောက်ပြီး ပြသရပါတယ်။ နောက်မှ ခေါင်းတွေကိုဟန်မပျက် ပြန်ဆက်ထားပြီး သတင်းထောက်တွေ ခေါ်ပြ၊ ဓါတ်ပုံရိုက်ကြ လုပ်တာပါ။





နောက်တခါ ၁၉၆၉–၇၀ ခုနှစ်များက ရောဝတီတိုင်းမှာ သောင်း

တဖက်သို့ ⇔

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၂)

⇔ အချပ်ပို (၁) မှ

ကျန်းသူ အမြစ်ဖြတ်ချေမှုန်းရေးဆိုပြီး 'ဖြတ်လေးဖြတ်' လုပ်ခဲ့တယ်။ တောတွင်း လက်နက်ကိုင် အင်အားစုများထဲက ခေါင်းဆောင်တွေကို ဖမ်းဆီးမိပြီး ခေါင်းဖြတ်ယူလာနိုင်မယ်ဆိုရင် အဲဒီခေတ်ကာလပေါက်ဈေး တခေါင်းကို ကျပ်ငွေတသောင်း ဆုချပါတယ်။ ထိုးစစ် ပထမပိုင်းမှာ အဲဒီလို ခေါင်းဖြတ်ယူခဲ့ကြတယ်။ နောက်ပိုင်းမှာ ဒီလိုခေါင်းဖြတ်တာဟာ သူတို့အတွက် ဝါဒဖြန့်ချိရေးမှာ ထိခိုက်တဲ့အတွက် ခေါင်းမဖြတ်ခိုင်းတော့တာဖြစ်တယ်။ ဒီတော့ ဒီလို ခေါင်းဖြတ်တဲ့ကိစ္စကို ပြောကြစတမ်းဆိုရင် စစ်တပ်ကစပြီး ခေါင်းဖြတ်ခဲ့တာပဲလို့ ပြောရမှာဖြစ်တယ်။

စစ်အုပ်စုက သမိုင်းရေစီး၊ လှိုင်းကြီးလေထန်၊ ဖြစ်ရပ်မှန်လို့ ကြွေးကြော်တာကို ကလေးတွေက ပြောင်းပြန်လှန်ကြည့် အကုန်သိလို့ ပျက်ရယ်ပြုနေကြပါတယ်။

(၆)

နဝတ / နအဖဟာ ဗိုလ်ချုပ်အောင်ဆန်းနာမည်ကို အသုံးချပြီး လိမ်တယ်။ ၁၉၅၈ မှာ အိမ်စောင့်အစိုးရနဲ့ လိမ်တယ်။ ၁၉၆၀ မှာ ရွေးကောက်ပွဲနဲ့ လိမ်တယ်။ ၁၉၆၂ မှာ တော်လှန်ရေးကောင်စီနဲ့ လိမ်တယ်။ ၁၉၆၃ မှာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ လိမ်တယ်။ ၁၉၆၈ မှာ (၃၃) ဦး အကြံပေးအဖွဲ့နဲ့ လိမ်တယ်။ ၁၉၇၃ မှာ ဆန္ဒခံယူပွဲနဲ့ လိမ်တယ်။ ၁၉၇၄ မှာ ဖွဲ့စည်းပုံဥပဒေ၊ ကောင်စီအမျိုးမျိုး၊ မြန်မာ့နည်း မြန်မာ့ဟန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ လိမ်တယ်။ နိုင်ငံပိုင်လုပ်ငန်းနဲ့ လိမ်တယ်။ ၁၉၈၈ မှာ တိုင်းပြည်နဲ့ လူမျိုးကို ကယ်တင်တယ်ဆိုတာနဲ့ လိမ်တယ်။ ၁၉၉၀ မှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ၊ ဈေးကွက်စီးပွားရေး၊ စည်းကမ်းအခြေပြု ဒီမိုကရေစီ၊ အမျိုးသားပြန်လည်စည်းလုံးရေး၊ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ရေး လုပ်ငန်းစဉ် ၁၂ ချက်၊ ပြည်သူ့သဘောထား (၄)ရပ်၊ အမျိုးသားညီလာခံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာတွေနဲ့ လိမ်တယ်။ အခုနောက်ဆုံး တွေ့ဆုံဆွေးနွေးရေးနဲ့ လိမ်ဖို့ ဆင်ကြံကြံနေတယ်။

ဒီတော့ စစ်အုပ်စုပြောခဲ့သလို သူတို့ဟာ တကယ်ပဲ အမျိုးသား အကျိုးဆောင်ခဲ့သလား ....

တိုင်းပြည်ကို ကယ်တင်ခဲ့တာလားဆိုတာ အကုန်သိအောင်လို့ ပြောင်းပြန်လှန်ကြည့်ကြပါစို့။

❖ ❖ ❖

## ဩဂုတ်လ အမှောင်ည မှတ်တမ်းတပိုင်းတစ

"တော်လှန်ရေးဆိုသည်မှာ အစိုးရလမ်းစဉ်များ သို့မဟုတ် လူမှုရေးလျစ်လျူရှုမှုများကြောင့် ရပ်တန့်နေရသည့် လိုအပ်သောပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် မြိုသိပ်မထားနိုင်လောက်အောင် နှိုးဆွတိုက်တွန်းသော စိတ်ဓါတ်ကို ယေဘုယျအားဖြင့် ရောင်ပြန်ဟပ်ခြင်းပင်"

**ဒေါ်အောင်ဆန်းစုကြည်**

X X X

**မောင်ကျောင်း**



"ကျနော်ရောက်တဲ့ အချိန်မှာ မြန်မာပြည်အခြေအနေဟာ အင်မတန်မှ ခက်ထန်နေတယ်၊ လူတွေဟာ အင်မတန်ဒေါသထွက်နေကြပြီး မခံမရပ်နိုင်ဖြစ်နေတယ်၊ ပွဲမပြီးသေးဘူးဆိုတဲ့ ခံစားချက်တွေရှိနေကြတယ်၊ တခုခု ပေါက်ကွဲတော့မယ်ဆိုတာ အလွယ်တကူသိနိုင်ပါတယ်၊ ဆိုးဆိုးရွားရွား ဖြစ်လာတော့မယ်ဆိုတာ ခံစားနေရတယ်"

ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂါးနက်၏ ၁၉၈၈ ခုနှစ်အတွင်း မြန်မာပြည်ရောက်ခဲ့စဉ်ကာလက ခံစားခဲ့ရပုံကို ပြန်လည်ပြောခြင်းဖြစ်သည်။ ခရစ္စတိုဖာဂါးနက်သည် ဒေသခံ အဆက်အသွယ်များမှတဆင့် အတိုက်အခံများနှင့် အဆက်အသွယ်ရခဲ့သည်။ တညသူ့အား ဟော်တယ်မှ မြို့စွန်ဖက်ရှိ အိမ်တအိမ်သို့ ကားဖြင့်ခေါ်သွား၏။ သုံးကြိမ် ကားပြောင်းစီးအပြီး လုံခြုံစိတ်ချရသော အိမ်တအိမ်တွင် ကျောင်းသားအချို့နှင့် အမေးအဖြေပြုလုပ်ခဲ့သည်။ ၎င်းအိမ်တွင် အသံသွင်းယူခဲ့သော အမေးအဖြေကို လှိုင်းတိုအသံလွှင့်ချက်မှတဆင့် မြန်မာပြည်သူတို့ နားဆင်ကြရသည့်အခါ တုန်လှုပ်ချောက်ချားသွားကြပြီး ဒေါသထွက်ခဲ့ကြ၏။ ကျောင်းသားတချို့က အင်းစိန်ထောင်တွင်း ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရပုံ၊ ကျောင်းသူတဦးက အဖမ်းခံနေရစဉ် အုပ်စုလိုက် အဓမ္မကျင့်ခံရပုံများပင်။

"ဒါတွေဟာ မြန်မာပြည်သူတွေအတွက် မဆန်းပါဘူး။ လူတိုင်းသိနေကြတာပါ။ ဒါပေမယ့် ဘီဘီစီကနေ မြန်မာတွေကိုယ်တိုင်က ပြန်ပြောပြနေတော့ တကယ့်ကို ထူးထူးခြားခြားဖြစ်နေတာ ပြည်သူတွေ တိုင်းသိပြည်သိ ဖွင့်ပြောပြတာဟာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ အဲဒါဟာ ပြည်သူတွေရဲ့ စိတ်ဓါတ်ကို မြင့်မြင့်မားမား မြှင့်တင်ပေးလိုက်နိုင်တယ်လို့ ကျနော်ထင်တယ်"

ခရစ္စတိုဖါဂါးနက်နှင့် အမေးအဖြေပြုလုပ်ခဲ့သူ ကျောင်းသားတဦးသည် ကွက်ကျော်မြင်တတ်ပြီး ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် တပြည်လုံး အထွေထွေသပိတ်မှောက်ရန် နှိုးဆော်လိုက်၏။

ထို့အပြင် လူကြိုက်များသော လစဉ်ထုတ် ချယ်ရီမဂ္ဂဇင်းတွင် ကာတွန်းဆရာကြီးတဦးက လွတ်မြောက်ရေး ရုပ်ပုံလွှာအဖြစ် သံကြိုးကို ရှစ်လေးလုံးပုံပေါ်အောင် ဖြတ်တောက်ပစ်နေသည့် ကာတွန်းပုံကို ရေးဆွဲဖော်ပြလိုက်သည်။ ပြည်သူလူထုကြားထဲ သတင်းကပျံ့နှံ့သွားပြီး အာရုံထဲ စွဲထင်သွားတော့သည်။

ရှစ်လေးလုံး ....၊
မဆလတပါတီစနစ် ဆန့်ကျင်ရေး၊
အထွေထွေသပိတ် ....။

### ဩဂုတ်လ (၁)ရက်။

မြေအောက်ကျောင်းသားအဖွဲ့အစည်းဖြစ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်(ဗကသ)မှ အထွေထွေသပိတ်ကြီးအတွက် လှုံ့ဆော်ထားသော ကြေညာချက်များစတင်ဖြန့်ဝေသည်။ မင်းကိုနိုင်ဟု လက်မှတ်ထိုးထားသည်။ ကျောင်းသားများသည် လက်ဖက်ရည်ဆိုင်များ၊ ကားမှတ်တိုင်များတွင် ရုတ်တရက်ပေါ်လာကြပြီး စာရွက်များဖြန့်ဝေကာ ချက်ချင်း လူအုပ်ကြား၌ ပျောက်ကွယ်သွားကြသည်။ တချို့ အုန်းခွံရောင်စက္ကူကြမ်းများပေါ် ရိုက်နှိပ်ထားပြီး တချို့ လက်ရေးမူများ ဖြစ်သည်။

### ဩဂုတ်လ (၂)ရက်။

တိတ်ဆိတ်ငြိမ်သက်စွာ ဘုရားရှိခိုး အာရုံပြုနေသူများအကြား အန္တရာယ်အငွေ့အသက် ရနေသည်။ မုန်တိုင်းမကျမီ လေးတွဲ့ပူအိုက်နေသည့်ပုံစံမျိုး။ ရုတ်ချည်းပင် လူငယ်အချို့က စေတီအချို့ဘေး၊ ရေတိုင်ကီများပေါ်တက်ကာ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများဟစ်ကြွေးပြီး မိန့်ခွန်းပြောကြားတော့၏။ ဟောပြောသူလေးယောက်အနက် တယောက်မှာ လုံချည်စိမ်းဝတ်ထား၍ အထက်တန်းကျောင်းသားမှန်း သိသာစေသည်။

"ကျောင်းသားတွေ၊ ပြည်သူတွေဟာ အဖိနှိပ်ခံနေကြရတယ်"

"ဗိုလ်နေဝင်းနဲ့ မဆလအစိုးရကို ဖြုတ်ချရေးအတွက် ပြည်သူတွေရဲ့ထောက်ခံမှု ကျနော်တို့ လိုနေတယ်"

ဘေးကြည့် ပရိတ်သတ်မှာ စုဝေးလာပြီး သဘောတူသည့်အနေဖြင့် ခေါင်းငြိမ့်ကြသည်။ တချို့က လက်ခုပ်တီး၍ အားပေးကြသည်။ တချို့က အော်ဟစ်အားပေးကြသည်။

### ဩဂုတ်လ (၃)ရက်။

ဆန္ဒပြပွဲတွင် ချီတက်သူ တသောင်းခန့်ရှိလာပြီး ထိုအချိန်ထိ ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများအနက် အကြီးမားဆုံးဖြစ်သည်။ ထောက်ခံအားပေးမှုများ နေရာအနှံ့ပေါ်လာသည်။ လူများမှာ ပြတင်းပေါက်များ၊ ဝရန်တာများမှနေ၍ လက်ခုပ်တီး ဩဘာပေးကြသည်။ တချို့မှာ မွန်းလွဲပိုင်း နေရှိန်အောက် ဆန္ဒပြသူများ သက်တောင့်သက်သာဖြစ်စေရန် လက်ကိုင်ပုဝါများ၊ ရေများကမ်းကြသည်။ လူတန်းရှည်ကြီးမှာ ပွဲလမ်းသဘင်သို့ သွားနေသည့်နှယ် လမ်းမတလျောက် သံချပ်ထိုး၍ ကခုန်မြူးတူးနေကြတော့သည်။

"ဘဲဥတလုံး နှစ်ကျပ်ခွဲ၊ စိန်လွင့် ခေါင်းကိုခွဲ"

"ဆန်တပြည် ဆယ့်ခြောက်ကျပ်၊ စိန်လွင့် ခေါင်းကိုဖြတ်"

ထိုညတွင် မြန်မာ့အသံမှ သတင်းဖတ်သူသည် ဦးစိန်လွင်နှင့် ဗိုလ်ချုပ်ကြီးစောမောင်တို့ အသီးသီး လက်မှတ်ရေးထိုးထားကြသော ကြေညာချက်နှစ်စောင် ဖတ်သွားခဲ့၏။ ရန်ကုန်မြို့တွင် မာရှယ်လော ကြေညာပြီ။

### ဩဂုတ်လ (၆)ရက်။

အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများ ဗမာပြည်အထက်ပိုင်းသို့ ပျံ့နှံ့လာခဲ့သည်။ ပဲခူး၊ သနပ်ပင်နှင့် ရေနံချောင်းမြို့များတွင် လူထုအုံကြွမှုကို ပုလိပ်များက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့သည်။

တနိုင်ငံလုံး ရှစ်လေးလုံးနေ့အတွက် အားဖြည့်နေကြ၏။ ခရစ္စတိုဖာဂါးနက်သည် ပြည်ဝင်ခွင့်ဗီဇာ ရက်ကုန်ဆုံးပြီး မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒက္ကာမြို့မှနေ၍ သတင်းများ ဆက်လက်ပို့ပေးနေသည်။ အခြားသတင်းစာဆရာများစွာမှာ ဘန်ကောက်မြို့သို့ ရောက်ရှိလာပြီး ကမ္ဘာလှည့်ခရီးသည်ဟန်ဆောင်ကာ ထိုင်းလေကြောင်းဖြင့် မြန်မာပြည်သို့ ဝင်ရောက်ကြသည်။



တဖက်သို့ ⇔

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မျိုးကြီး သတင်းစဉ် အမှတ် (၂၂)**



**၈-၈-၈၈ ရက်**

၈ နာရီ၊ ၈ မိနစ်တွင် ရန်ကုန်ဆိပ်ကမ်းအလုပ်သမားများ စတင်ချီတက်ခဲ့သည်။ သပိတ်စတင်ပြီ ဟူသောသတင်းသည် နေရာအနှံ့သို့ လက်ချင်းချိတ် ကာထားကြတယ်။ ကျောင်းသားတချို့ ကျနော့်ကိုပြောတာက စစ်သားတွေကို အကြမ်းဖက်မှာစိုးလို့ ကာကွယ်ပေးထားကြတာလို့ပြောတယ်။ ဒီလောက်များပြားလှတဲ့ လူအုပ်ကြီးဟာ အလံတွေ၊ နဖူး

အသက် ၂၂ နှစ်အရွယ် ဖိုတိသျှကျောင်းသူ ဂျော်ဂျီနာ ဘယ်လန်ကလည်း မြင်ခဲ့ရတဲ့ မြင်ကွင်းကို အခုလိုပြန်ပြောင်းပြောပြ၏။

"ဆန္ဒပြလူတန်းကြီး ဘယ်မှာ ဆုံးသလဲဆိုတာ မမြင်ရဘူး။

ညနေ ၅ နာရီခွဲခန့်တွင် ပြုလုပ်လာသည်။ ရန်ကုန်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးညွန့်နှင့်အတူ အခြားစစ်အရာရှိကြီးများ မြို့တော်ခန်းမ ပေါ်တီကိုပေါ်သို့ ရောက်ရှိလာပြီး လူစုခွဲရန်နှင့် မခွဲပါက စစ်သားများက ပစ်ခတ်မည်ဖြစ်ကြောင်း အသံချဲ့စက်မှတဆင့် ပြောကြားလိုက်သည်။ ည ၁၁ နာရီအထိ ထောင်ပေါင်းများစွာသော လူများ ဆူးလေဘုရားတွင် ရှိနေကြသေး၏။ ည ၁၁ နာရီခွဲတွင်မူ စစ်ကားများ မြို့တော်ခန်းမနောက်မှ အရှိန်ပြင်းစွာ မောင်းထွက်လာကြသည်။ ဘရင်းကယ်ရီယာများလည်း နောက်က လိုက်ပါလာသည်။ တပိုင်

တဖက်သို့ ⇔



ဒေါ်အောင်ဆန်းစုကြည်

အခုအချိန်မှာပဲ
တိုင်းပြည်အတွက်လုပ်နိုင်တဲ့ အခွင့်အရေးရတယ်။
ဒီအခွင့်အရေးကိုယူပါ။ မှန်မှန်ကန်ကန် လုပ်ကြပါ။
ဒီလိုလုပ်နိုင်တယ်ဆိုရင် ကိုယ့်တသက်တာမှာ
ပြန်ပြီးတော့ နောင်တရစရာ အကြောင်းမရှိပါဘူး။
ကိုယ့် သမိုင်းပေးတာဝန်ကို
ထမ်းဆောင်တဲ့သူများဟာ
အသက်သေရင်တောင်မှ သေပျော်ပါတယ်။
ဒီလို စိတ်ထားတွေ ထားပါ။
ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ရင်းနဲ့
အသက်စွန့်လွှတ်ရတယ်ဆိုတာ ဘာမှ နစ်နာစရာ
မဟုတ်ပါဘူး။ ဝမ်းနည်းစရာ မဟုတ်ပါဘူး။
အင်မတန်မှ ဂုဏ်ယူစရာကောင်းပါတယ်။

## သွေးဖြင့် တောင်းဆိုခြင်း

**ဖျာပုံနီလုံဦး**

လက်နက်နှင့် သွေး
စတေးပေးဆက်
သင်တို့အသက်သည်
ပြည်တွက်တော်လှန်ခဲ့သတည်း။

နှစ်ဆယ့်ခြောက်နှစ်
ဂုတ်သွေးညှစ်၍
နှံ့နစ်ခဲ့ရ
ပြည်သူ့ဘဝကို
အလင်းရောင်သစ်
ဒီမိုကရေစီခေတ်သို့
ကြွေးဟစ်တောင်းဆိုခဲ့သတည်း။

ဒီမိုကရေစီရေး
သွေးနှင့် တောင်း၏။
တပါတီစနစ်ဖျက်သိမ်းရေး
သွေးနှင့် တော်လှန်၏။

ကျောင်းသားနှင့် ပြည်သူ
ရဟန်းရှင်လူများ
စုစည်းအားကို
တားဆီးဘယ်သူ နိုင်အံ့နည်း။

(၈.၈.၈၈) နေ့
တိုက်ပွဲဟော့နော်
မမေ့စတမ်း
ပြည်သူပန်းတို့
လမ်းတဝက်မှာ
ကြွေခဲ့ပါလည်း
ဒို့မှာ အလေးပြုလျက်ပါ ...။
ဒို့မှာ ဂုဏ်ယူလျက်ပါ ...။

**ဖျာပုံနီလုံဦး**
(၁၉၊ ၉၊ ၈၈)

ပျံ့နှံ့သွားလေသည်။

ဘန်ကောက်မြို့မှ ဗုဒ္ဓစာပေလေ့လာသူ ပီတာကွန်းနဒ်သည် ရန်ကုန်မြို့တွင် ဆူးလေဘုရားလမ်းရှိ ဒဂုံဟိုတယ်တွင် တည်းခိုနေခဲ့သည်။ သူက မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကို အခုလို ပြောပြ၏။

"၉ နာရီမထိုးခင်လောက်မှာ ကျနော် ဟိုတယ်ဝရန်တာမှာ ရပ်နေတယ်။ ကျနော်တွေ့လိုက်ရတာက မျက်နှာဖုံးစွပ်ထားတဲ့ လူငယ်တချို့ စက်ဘီးကိုယ်စီနဲ့ လူသူမရှိတဲ့ လမ်းမကြီးပေါ်ဖြတ်သွားပြီး ပါးစပ်က မြန်မာလို တခုခုအော်သွားတယ်၊ ဆန္ဒပြသူတွေ ချီတက်လာကြတော့မယ်လို့ အော်သွားတာ ဖြစ်မယ်။ အဲဒီနောက် ကျောင်းသားတချို့ ရောက်လာကြပြီး စစ်သားတွေကို ဘေးနှစ်ဖက်ကနေ စည်း စာတမ်းတွေကို လွှင့်ထူရင်း ဆူးလေဘုရားလမ်းမှာရှိတဲ့ မီးရထားကုန်းကျော်တံတားကြီးကိုဖြတ်ပြီး မြို့လယ်ဘက်ကို ဦးတည်လာတာ တွေ့ရတယ်။ ထောင်ချီတဲ့ အဲဒီ လူအုပ်ကြီးဟာ လက်သီးလက်မောင်းတန်းပြီး အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံတွေကို အော်ဟစ်လာကြတယ်"

အေပီသတင်းဌာနက "ရဲသွေးရဲမာန်ဝံ့သော အောင်လံနီများအောက်တွင် ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံများကို ကိုင်ဆောင်၍ ချီတက်လာကြသော ကျောင်းသားလူငယ်များ၊ အမျိုးသမီးများ၊ ဘုန်းကြီးများ၊ ပြည်သူများသည် ဒီမိုကရေစီရရှိရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုတို့ကို တောင်းဆိုကြသည်"ဟု ရေးသားဖော်ပြခဲ့သည်။

ကျစ်ကျစ်လျစ်လျစ် စနစ်တကျစုစည်းထားတဲ့ လက်နက်မဲ့ ဆန္ဒပြသူတွေဟာ လက်သီးလက်မောင်းတန်း ဟစ်အော်ကြွေးကြော်ကြပြီး ရန်ကုန်မြို့ လမ်းမကြီးတခုမှာ ချီတက်လာကြတာကို ကျမ မြင်ခဲ့ရတယ်"

လူထုဆန္ဒပြပွဲများသည် ရန်ကုန်တမြို့တည်းမက နိုင်ငံတဝှမ်းလုံး ဖြစ်ပွားခဲ့၏။ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ပုသိမ်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ တောင်ကြီး၊ မြစ်ကြီးနားတို့တွင်လည်း ကြိတ်မှိတ်မျိုသိပ်ထားရသော မကျေနပ်ချက်များကို လမ်းမများပေါ်တွင် ပွင့်အံ ဟစ်ကြွေးကြသည်။

ရန်ကုန်မြို့လယ်တွင် စစ်တပ်က တုန့်ပြန်လှုပ်ရှားတာတခုကို



ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံတွင် ရဲရဲဝံ့ဝံ့ဆန္ဒပြနေကြသော ကျောင်းသားပြည်သူများ

Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မိုးကြိုး သတင်းစဉ် အမှတ် (၂၂)**

တည်းပင် ဆန္ဒပြသူများသည် အမျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။ ပစ္စတိုသံ နှစ်ချက်ကြားရအပြီး စက်သေနတ်သံတို့မှာ အမှောင်ထုအောက်ရှိ ဗန္ဓုလပန်းခြံဝန်းကျင် အဆောက်အဦများကြား ပဲ့တင်ထပ်သွားတော့သည်။

"လူတွေဟာ အော်ဟစ်ပြီး အိမ်များ၊ လမ်းကြားများထဲသို့ ကစဉ့်ကလျား ပြေးဝင်ပုန်းအောင်းကြသည်။ ရေမြောင်းများထဲသို့ အပြုံလိုက်ပစ်လှဲ၍လည်းကောင်း၊ နံရံများဘေးတွင် ဝပ်တွား၍လည်းကောင်း၊ အကာအကွယ်ယူကြသည်။ ထိုမှတဖန် ထိတ်လန့်စွာဖြင့် အစုလိုက်အပြုံလိုက် ထပြေးကြပြန်သည်" ဟု စက်မိုင်န်းက ဩဂုတ်လ ၁၁ ရက်နေ့ထုတ် နယူးယောက်တိုင်း သတင်းစာတွင် ဖော်ပြခဲ့သည်။

ရစ်ချက်စ်ဂေါ်လေးကလည်း ဖိုင်နယ်ရှယ်တိုင်း သတင်းစာ၌ ဤသို့ ရေးသားခဲ့သည်။

"မျက်မြင်သက်သေများ ပြောဆိုချက်အရ သံချပ်ကာကားများသည် ဆန္ဒပြသူ လူများထဲသို့ မောင်းလာပြီး အဆီးအတားမရှိ ပစ်ခတ်ကြသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ဤအချက်သည် အင်အားအနည်းငယ်ကိုသာ အသုံးပြုခဲ့သည်ဟူသော အစိုးရစကားကို စိန်ခေါ်နေကြောင်း၊ လမ်းမများတွင် လူအုပ်ကြီးသည် သေဆုံးသူအလောင်းများကို ထမ်းပိုးချီတက်နေကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း သတင်းပေးပို့အပ်ပါသည်"



ထိုညတွင် သေဆုံးသူ အရေအတွက်ကိုမူ မည်သူမျှ အတိအကျ မပြောနိုင်ပေ။

## ဩဂုတ်လ (၉) ရက်။

လူထုဆန္ဒပြပွဲများ တနိုင်ငံလုံးရှိ နေရာပေါင်း ၄၀ အထိ ပျံ့နှံ့သွားသည်။ ရန်ကုန်မြို့တွင် တပ်မ ၂၂ မှ တပ်ဖွဲ့များက ဆန္ဒပြသူများကို ပစ်ခတ်ကြသည်။ အစိုးရက ၅ ဦးသာ သေဆုံးခဲ့သည်ဟု ပြောဆိုသော်လည်း တခြားသတင်းရပ်ကွက်များ အဆိုအရ ရာပေါင်းများစွာ သေဆုံးခဲ့ရသည်ဟု သိရှိရသည်။ ထောင်ပေါင်းများစွာ အဖမ်းခံရသည်။ သို့သော် ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေသည်။ ကျောင်းများ အားလုံးပိတ်လိုက်သည်။ စစ်ကိုင်းမြို့တွင် ရဲနှင့် စစ်တပ်ကပစ်ခတ်၍ ဆန္ဒပြသူရာပေါင်းများစွာ သေဆုံးကြရသည်။

**ထိုညတွင် လမသာ။**
**ကြယ်ကြွေသွားသည်ကိုသာ မြင်လိုက်ကြရသည်။**
**အမှောင်ထုသည် ညအပေါ်သို့**
**တဖြည်းဖြည်းချင်း ပိကျလာနေသလိုလို ...**

## ဩဂုတ်လ (၁၀) ရက်။

ရန်ကုန်မြို့၌ ဘုရင့်ကယ်ရီယာများပေါ်မှ စစ်သားများ၏ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ အမြောက်အမြား သေဆုံးသွားကြရသည်။ ဆန္ဒပြသူများက စစ်သားများအား ဓါတ်ဆီဗုံး၊ ဂျင်ဂလိ၊ ဓားရှည်နှင့် လှံများအသုံးပြုကာ ပြန်လည်တိုက်ခိုက်ကြသည်။ ရန်ကုန်ဆေးရုံကြီး၌ စစ်တပ်က ဆေးရုံအမှုထမ်းများကို ပစ်ခတ်သည်။ မြောက်ဥက္ကလာပတွင် ဒေါသထွက်နေသော လူအုပ်ကြီးက ရဲသားတချို့အား ပထမဆုံးအကြိမ် ခေါင်းဖြတ် သတ်လိုက်ကြသည်။



## ဩဂုတ်လ (၁၁)ရက်။

အထွေထွေသပိတ်ကြောင့် အစိုးရယန္တရားများ ရပ်ဆိုင်းသွားသည်။ စစ်တပ်ဖွဲ့များ သွားလာမှုကို ဟန့်တားရန် တားဆီးပိတ်ဆို့မှုများ ချထားကြသည်။ ရန်ကုန်တမြို့တည်း၌ သေဆုံးခဲ့သော ဆန္ဒပြသူများ အနည်းဆုံး တထောင်ရှိမည်ဟု အနောက်တိုင်း သံတမန်များက ခန့်မှန်းကြသည်။ စစ်ကိုင်းမြို့ မြောက်ဖက်တွင် ရဲတပ်သားနှင့် စစ်သားများက ပစ်ခတ်၍ လူအနည်းဆုံး တရာသေဆုံးရသည်။ အမေရိကန် ဆီးနိတ်လွှတ်တော်က မဆလအစိုးရနှင့် မြန်မာပြည်မှ လူသတ်မှုများအား ရှုတ်ချသည့်အဆိုကို တညီတညွတ်တည်း အတည်ပြုလိုက်သည်။

"ဦးစိန်လွင်သည် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌရာထူးမှ လည်းကောင်း၊ နိုင်ငံတော်သမ္မတ ရာထူးမှ လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နုတ်ထွက်ခွင့်ပြုရန် တင်သွင်းခဲ့သည်။ ရာထူးမှနုတ်ထွက်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခန်း (၄)၏ စည်းမျဉ်းများအရ ဦးစိန်လွင်အား နိုင်ငံတော် ကောင်စီဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ နိုင်ငံတော် သမ္မတ ရာထူးမှလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ ယနေ့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့မှစ၍ နုတ်ထွက်ခွင့်ပြုလိုက်သည်"

မြန်မာ့အသံမှ အသံ အနိမ့်အမြင့် အတက်အကျမရှိ ကြေညာနေကြပုံစံအတိုင်း သတင်းဖတ်သူက ဖတ်ကြားသွားပြီး ချက်ခြင်းပင် အိမ်တိုင်းမှလူများ တဦးပြီးတဦးထွက်လာကြသည်။ အချင်းချင်း ဖက်လှဲတကင်းပြုကြ၏။ မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် ရယ်မောကြ၏။ တချို့က လမ်းမတွေပေါ် အစုန်အဆန် ကခုန်နေကြသည်။ အိမ်ရှင်မများက မီးဖိုချောင်ထဲမှ အိုးခွက်ပန်းကန်များတီးကာ အောင်ပွဲခံကြသည်။ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့သော သွေးပင်လယ်ထွန်းသည့် ရန်ကုန်မြို့၏ (၅)ရက်ကာလ အပြီး ညတည။

ထိုညတွင် လမသာ။ ကြယ်ကြွေသွားသည်ကိုသာ မြင်လိုက်ကြရသည်။ အမှောင်ထုသည် ညအပေါ်သို့ တဖြည်းဖြည်းချင်း ပိကျလာနေသလိုလို ....။ ။

**မောင်ကျောင်း**

**(ဘာတေးလစ်တနာ၏ ဒေါမာန်ဟုန် စာအုပ်မှ ကောက်နုတ်တင်ပြပါသည်)**



ရန်ကုန်တက္ကသိုလ်
ကျောင်းသားများသမဂ္ဂမှ
ထုတ်ဝေသော
(၂၅) နှစ်မြောက်
အိုးဝေမဂ္ဂဇင်းအတွက်
ဆရာကြီးသခင်ကိုယ်တော်မှိုင်း
ပေးပို့သော သဝဏ်လွှာမှ
ကောက်နုတ်ချက်

"မောင်တို့ကျောင်းသားများဟာ
အမျိုးသား အောင်ပွဲနေ့
အရေးတော်ပုံကစတင်ပြီး
နယ်ချဲ့ဆန့်ကျင်ရေး၊ လုံးဝလွတ်လပ်ရေး၊
အမျိုးသားစီးပွားရေး တည်ဆောက်ရေး၊
အမျိုးသားပညာရေးစနစ် ထူထောင်ရေး
တိုက်ပွဲများမှာ
အဆင့်ဆင့် ရှုပ်ရှုပ်ချွံချွံ ပါဝင်လာခဲ့ကြတဲ့
ကောင်းမြတ်လှတဲ့ ရာဇဝင်အစဉ်အလာကို
ထိန်းသိမ်းစွဲကိုင်ကြရင်း
တိုင်းပြည်နဲ့လူမျိုးအဖို့ အကျိုးရှိစေမယ့်
ပညာရေးစနစ်ကြီး ထွန်းကားလာရေးအတွက်
အစွမ်းကုန်ကြိုးစား ဆောင်ရွက်ကြလိမ့်မယ်လို့
ယုံကြည်မျှော်ကိုးရင်း ..."

**သခင်ကိုယ်တော်မှိုင်း**

# ကြယ်ကြွေမော်ကွန်း

ရဲဘော် ဝင်းကို
ရဲဘော် စိုးဝင်းသန်း
ရဲဘော် အောင်ကျော်စိုး
ရဲဘော် တူးနိုင်။

မှတ်မိနေတယ်
မင်းတို့နှင့်အတူ
သူးမွဲကလိုးဘေး
တဲကလေးတလုံး
ပြီးရင်းနားဆင်
ချောစုခင်ရဲ့
ရေခဲတုံး သီချင်း
ပဲဟင်းတခွက် ...။

မှတ်မိနေတယ်
ရှေ့တန်းနယ်မြေ
မသွားခင်လေး
ကျောင်းသားတပ်မတော်
အလံတော်ရှေ့
သစ္စာအဓိဋ္ဌာန်
သံပြိုင်ဟစ်ကြွေး။

မှတ်မိနေတယ်
အဲဒီနေ့က
ကြေးနန်း သတင်း
တိုက်ပွဲဝင်ရင်း
ကျဆုံးခဲ့ရ
မင်းတို့ မျက်နှာ။

ဆယ့်နှစ်ရက်
ဆယ့်တစ်လ
နှစ်ထောင်ခု
ရာစုသစ်
အမိနိုင်ငံတော်ရဲ့
သမိုင်းသစ် စာမျက်နှာပေါ်က
ရဲဘော်တို့ရဲ့
ရဲရင့်သော
သစ္စာနှင့်ယှဉ်သော
မြင့်မြတ်စွာကျဆုံးခြင်း
ငါတို့ ...
နှလုံးသွေးတို့ဖြင့်
ဦးညွှတ်ရေးထွင်းလိုက်ပါတယ်။

**ကမာပုလဲ**

တပ်မဟာ (၇)
အပေါင်းချောင်းများ တိုက်ပွဲသို့